www.burmeseclassic.com

Eainmakathit presents

# JOKER

# ဂျိုကာ

ပျော်စရာ ဝတ္ထု ကာတွန်း ၂

ရဝန

ပဥ္စမံနီရိုင်း

ဝေမှူးသွင်

ပြည့်ပိုင်မှူးအိမ်

တင်မြင့်ဦး

ဝိရယ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၀၀၈. ၈၇

ကလောင်စုံ

ဂျိုကာပျော်စရာ ဝတ္ထုစာစဉ်(၂) ကလောင်စုံ ။ - ရန်ကုန်၊ အိပ်မက်အသစ်စာပေ၊ ၂၀၀၉

၁၈၅ - စာ၊ ၁၃ × ၂၀ စင်တီ။

(၁) ဂျိုကာပျော်စရာ ဝတ္ထုစာစဉ်(၂)

# ဂျိုကာ

## ပျော်စရာ ဝတ္ထု စာစဉ် (၂)

ဇဝန
ပဥ္စမံဒီရိုင်း
ဝေမှူးသွင်
ပြည့်ပိုင်မှူးအိမ်
တင်မြင့်ဦး
ဝိဇယ

စီစဉ်သူ
လင်းတေဇအောင်

အယ်ဒီတာ
လူနေ၊ ဝိဇယ၊ မျိုးမင်းမြတ်

မျက်နှာဖုံး
ဝလုံး

အတွင်းသရုပ်ဖော်ပုံ
တိုကိုနိုင်၊ ဝလုံး၊ မျိုးမင်းမြတ်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၂၅၀၅၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၇၁၀၀၆၀၉

ထုတ်ဝေသူ
ဦးဝင်းသူရလွင်
(အိပ်မက်အသစ်စာပေ)
၃၈ (၃ လွှာ)၊ ၁၅၃-လမ်း၊ တာမွေမြို့နယ်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဦးလော်မြင့်ဝင်း
(ကာလာဝှန်ပုံနှိပ်တိုက်)
၁၈၄(ဘီ)၊ ၃၁ လမ်း (အထက်)၊
ပန်းဘဲတန်းမြို့နယ်။

ပုံနှိပ်ခြင်း
ပထမအကြိမ်
ဇူလိုင်လ၊ ၂၀၀၉ ခုနှစ်

အုပ်ရေ
၁၀၀၀

တန်ဖိုး
၁၀၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ကိုယ်မေးမိတာအပြစ်လားကွယ် (ပဥ္စမံဒီရိုင်း)

"ကောင်းကြသေးရဲ့လား၊ ဘောလုံးပွဲကြည့်လို့ ဒီလောက် မူးလဲတာတောင် သတိရတော့ မိန်းမကိုမမေးဘူး၊ အေစီမီလန် နိုင်လားလို့မေးတယ်။ သူ့ပထွေး ဂိုးသွင်းတာကိုမေးတယ်၊ ကောင်းကြသေးရဲ့လား. . . အရပ်ကတို့ရေ. . ."

## ကျောင်းသားဘဝ (ဇဝန)

မျက်နှာသစ်ပြီးလျှင် တို့ပတ်ပဝါလေးကို ဗီရိုထဲမှထုတ်၍ ဗီရိုပေါ်တွင်တင်ထားသော ပေါင်ဒါဘူးကိုယူ၍ ပဝါပေါ်သို့လှုပ်၍ထည့်ရာ ပေါင်ဒါတစ်မှုန့်မျှ မကျလာသောကြောင့် "တိုင်း. . . နင့်တစ်ခါလွှတ်၊ ငါ့ဆယ်ခါလွှတ်"ဟုဆိုလျက် ပေါင်ဒါဘူးခွံကို အပြင်ဘက်သို့ လွှတ်၍ပစ်လိုက်ပြီးလျှင် တို့ပတ်ပဝါတွင် ကပ်ရန်ကျန်ရစ်သေးသော သနပ်ခါးပေါင်ဒါမှုန့်များဖြင့် မျက်နှာပေါ်တွင် အတွင်တိုက်ရလေတော့၏။

## ရယ်စရာများနှင့်အချစ် (ဝေမျိုးသွင်)

ရယ်မောခြင်းသည် ဘာကြောင့်မှန်းမသိ လူကြိုက်များသည်။ ရယ်စရာအဖြစ်အပျက်တွေကို ရုပ်ရှင်ရိုက်လျှင် အောင်မြင်သည်။ ရယ်စရာအကြောင်းတွေကို ဝတ္ထုရေးလျှင် အောင်မြင်သည်။ လူရွှင်တော်များ၏ ရယ်စရာပြက်လုံးများနှင့် အငြိမ့်၊ ဟာသပဒေသာဆိုသည့် ရယ်စရာစာအုပ်များ၊ ရယ်စရာမဂ္ဂဇင်းစသည်ဖြင့် ရယ်မောရန်မျိုးစုံရှိသည်။ အခုဆိုလျှင် ရယ်စရာသီချင်းတွေပင်ရှိလာပြီ။

# မာတိကာ

## အချစ်ဆိုတဲ့အိမ်ကလေး (ဝိဇယ)

အောင်ချိန့်ထူးသော်တို့ နှစ်ကောင်သည်ကား အခန်းတစ်ခန်းတည်းတွင် အတူ ...၍နေလေသတတ်။ ပညာမတော ဥပမာပေးရသည်ရှိသော် ဖိနပ်ထည့်သည့်ဘူးထဲတွင် ...က်မညီသော ဖိနပ်တစ်ရန် အတူတူထည့်ထားဘိသကဲ့သို့ရှိ၏။ ဤဥပမာကို အဆိုး ...ဆိုသာ။ သူတို့ငှားရမ်းနေထိုင်ကြသော အခန်းမှာ ဖိနပ်ဘူးသာသာဟု ဆိုရလောက် အောင် ကျဉ်းမြောင်း လှသောကြောင့်ပေတည်း။

## အကြေးမကာင်းတဲ့နတ်မင်း (တင်မြင့်ဦး)

"ဟား. . . ဟား. . . အဖေနတ်ပြည်မှာ စံစားနေရတော့ ဝမ်းသာဘော့ဟေ့ ...သားလည်း အဖေ့ကို စံနမူနာထားပြီးလုပ်စား၊ အဲ. . . ကြိုးစား၊ သားဆီကို အဖေ မကြာ ...ကြာ လာခဲ့မယ်။ ပူဇော်ထိုက်သူကို ပူဇော်ဖို့ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ဖို့ မမေ့နဲ့၊ ဒါမှ အဖေ ခဏခဏလာနိုင်မှာ. . ."

"စိတ်ချပါအဖေ၊ အဖေလည်း ရောက်တာကြာပြီဆိုတော့ ပြန်ချင်ပြန်ပါတော့"

## အရှုံးအမြတ်နှင့်အဆုံးအဖြတ် (ပြည့်ပိုင်မျိုးအိမ်)

မကြီးဝယ်ပေးထားသည့် တော်တန်ရုံသူဌေးပင် မပတ်နိုင်သော သိန်းဆယ်နှင့်ချီသည့် ...င်နံ့စီထားသောနာရီကိုကြည့်ရင်း အိမ်မှထွက်ခဲ့ဖြစ်သည်။ အချိန်စောပေးသေးသော်လည်း အချိန်တိကျမှုကို နှစ်သက်သော မကြီးအလိုကျ ကြိုရောက်နေသည်ကို ပိုကောင်းသည်ကို ...ားအကောင်းစားကိုမောင်းရင်း တောက်ပစွာထွက်လာသော သူ့ကိုကြည့်ရင်း လမ်းထဲမှ ...ူအတော်များများ အတင်းအုပ်ရန် ခေါင်းချင်းဆိုင်ကုန်ကျသည်ကို သူမြင်နေရသည်။ အ...လုံးကို ဂရုမစိုက်စွာပင် "ဟာက်"ခနဲ သူရယ်မောဖြစ်သည်။

www.burmeseclassic.com




# ကိုယ်မေးမိတာ အပြစ်လားကွယ်

ပဒ္မမံဒီရိုင်း

ဂျူကာ

www.burmeseclassic.com

www.burmeseclassic.com






[ ၁ ]

"ဒိုလေး မပါလို့ပေါ့ကွာ၊ ဒိုလေးသာ ပါကြည့် သနားတယ်၊ ဒါပေမဲ့ မန်ယူကို လျှော့တွက်ရင်တော့ မှားမယ်"

"အာကြီးကဝဲလ်ကော့ကတော့ကွာ အွန်နရီလက်သစ်ပဲဟော့၊ ဒီအတိုင်းဆို အာဆင်ဝင်းဂါးကြီးရဲ့ အသင်းက ပရီးမီးယား့မှာ ပထမရသွား့နိုင်တယ်"

"စကိုလာရီရဲ့ ချဲလ်ဆီးကတော့ တကယ့်ရှယ်ပဲဟော့၊ အခုမှ ဘောလုံးပွဲရသစစ်စစ် ကြည့်ရတော့တယ်"

ဖိုးသကြား တော်တော်စိတ်ညစ်နေသည်။ လက်ဖက်ရည်ဆိုင်ထိုင်ထိုင်၊ ဘယ်နေရာသွားသွား ထိုစကားတွေကိုသာ ကြားနေရသဖြင့် လူတွေမှာ ဘောလုံးကိစ္စကလွဲပြီး အခြားကိစ္စတွေ စိတ်မဝင်စားတော့လေလားမသိပါ။

"ဖိုးသကြားရေ...အခုလို အိုင်တီခေတ်ကြီးမှာ ဘောလုံးပွဲတွေဟာ တကယ့်အပန်းဖြေစရာပဲဟော့၊ အင်္ဂလန်ကို မရောက်ဖူးတော့ ဘောလုံးကွင်းစိမ်းစိမ်းတွေကို ကြည့်ရင်း စိတ်ကူးနဲ့ ဘောလုံးပွဲကြည့်ရင်း အပန်းဖြေရတာ ဟန်ကျတယ်ဟော့"

ဂျိုကာ

www.burmeseclassic.com



ဖိုးသကြား၏သူငယ်ချင်း အောင်စိုးက လက်ထဲမှာ အားကစား ဂျာနယ်တစ်စောင်ကို ကိုင်ရင်းမှ လက်ဖက်ရည်ကိုသောက်ရင်း တက်တက်ကြွကြွပြောနေပါသည်။

"ဒီနေ့ခေတ်မှာ ခေတ်စားနေတဲ့ ဘောလုံးပွဲတွေကို မကြည့်ဖြစ်ရင်တော့ အဲဒီလူဟာ နိုင်ငံတကာကို ယဉ်ကျေးမှုအရ ဆန့်ကျင်တာနဲ့ တူနေတယ်ဟေ့"

အရေးထဲ ဘောလုံးပွဲဝါသနာမပါသော ဖိုးသကြားမှာ အောင်စိုး စကားကြောင့် ကိုယ့်ထမင်းကိုယ်စားပြီး နိုင်ငံတကာယဉ်ကျေးမှုကို ဆန့်ကျင်နေသူတစ်ဦးဖြစ်မှန်းမသိ ဖြစ်နေသလိုပင် ဖြစ်ပါသည်။

"မဆိုင်ပါဘူး အောင်စိုးရာ၊ ဘောလုံးပွဲ မကြည့်တာနဲ့ နိုင်ငံတကာကို ဆန့်ကျင်တာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဖိုးသကြားရဲ့၊ ဘောလုံးပွဲကို ဘောလုံးပွဲလို့ မြင်နေရင်တော့ တစ်မျိုးပေါ့။ ဘောလုံးပွဲဟာ အခုအခါမှာတော့ နိုင်ငံတကာရဲ့ စီးပွားရေးကြော်ငြာတွေ၊ ငြိမ်းချမ်းရေးတွေ၊ လူမှုရေးဆောင်ရွက်ချက်တွေအားလုံးနဲ့ ပတ်သက်နေပြီ။ ပြီးတော့ ဘောလုံးပွဲတွေက ဦးနှောက်ကို အသုံးချကောင်းရင် ဈေးဖိုးတို့ ဘာတို့ရတယ်။ အဲ...လုပ်ကွက်ကောင်းရင် သူဌေးတွေ ဘာတွေတောင်ဖြစ်တယ် ဖိုးသကြားရဲ့"

"ဘယ်လိုသူဌေးဖြစ်တာလဲ အောင်စိုးရဲ့၊ ငါမရှင်းဘူး"

"ဒီလိုကွာ x x x x x x x ကဲ...ရှင်းပြီလား"

"ငါ...နားမလည်ပါဘူးကွာ"

အောင်စိုးက ဖိုးသကြား နားမလည်သော ဘောလုံးဈေးကွက်စီးပွားရေး ဘောဂဗေဒအကြောင်းကို ဆရာက တပည့်တစ်ဦးကို ရှင်းပြနေသလိုမျိုး ရှင်းပြပါသည်။ ဖိုးသကြားခမျာတော့ နားထောင်ရင်း ရွာလည်နေသလိုမျိုး ဖြစ်နေပါသည်။

"အေး...ပထမဦးဆုံး နားလည်အောင် ဘောလုံးပွဲတွေ အရင်ဆုံး စကြည့်၊ နောက်...မင်းသိလာလိမ့်မယ်"

အောင်စိုးက ဘာမှမပြောတော့ဘဲ ကျန်နေသည့် လက်ဖက်ရည်ကိုသာ မော့သောက်နေမိပါသည်။ အောင်စိုးပြောသည့်စကားကို ရေနွေးသောင်မသောက်တော့ဘဲ အစဉ်းစားကြီး စဉ်းစားနေသူကတော့ ဖိုးသကြားပင် ဖြစ်ပါသည်။

[ ၂ ]

ဖိုးသကြား တစ်ရက် နှစ်ရက်အတွင်း အိမ်အလုပ်တွေတောင် မလုပ်နိုင်အားဘဲ အားကစားဂျာနယ်တွေနှင့် အလုပ်ရှုပ်နေသဖြင့် ဇနီးဖြစ်သူ မအေးမြကပင် ... ယ်လိုတွေဖြစ်နေသလဲလို့ အံ့အားသင့်နေမိပါသည်။

လက်ဖက်ရည်ဆိုင်လည်းမထိုင်၊ နောက်ဆုံး သားဖြစ်သူကိုတောင် မချော့မြူအားဘဲ အားကစားဂျာနယ်တွေကိုဖတ်လိုက် စာအုပ်ထဲကူးလိုက်နှင့် အလုပ်ရှုပ်နေသဖြင့် နည်းနည်းတော့ မေးမြန်းမှဖြစ်ဦးမည်ဆိုပြီး ဖိုးသကြား အားကစားဂျာနယ်ဖတ်နေသော အိမ်ပေါ်တဲပ် ဝရန်တာရှိရာသို့ လာခဲ့သည်။

"ကိုဖိုးသကြား ဒီတစ်ရက် နှစ်ရက်အတော ... ှင်း ဘာမှ မလုပ်ဘဲ ဒီအားကစားဂျာနယ်တွေကို ဖတ်ပြီး ဘာ ... ှုပ် ရှုပ်နေတာလဲ၊ ဘောလုံးပွဲလည်း ရှင်စိတ်ဝင်စားတ ... လ ...







www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ဘဲနဲ့"

"ဟိုတုန်းကတော့ ဟုတ်ချင်ဟုတ်မယ်၊ အခု ငါ့အတွေး အခေါ်တွေ နည်းနည်းပြောင်းသွားပြီဟ။ ဘောလုံးပွဲတွေကို ငါကြည့်တော့မယ်၊ ဒီလိုကြည့်ခြင်းအားဖြင့် နိုင်ငံတကာ ယဉ်ကျေးမှုကို မြှင့်တင်ပေးရာရောက်မယ်၊ နောက်ပြီး သူများ မန်ယူ၊ အ-ဆင်နယ်၊ ချဲလ်ဆီးဆို ကိုယ်ကလည်း ဒါမျိုးဖြစ် နေမှ၊ နို့မို့ ခေတ်မမီဘဲနေဦးမယ်။ တော်သေးတာပေါ့ဟာ အရင်တုန်းက ဒေးဗစ်ဘက်ခမ်းပဲသိတာ၊ အခုတော့ ရော်နယ်ဒို လေးတို့၊ ရွှန်းနီတို့၊ ဂျရတ်တို့နဲ့ ဟုတ်နေပြီပေ့"

မအေးမြက ခင်ပွန်းဖြစ်သူ ဖိုးသကြားကို နားမလည်သလို ကြည့်လိုက်သည်။ သူ့အကြည့်က သူ့ယောကျ်ား ဘယ်လိုစိတ်ကူးတွေပေါက် သွားပြီလေလဲလို့။ ပြီးတော့ ဘယ်သူကများ မြှောက်ပေးလိုက်သလဲလို့။

"ရှင်...ပြောတာတွေက ပိုက်ဆံမရဘူး၊ ကိုယ့်အိမ်စီးပွား ရေး ကိုယ်လုပ်မှ ပိုက်ဆံရမှာ။ အလုပ်သမားတွေချည်းပဲ ပစ်မထားနဲ့ဦးလေ"

"ငါသိပါတယ် အေးမြရယ်၊ ဒီမှာ ဒီဘောလုံးပွဲတွေက ကိုယ့်လေ့လာမှုအားကောင်းရင် ကောင်းသလို၊ ဆုံးဖြတ်ချက် ကောင်းရင် ကောင်းသလို အိမ်ဈေးဖိုးကအစ အခုနေတဲ့ တိုက် ကနေ နောက်ထပ် ကားတွေဘာတွေတောင် ဝယ်နိုင်ဦးမှာပေ့၊ အိမ်မှာတောင် ဖိုက်မူဗီတို့ စလောင်းတို့တပ်ရင် ကောင်းမလား စဉ်းစားနေတာ၊ ဘောလုံးပွဲတွေ လက်ဖက်ရည်ဆိုင်မှာ သွား မကြည့်ရတော့ဘူးပေါ့"





ဖိုးသကြားစကားကို နားထောင်နေသည့် မအေးမြတစ်ယောက် သူ့မ အိမ်မှာ ဘောလုံးပွဲလာကြည့်နေသော လမ်းထဲကလူများ၊ ကလေးများ၊ ဖိုးသကြား၏မိတ်ဆွေများ၊ စကားသံများ၊ ငြင်းခုံသံများ၊ ကွမ်းတံတွေးများ၊ ဆေးလိပ်ပြာများကို သူမမျက်ဝန်းထဲမှာ ကြိုတင်မြင်ယောင်လို့နေမိသည်။

"ဘာစလောင်း...ဘာမူဗီဖိုက်မှ အိမ်မှာမတပ်နဲ့၊ ဘောလုံး ပွဲ ကြည့်ချင်ရင် လက်ဖက်ရည်ဆိုင်မှာသွားကြည့်၊ အိမ်ရှုပ် တယ်"

နောက်ဆုံး မအေးမြက ဗီဒိုအာဏာသုံးပြီး ပယ်ချလိုက်ပါသည်။

"အေးမြပြောတာ ဟုတ်တော့ဟုတ်တယ်၊ ဘောလုံးပွဲ ကြည့်တာက တစ်ယောက်တည်းကြည့်ရင် တော်တော်ပျင်းဖို့ ကောင်းမှာ၊ ဒီတော့ လူများများနဲ့ အပြင်မှာကြည့်ပြီး အော်ရ တာ ပိုကောင်းမယ်၊ ဒါဆို အေးမြတို့ အိပ်ရေးမပျက်တော့ ဘူးပေါ့ဟာ"

ဖိုးသကြားစကားအဆုံး မအေးမြက မျက်စောင်းထိုးပြီး ထွက်သွား ပါသည်။ ဖိုးသကြား ( )တော့ မအေးမြ၏စကားကို ဂရုစိုက်တော်မမူအားဘဲ ဖတ်လက်စ အားကစားဂျာနယ်ကို ဆက်ဖတ်နေပါတော့သည်။

[ ၃ ]

သည်ည ရှစ်နာရီခွဲမှာ ဘောလုံးပွဲတွေ တော်တေ [illegible]များများရှိသည်ကို အားကစားဂျာနယ်ထဲမှာ ဖိုးသကြား ဖတ်ပြီးခဲ့သဖြင့် ( ) ဒွက်လမ်းထိပ်က လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့သည်။

ရပ်ကွက်လက်ဖက်ရည်ဆိုင်သို့ ရောက်သောအခါ [illegible]က်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



သောက်ရင်း ဘောလုံးပွဲကြည့်ဖို့ စောင့်ဆိုင်းသူတွေ အတော်များများ ရှိနေသည်။

"ဟာ...ဖိုးသကြား မလာစဖူး အလာထူးပြီး ရောက်လာပါလားဟေ့"

ဆိုင်ရှင်ကိုခင်မောင်လင်းက ကောင်တာခုံကနေ ထိုင်ရင်းမှ လှမ်းပြောပါသည်။

"ဘောလုံးပွဲတွေကို ကြည့်တော့မယ်ဗျို့၊ အောင်စိုးက မြှောက်ပေးသွားတာလေ၊ ဒီည ပရီးမီးယားလိဂ်ပွဲတွေက နည်းတာမဟုတ်ဘူး"

"ဖိုးသကြားရေ...ဒီည အင်္ဂလန် ပရီးမီးယားလိဂ်ပွဲတွေ မရှိဘူး၊ အီတလီစီးရီးအေပွဲတွေချည်းပဲ၊ အေစီမီလန်နဲ့ လာဇီယို ပွဲကို တိုက်ရိုက်လွှင့်မှာ"

"ကိုခင်မောင်လင်းကလည်း ဂျာနယ်ထဲမှာ ဒီည အင်္ဂလန် ပွဲတွေ ရေးထားတာပါ..."

"မဟုတ်ဘူး ဖိုးသကြားရဲ့၊ မင်းဂျာနယ်မှာ ပွဲစဉ်ဇယား ကြည့်တာ ရက်မှားနေပြီထင်တယ်"

"ဟုတ်လား...ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ စာလုံးလေးတွေက သေးသေးလေးတွေနဲ့ ရေးထားတာဆိုတော့ အဖတ်မှားသွားတာပဲဖြစ်မယ်ဗျို့"

ဖိုးသကြား လက်ဖက်ရည်မှာသောက်ရင်း စဉ်းစားနေမိသည်။ ကြည့်မျက်မှန်တစ်လက်တော့ လုပ်ရဦးမည်ဟု...။

"ဖိုးသကြား...အေစီမီလန်နဲ့ လာဇီယို ဘယ်အသင်း





ကြိုက်သလဲ"

လက်ဖက်ရည်သောက်နေတုန်း ဘေးနားရှိ စျေးထဲမှာ ကြက်ဥရောင်းသော ကိုသံချောင်းက ဖိုးသကြားအား လှမ်းမေးပါသည်။

"ဒီညတော့ အေစီစားမှာပဲ၊ နိုင်ပွဲ ပျောက်နေတော့ အပီကန်မှာပဲဗျို့"

ကိုသံချောင်းက သူ့ထင်မြင်ချက်ကိုသူပြောနေပါသည်။ ဖိုးသကြားကတော့ တစ်ခါဖူးမှ အီတလီစီးရီးအေကော ပရီးမီးယားလိဂ်ပွဲတွေပါ ကြည့်ဖူးသဖြင့် ဘာမှမပြောဘဲ ခပ်ဆိတ်ဆိတ်နေပါသည်။

မနေလို့ကလည်း မဖြစ်ပါ။ ကိုယ်ကပြောချင်တာ စွတ်ပြောနေလျှင် ကိုယ့်ကို ဘောလုံးပွဲမကြည့်ဖူးဟု တင်မှာစိုးသဖြင့် သိက္ခာတော့ အကျခံနိုင်ဟု ဖိုးသကြား ဆုံးဖြတ်လိုက်ပါသည်။

* * *

ဘောလုံးပွဲက စကန်တော့မည်ဖြစ်သည်။ နှစ်ဖက်သော ဘောလုံးသမားတွေက ကွင်းထဲမှာ နေရာယူထားပြီဖြစ်သည်။

သည်မှာပဲ ဖိုးသကြားအနီးနားရှိ ကိုသံချောင်းက တစ်စခန်းထလာပြန်ပါသည်။

"ဖိုးသကြား...ဒဲပေါက်တစ်ထုပ်ကြေး၊ အေစီကနေ သရေအရှုံးပေးတယ်"

ဘောလုံးပွဲကြည့်နေသူအားလုံးက ကိုသံချောင်း၏ ကျယ်ကျယ်လောင်လောင် အသံကြောင့် ကိုသံချောင်းအား လှမ်းကြည့်ရုံမက ဖိုးသကြားကိုလည်း ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြားက ဒံပေါက်တစ်ထုပ်စာလောက်နှင့်တော့ ကိုယ့်သိက္ခာ ကိုယ်အကျမခံနိုင်။ နည်းနည်းတော့ ဖိုးသကြားက ဘာလဲဆိုတာတော့ ပြရတော့မည်လို့။

"ဒီမှာကိုသံချောင်း... ဘောလုံးတစ်သင်းမှာ လူဘယ်နှစ်ယောက် ဘောလုံးကန်သလဲ"

"ဖိုးသကြားရာ မေးစရာလိုလား၊ တစ်သင်းမှာ ဆယ့်တစ်ယောက် ကစားတာပဲ၊ ဒါများကွာ..."

"ဒါဆိုရင် စိန့်လိုက်၊ ခင်ဗျားအသင်းလည်း ခြေထောက်နှစ်ဆယ့်နှစ်ချောင်း၊ ကိုယ့်အသင်းလည်း ခြေထောက် နှစ်ဆယ့်နှစ်ချောင်း၊ ဘာဖြစ်လဲ...ဒီဘောလုံးတစ်လုံးကို လုပြီး ဝိုင်းကန်ကြတာ အိုကေရတယ်၊ သရေတွေဘာတွေ လုပ်မနေနဲ့၊ အကြောမပေးဘဲချမယ်၊ ဘယ်သူမှ ခြေထောက်အပိုပါတာ မဟုတ်ဘူး"

"ကြိုက်ပြီ...ဖိုးသကြားရေ...အိုကေ!"

ကိုသံချောင်းက ဖိုးသကြားစကားကို နားထောင်ပြီး အားရဝမ်းသာ ပြုံးရင်းက ပြောလိုက်ပါသည်။

ကျန်သည့်သူတွေကလည်း ဖိုးသကြားစကားကြောင့် ဖိုးသကြားကို ကြည့်ပြီး ပြုံးရင်းက သံပရာသီးလေလား သတ်မှတ်နေကြပါသည်။

ဒါကို ဖိုးသကြားက လုံးဝမသိ။ သူ့အကြည့်တွေကို တီဗွီဖန်သားပြင်ဆီသို့သာ အာရုံစိုက်လိုက်ပါသည်။

* * *





ဘောလုံးပွဲပြီးတော့ အေစီမီလန်အသင်းက လာဇီယိုအသင်းကို ဂိုးပြတ်နိုင်ပါသည်။

"ဘယ်လိုလဲ ဖိုးသကြားရဲ့၊ ခြေထောက်နှစ်ဆယ့်နှစ်ချောင်းချင်းကန်တာ ဘယ်သူက ခြေထောက်အပိုပါသလဲဆိုတာ အခုတွေ့ပြီလား။ နက်ဖြန် ဒံပေါက်တစ်ထုပ်ကျွေးဖို့ ပြင်ပေတော့"

ကိုသံချောင်းက အောင်မြင်ဝင့်ကြွားသောလေသံမျိုးဖြင့် ဖိုးသကြားအား ကလိပါသည်။

"ကိုဖိုးသကြားရာ ကိုဖိုးသကြားက အချဉ်ကျနေတာပဲ၊ ဘာဖြစ်လို့ ဒယ်ဒယ်ချင်း လုပ်ရတာလဲ။ အေစီမီလန်အိမ်ကွင်းပဲဟာ၊ ဒီလိုပုံစံမျိုး ကိုဖိုးသကြားလောင်းလို့က စီးပွားတောင်ပျက်ဦးမယ်"

ဖိုးသကြားနှင့်သိသော လူငယ်လေးတစ်ဦးက အားမလိုအားမရဖြစ်ရင်းက ပြောပြန်ပါသည်။

"သိပါဘူးကွာ၊ ငါက ဘောလုံးပွဲ အခုမှကြည့်ဖူးတာဆိုတော့ အင်္ဂလန်ပွဲတွေမှတ်လို့၊ အီတလီပွဲတွေဖြစ်နေတယ်၊ ငါ့ကို ဘောလုံးပွဲကြည့်ဖို့ တိုက်တွန်းဟဲ့ အောင်စိုးကိုလည်း ရှာမတွေ့ဘူး။ နေနှင့်ဦးပေါ့ကွာ၊ တစ်နေ့ ငါ့နေ့ဖြစ်ရမယ်"

ဖိုးသကြားက ကြိမ်းဝါးလိုက်ရင်းမှ လက်ဖက်ရည်ဖိုးရှင်းပေးပြီး အိမ်ပြန်လာခဲ့ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရောက်တော့ မအေးမြနှင့် ကလေးက အိပ်နေလို့ ဖိုးသကြား တစ်ယောက် ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း နောက်တစ်ခါ ဘောလုံးပွဲကြည့်မိလို့ကတော့ ဒါမျိုးကို သနားတောင်သနားဦးမည်လို့။

ငွေကုန်ချင်သလောက်ကုန်ပလေ့စေ။ ဘောလုံးပွဲနှင့် ပတ်သက်လို့ကတော့ ကိုယ့်သိက္ခာမကျဘဲ သိက္ခာတက်ဖို့ မသိတာတွေကို သိအောင် လုပ်ဦးမည်ဟု 'တောက်'ခေါက်လိုက်ပါသည်။

"ကိုဖိုးသကြား...ဘယ်လိုဖြစ်လို့ 'တောက်'ခေါက်တာလဲ၊ ကျွန်မကို ရှင် ဘာမကျေမနပ်ဖြစ်လို့လဲ ပြောစမ်းပါဦး"

အရေးထဲ မအေးမြက ဖိုးသကြား 'တောက်'ခေါက်သံကြားပြီး ဘယ်လိုလုပ် အိပ်ရာက လန့်နိုးလာသလဲမသိ။ ခြင်ထောင်က ထွက်လာပြီး ရန်တွေ့ပါတော့သည်။

"အေးမြရာ...နင့်ကို ရန်တွေ့ဖို့ နေနေသာသာ ဒီဘောလုံးပွဲတွေနဲ့ ပတ်သက်လို့ မကျေနပ်လို့ ခံပြင်းပြီး 'တောက်' ခေါက်တာပေါ့၊ ကဲ...ပြန်အိပ်တော့"

"ရှင့်မလဲ အခုမှ ဘယ်လိုဖြစ်ပြီး ဘောလုံးရောဂါ ထလာရသလဲမသိဘူး...ဟင်း!!!"

မအေးမြက မျက်စောင်းထိုး ဗျစ်တောက်ဗျစ်တောက်လုပ်ရင်း ခြင်ထောင်ကို မ,ကာ ခြင်ထောင်ထဲဝင်သွားပါသည်။

ဖိုးသကြားကတော့ ပက်လက်ကုလားထိုင်မှာ ထိုင်ရင်း သူလေ့လာခဲ့သော အားကစားဂျာနယ်တွေထဲမှ ဘောလုံးအသင်းအကြောင်းတွေကို စဉ်းစားရင်း ပက်လက်ကုလားထိုင်မှာထိုင်ရင်း အိပ်ပျော်သွားပါသည်။

ခြင်တွေကိုက်တော့မှပဲ ကိုယ့်အဖြစ်ကိုယ် သတိရပြီး ခြင်ထောင်ထဲ





ဝင်ကာ ချစ်လှစွာသောသား၏ဘေးနားမှာ ဝင်အိပ်လိုက်ပါသည်။

* * *

ဖိုးသကြားတို့များ အိပ်ရင်းက မန်ချက်စတာယူနိုက်တက်အသင်းမှာ ရှေ့တန်းတိုက်စစ်မှူးဖြစ်ရင်းက တစ်ဖက်အသင်းကို ဂိုးတွေသွင်းတာကို အိပ်မက်က မက်နေပါသေးသည်။

ဘေးနားက သားဖြစ်သူ ငိုသံကြားမှပဲ နိုးလာရင်းက မအေးမြကို နိုးရပါတော့သည်။

ဖိုးသကြားမှာ အိပ်မက်လေးကို ပြန်မမက်လို့ လွမ်းနေမိရင်းက ဘယ်အချိန် အိပ်ပျော်သွားသလဲမသိ၊ မိုးလင်းမှ နိုးပါတော့သည်။

[ ၄ ]

မနက်ခင်းဆိုသည်မှာ ယခုရက်တွေမှာတော့ ဖိုးသကြားအဖို့ မင်္ဂလာရှိလို့နေပါသည်။ အိပ်ရာကထ မျက်နှာသစ် သွားတိုက်ပြီး လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း နေ့စဉ်ထွက်ရှိနေသော အားကစားဂျာနယ်ကို ဖတ်ပြီး လက်ဖက်ရည်သောက်ရကာလောက် စည်းစိမ်မရှိဟု ထင်နေမိပါသည်။

ဖိုးသကြား ပဉ်းစားမိပါသည်။ ကုဋေရှစ်ဆယ် သူဌေးသားသာ ဖြစ်မည်ဆိုလည်း နေ့စဉ်ထုတ် အားကစားဂျာနယ်တွေ ဝယ်ရလွန်းလို့ ခွဲမှာသေချာသည်ဟု။

"ဖိုးသကြား နေ့တိုင်း အားကစားဂျာနယ်တွေ ဝယ်လှချည်လား"

ဤသို့အမေးခံရတိုင်း ဖိုးသကြားက ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတတ်ပါသည်။

“ဒါကတော့ နေ့စဉ်ထွက်ပေါ်နေတဲ့ အားကစားလောက က သတင်းတွေကို သိရကာလေ။ တကယ်တော့ ကမ္ဘာကြီးနဲ့ မျက်ခြည်မပြတ်တော့ဘူးပေါ့၊ ပွဲစဉ်အနိုင်အရှုံးတွေ၊ ကစား သမားအပြောင်းအရွှေ့တွေ၊ ကစားသမားတွေရဲ့ ကွင်းပြင်က အကြောင်းတွေ၊ ပြီးတော့ ကိုယ့်ခန့်မှန်းမှုတွေ အစုံပေါ့ဗျာ။ တစ်နည်းပြောရရင်တော့ နိုင်ငံတကာယဉ်ကျေးမှုကို ကိုယ်စား ပြုတာပေါ့ဗျာ”

“အမယ်လေးကွာ...မင်းနဲ့ ကြီးကြီးကျယ်ကျယ်နဲ့ ဟိုက ဘောလုံးသမားတွေ၊ ဘောလုံးပွဲအကြောင်းတွေရေးတဲ့သူတွေ ကတောင် မင်းလောက် ဋီကာဖွင့်မှာမဟုတ်ဘူး”

ထိုသို့ပြောလာသည့်အခါ မင်းမှာတော့ ဖိုးသကြားက ထိုလူကို ရှုကြည့် ကြည့်ပြီး ပြောလေ့ပြောထရှိသောစကား ရှိပါသည်။

“ဘောလုံးပွဲဆိုတာ အနာဂတ် ဘာမှမသိလို့ကြည့်တာ၊ ဘုရားသခင်က ဘောလုံးပွဲတစ်ပွဲရဲ့ အနာဂတ်ကို ကြိုတင်ပြီး မဖန်ဆင်းပေးခဲ့ဘူးဗျ၊ သိရဲ့လား”

ထိုအခါမျိုးမှာတော့ ဖိုးသကြားနှင့် စကားပြောသူခမျာ ဖိုးသကြားကို နားမလည်နိုင်သလိုကြည့်ရင်းက ထွက်ခွာသွားတတ်ပါသည်။

ဖိုးသကြားကတော့ သူ့စကားနှင့်သူ ကျေနပ်နေပါသည်။

“ဒီညတော့ သရဲနီတွေနဲ့ ကြိုးကြာနီတွေရဲ့ တိုက်ပွဲက တော့ ကြမ်းပြီဗျ။ အန်းလ်ဖီးနဲ့ စစ်မြေပြင်မှာ ဘယ်သူတွေ ကျဆုံးပြီး ဘယ်သူတွေ အောင်ပွဲခံမလဲမသိဘူး၊ သေချာတာက





အန့်လ်ဖီးဟာ သရဲနီတို့ရဲ့ အောင်မြေမဟုတ်ဘူးလို့ ပြောရမှာပဲ”

မထင်မှတ်ဘဲ လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြားတစ်ယောက် လမ်းထဲ က လူငယ်လေးတစ်ဦး၏ စကားသံကြောင့် စိတ်ဝင်စားသွားပါသည်။ တစ်ခါဖူးမှ သည်လိုစကားလုံး သုံးစွဲပုံမျိုး မကြားဖူးလို့ ဖြစ်ပါသည်။

“ညီလေး...မင်းစကားတွေက ဆန်းလှချည်လား...”

“ဟာ... ကိုဖိုးသကြားကလည်း ဒါက ဒီနေ့ဘောလုံး အကြောင်းရေးတဲ့ ဆောင်းပါးသမားတွေ ပြောလေ့ရေးလေ့ရှိတဲ့ စကားပါ၊ မဆန်းပါဘူးကိုဖိုးသကြားရဲ့၊ ဒါက မော်ဒန်စတိုင် လို့လည်း ပြောလို့ရတာပေါ့”

“အေး...ညီလေးရဲ့စကားက လန်းလို့ပါကွာ၊ ဘာကို ပြောတာလဲ”

“အစ်ကိုရာ ဒါက မန်ယူက သရဲနီလေ၊ လီဗာပူးက ကြိုးကြာနီလေ၊ လီဗာပူးနဲ့ အန်းဖီးကွင်းမှာ ကန်မှာကိုပြောတာ၊ အစ်ကိုပေါက်လိုက်စမ်းပါ”

“အစ်ကို ညီလေးတို့ပြောသလို ပေါက်ချင်ပါတယ်ကွာ၊ မပြောတတ်လို့”

ဖိုးသကြားက လူငယ်လေးအား အားကိုးတကြီးဖြင့် ကြည့်လိုက်ပါ သည်။

“ဘာခက်လဲ အစ်ကိုရာ၊ အစ်ကိုအားကစားဂျာနယ်တွေ ဝယ်တယ် မဟုတ်လား၊ သူတို့ရဲ့အသင်း သင်္ကေတရယ်၊ ဘောလုံးကွင်းတွေရယ်...ဘောလုံးသမားနည်းပြနာမည်တွေ ရယ်၊ ပြီးတော့ အသင်းတွေတည်ရှိတဲ့ မြို့တွေရယ်သိရင် ပြော



www.burmeseclassic.com

www.burmeseclassic.com



လို့ရပါတယ်။ အဲဒီလိုပြောရင် အရသာရှိတယ် အစ်ကိုရ။ ပြောနေကျအတိုင်း ဆိုရိုးရှိတယ်"

"ဒါပေါ့ ညီလေးရာ...အစ်ကို အတတ်နိုင်ဆုံး ကြိုးစားပြီး လေ့လာမယ်၊ ပြောကြည့်မယ်"

"ဘောလုံးစစ်မျက်နှာမှာ သေချာတာက အစ်ကိုဟာ မကြာခင်မှာ သူ့ရဲ့ကောင်းမှတ်တမ်းဝင်မယ့် ပွဲကြည့်ပရိသတ် တစ်ဦး ဘာလို့မဖြစ်လာရမှာလဲ ပရိသတ်ဆိုတာ ဘောလုံး ကစားသမားတွေရဲ့ ဂေါ့ဖားသားပါပဲဗျာ"

"ဟော့...ဟုတ်လား...ညီလေးပြောမှပဲ ကိုယ်က သိပ်ကြီး ကျယ်သွားမှန်း သိရတော့တယ်ဟော့၊ ကဲ...အစ်ကိုက လက်ဖက် ရည်တိုက်မယ်"

လူငယ်လေးစကားကြောင့် အကျေနပ်ကြီး ကျေနပ်သွားသဖြင့် ဖိုးသကြားက ထိုလူငယ်လေးအား လက်ဖက်ရည် ဒကာခံပါသည်။

✳ ✳ ✳

ဘာပြောကောင်းမလဲ။ ဖိုးသကြားတစ်ယောက် ထိုနေ့ နေ့လယ်ခင်း အချိန်ကျမှ စတင်၍ လူငယ်လေးပြောသည့်အတိုင်း ယခင့်ယခင်က ထက်ကို ပိုမိုပြီး အားကစားဂျာနယ်တွေကို အသေအချာဖတ်ကာ ထမင်းမစား ဟင်းမစားအားဘဲ အာဂုံဆောင်နိုင်အောင် ပါးစပ်ကနေတောင် ရွတ်ဆိုပါသေးသည်။

"ကိုဖိုးသကြားရယ်...ရှင်လေ အခုလိုမျိုး မနားမနေ အား ကစားဂျာနယ်ကို ဖတ်လိုက် စာကျက်သလိုလုပ်လိုက်နဲ့ လုပ်နေ





တာ ကျောင်းစာကိုသာ ကြိုးစားမယ်ဆိုရင် ရှင်ပါရဂူဘွဲ့တွေ၊ ဒေါက်တာဘွဲ့တွေကို ထပ်နေမှာပဲသိလား"

ဇနီးဖြစ်သူ မအေးမြက ရွဲ့ပြောတာကိုပင် ဖိုးသကြားက ပြန်မပြောအားဘဲ ဖိုးသကြားခမျာ နှုတ်ကနေ ရွတ်ဆိုနေကာတွေ မမေ့စေဖို့ အကြိမ်ကြိမ် အဖန်ဖန် ရွတ်ဆိုနေမိပါတော့သည်။

[ ၅ ]

"လာမယ့် ဟိမ်ပြာပြာဆန်းဒေးကတော့ စတန်းဖို့ဒ်ဘရစ် မှာ ရှင်ခုန်နှင်းဆီ ဇာတ်လမ်းစပြီ။ သူ့ရဲ့နီတွေနဲ့ အပြာရောင် ချပ်ဆီးတပ်သားတွေရဲ့ ပြိုင်ဆိုင်မှုကတော့ ဆမ်ဘာဘရာဟီး နည်းပြနဲ့ စကော့တလန် ကပ်စေးနဲ့နည်းပြ ဖာဂူဆန်တို့ရဲ့ စီမံခန့်ခွဲမှု ဘယ်သူလက်ဦးမှုရသွားမလဲဆိုတာ ကြည့်ရမယ့် ပွဲကောင်းတစ်ပွဲပဲ"

လက်ဖက်ရည်ဆိုင်မှာ ဖိုးသကြားတစ်ယောက် ယခုလိုစကားလုံး တွေကို ပြောလိုက်သဖြင့် တော်တော်ကျေနပ်သွားပါသည်။

"ဖိုးသကြားရာ ဘယ်လိုဖြစ်သွားတာလဲ၊ မန်ယူအသင်းနဲ့ ချဲလ်ဆီးအသင်း ကစားမယ့်ပွဲလို့ပြောရင် ပြီးတဲ့ဟာကွာ"

ဖိုးသကြားအား ဘောလုံးပွဲတွေကြည့်ဖို့ အားပေးခဲ့သော အောင်စိုး ကတောင် ဖိုးသကြားထံမှ မထင်မှတ်သော စကား အသစ်အဆန်းတွေ ကြားရသဖြင့် စိတ်ပျက်သည့်လေသံမျိုးဖြင့် ပြော ်ပါသည်။

"ဘောလုံးပွဲဆိုတာ အရသာခံပြောမှ ကောင်း ...။ အားကစားဂျာနယ်တွေထဲမှာလည်း အခု ငါပြောသလို ...

www.burmeseclassic.com



အသားတွေနဲ့ ရေးတာတွေ မင်းမဖတ်ဘူးလား၊ တကယ်တော့ ငါတို့ဟာ မြက်ခင်းစိမ်းစိမ်းတွေမှာ ခြေထောက်တွေနဲ့ တည်ဆောက်တဲ့ ဘဝတွေကို ဖန်သားပြင်ပေါ်ကနေ လက်ခုပ်လက်ဝါးတီးရင်း ကြည့်နူးခြင်းရသကို မြည်းစမ်းနေရတာနဲ့တင် ဘဝဟာ နေသာထိုင်သာရှိသွားတယ်။ ဒီတော့ အောင်စိုး ကျေးဇူး သူငယ်ချင်းရာ…"

"ဖိုးသကြားရာ မင်းကွာ…"

အောင်စိုးခမျာ ခေါင်းကိုတွင်တွင်ခါရင်း ဖိုးသကြားကို ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။

"ငါကိုမှားသွားတာပါ ဖိုးသကြားရာ၊ မင်းကို ဘောလုံးပွဲကြည့်အောင် ငါက မီးမြှင့်ပေးလိုက်တာ ငါ့အမှားပဲ"

အောင်စိုးက သက်ပြင်းမျှရင်းမှ လက်ဖက်ရည်ကို မော့သောက်လိုက်ပါသည်။

"ကိုဖိုးသကြား ဒီည ဘယ်ပွဲတွေ လန်းမလဲ…"

ဖိုးသကြားတို့ရှိနေသော လက်ဖက်ရည်စားပွဲဝိုင်းသို့ ရပ်ကွက်ထဲမှ ရွှေတင်နှင့် မောင်သန်းတို့ လူငယ်နှစ်ဦး ရောက်လာပြီး ရွှေတင်က မေးပါသည်။

"ဒီည မန်ယူနဲ့ ချဲလ်ဆီးရဲ့ ပြိုင်ဆိုင်မှုက အသင်းစွဲတွေအတွက် နှလုံးငြိမ်ဆေး သောက်ရလောက်အောင် ဖြစ်ရမှာ၊ အိမ်ကွင်းမှာ အမြဲတမ်း အလံထောင်နေတဲ့ ချဲလ်ဆီးရဲ့အလံဟာ လွင့်နေဦးမှာပဲ၊ အပြာရောင်တပ်သားတွေရဲ့ ခံစစ်သူရဲကောင်းတွေဖြစ်တဲ့ တယ်ရီနဲ့ ကာဗယ်ဟိုကို ဒိုလေးတို့၊ ရွှန်စီတို့၊





ဘာဘာတော့ဗ်တို့ ကျော်မှာမဟုတ်ဘူး။ ဘောလုံးသေနင်္ဂဗျူဟာကို စကော့ကြီးကော ဘရာဇီးသားကြီးပါ ကျွမ်းလေတော့ ဒီပွဲဟာ ချဲလ်ဆီးအတွက် သရေဟာ မျှတတဲ့အဖြေပဲ"

"ဟာ! ကိုဖိုးသကြားရဲ့ စကားလုံးတွေက ထိချက်ပြင်းတယ်၊ ဒါဆိုရင် ဟုတ်ပြီ"

ရွှေတင်က ဝမ်းသာအားရနှင့် အင်္ကျီအိတ်ကပ်ထဲက စာရွက်အပိုင်းအစလေးတစ်စကို ထုတ်ယူပြီး ဘောလ်ပင်နှင့် မန်ယူအသင်းနာမည်ရေးထားသည်ကို ခြစ်လိုက်ပါသည်။

"ဘာလဲ ရွှေတင်ရ"

"ရော့…ကိုဖိုးသကြား စွဲသွားမယ်၊ အရပ်ထဲမှာ မောင်းသံညံစီနေတာ မသိဘူးလား"

ရွှေတင်ပေးသော စာရွက်လေးကိုကြည့်ပြီး ဖိုးသကြား အံ့အားသင့်သွားသည်။ တစ်နေ့တာကစားမည့်ပွဲစဉ်တွေ အကုန်လုံးပါနေသည်။

"ကိုဖိုးသကြား ကံစမ်းကြည့်ပါလား၊ အတွေးနဲ့ ထပ်တူကြရင် အဆတွေ အများကြီးရမှာ"

"ကြိုက်ပြီဟေ့၊ ဒီဘာသာဗေဒကို စိတ်ဝင်စားသွားပြီ၊ ကိုယ့်စီမံခန့်ခွဲမှုနဲ့ ထပ်တူညီရင် ပွဲသိမ်းပြီ၊ အောင်စိုးရာ မင်းက အစတုန်းက ငါ့ကို ဘာလို့မပြောတာလဲ"

အရေးထဲ အနီးနားမှာရှိနေသော အောင်စိုးကို ဖြ ကင်စကားဆိုလိုက်ပါသည်။

"မင်း အိပ်ရေးတွေပျက်မှာစိုးလို့ပါ၊ အဲဒါက မင်းစွဲတယ်ကွ၊ ပွဲစဉ်တွေ ဆက်ကြည့်ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘောလုံးစစ်မျက်နှာဖွင့်ရင်း ယှဉ်ပြိုင်ကြတဲ့ ပြိုင်ပွဲတွေအတွက် အိပ်ပျက်လည်းဘာဖြစ်လဲကွာ၊ အောင်မြင့်ခြင်းအသီးအပွင့် ဝတ်ရည်ချိုမြမြကို စားသုံးရတာပဲဟာ၊ အိပ်စက်ခြင်းနဲ့ ချိုမြိန်ခြင်းကို အလဲအလှယ်လုပ်ရတာ သဘာဝကျပါတယ်ကွာ"

အောင်စိုးက မျက်စောင်းထိုးလိုက်ရင်း...

"ဖိုးသကြား...စကားကို ရိုးရိုးပြောကွာ"

"ဟာဗျာ...ကိုအောင်စိုးကလည်း ကိုဖိုးသကြားပြောတာတွေက မိုက်တယ်၊ အသစ်တွေပဲဟာ...ဘာလုပ်မှာလဲ အဟောင်းတွေ ကြားနေရတာ ဒီလိုလတ်တာတွေကမှ Heart ကို ထိပြီးငြိတာ၊ ဆက်လွှင့် ကိုဖိုးသကြား၊ ဒီအတိုင်းထုတ်သာသုံး"

"မင်းတို့လုပ်မှ ပိုဆိုးတော့မယ်၊ ဖိုးသကြားက လူလိုပြောတော့မှာမဟုတ်ဘူးဟေ့၊ ကဲ...မင်းတို့ဘာသာ ဆက်လွှင့် ဆက်ထုတ်သုံးကြ၊ ငါတော့ သွားပြီ"

အောင်စိုးက လက်ဖက်ရည်စားပွဲဝိုင်းကနေ ထွက်သွားပါသည်။

"ဒါပဲညီလေးတို့ရာ၊ ဘောလုံးပွဲရသကို ခံစားတယ်ဆိုတာ ဘောလုံးကန်တာချည်းပဲမဟုတ်ဘဲနဲ့ ကစားပုံမြင်ကွင်းတွေကို ဦးနှောက် Memory ထဲမှာ ဓာတ်ပုံရိုက်ထားသလိုမျိုး မှတ်ရင်းက တစိမ့်စိမ့်ပြန်ပြောပြရတာကိုက ဒေင်ဥယျာဉ်ထဲမှာ ဝိုင်တစ်ခွက်သောက်လိုက်ရသလိုပါပဲကွာ"

"အဲဒီဝိုင်ခွက်ကို 'မောင်း'သံတွေရဲ့ အောင်ပွဲတွေနဲ့အတူသောက်သုံးရရင် ပိုကောင်းတာပေါ့ ကိုဖိုးသကြားရ"





"မှန်တာပေါ့ ရွှေတင်ရာ...ဘောလုံးပွဲချစ်သူတွေအတွက် အချိန်ကာလဆိုတဲ့ နံနက်၊ ညဆိုတာ မရှိပါဘူးကွာ..."

ဖိုးသကြားက လက်ထဲမှာကိုင်ထားသော စာရွက်လေးကို ချစ်ဇနီးမအေးမြမျက်နှာကို လက်ဖက်ရည်ဆိုင်မှာ ထိုင်ရင်းက တစိမ့်စိမ့်ကြည့်ခဲ့သလိုမျိုး ကြည့်နေပါတော့သည်။

[ ၆ ]

"ကိုဖိုးသကြား...ရှင် ဘောလုံးပွဲကြည့်တာတွေ လျှော့ဦးနော်၊ မိုးလင်းပေါက်တွေချည်း ဖြစ်နေတယ်၊ အိပ်ပျက်တာများရင် ကျန်းမာရေးထိခိုက်မယ်။ ပြီးတော့ အလုပ်တွေဘာတွေပျက်ဦးမယ်နော်။ ရှင့်အလုပ်ဂိုဒေါင် အခုဆို မြို့ထဲ ပလတ်စတစ်အရုပ်တွေ သွားမပို့ဘဲ အလုပ်သမားတွေချည်း သွားပို့နေတာ မဟုတ်သေးဘူး"

ဖိုးသကြားအဖို့ မအေးမြ ယခုလိုပြောလည်း ပြောစရာပင် ဖြစ်ပါသည်။ တစ်နေ့တာကန်သည့် ပွဲစဉ်ဇယားစာရွက်ကလေးတွေကို စွဲလမ်း…သက်မြတ်နိုးမိသွားကတည်းက ဘောလုံးပွဲတွေကို တစ်ပွဲပြီးတစ်ပွဲ …က်တိုက်ကြည့်မိသည်။ တစ်ပွဲပြီးတစ်ပွဲ မိမိနှစ်သက်သောအသင်းက …နေသဖြင့် ဆက်တိုက်ဆိုသလို ဘာဖြစ်လာမလဲ၊ ဘာဖြစ်လာမလဲ …ခုန်စွာဖြင့် စောင့်ဆိုင်းမျှော်လင့် ကြည့်ရှုရသောကြောင့်ဖြစ်သည်။

"ဟာ" "ဟင်"ဖြစ်ရင်းက ဘောလုံးပွဲချစ်သူတစ်ဦးအနေမျိုးဖြင့် …ိမ့်ခဲ့ရတာမျိုး ရှိသလို ပျော်ရွှင်စွာ အောင်ပွဲဆင်ခဲ့သည့်နေ့ရက်တွေ …လည်း ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျိုန်းစပ်စပ်မျက်လုံးများနှင့် အိပ်စက်မဝသည့်နေ့များစွာကို ဂရုပင်မစိုက်အား။ မည်သည့်နေ့ မည်သည့်အသင်းတွေ ကန်မလဲပဲ စိတ်ကရောက်နေပါသည်။

ဘောလုံးပွဲချစ်သူတစ်ဦးအနေနှင့် ဘာများတတ်နိုင်မှာနည်း။

* * *

"ဒီညပွဲတွေကတော့ အထွတ်အထိပ်ပဲဟေ့၊ ဝီဂန်နဲ့ မန်စီးတီး၊ ပို့စ်မောက်နဲ့ စပါး၊ အေစီမီလန်နဲ့ အင်တာမီလန်၊ ရိုးမားနဲ့ အတ္တလန္တာ ဘယ်ပွဲတွေကြိုက်လဲဟေ့..."

ညကလည်း ဘောလုံးပွဲတွေ တောက်လျှောက်ကြည့်ခဲ့ပြီး နောက်ဆုံးတစ်ပွဲမှာမှ အရှုံးကိုရင်ဆိုင်ခဲ့ရသဖြင့် နည်းနည်းညစ်သွားသည့် ဖိုးသကြားခမျာ အိပ်ရေးမဝတဝနှင့် လက်ဖက်ရည်ဆိုင်သို့ လာသည့်အခါ အောင်စိုးက ဆီးကြိုပြီး မေးလိုက်ပါသည်။

"အကြိုက်ကတော့ ဂျေဂျေဘီကွင်းက အိမ်ကွင်းဆိုတော့ မန်စီးတီး ငုတ်တုတ်မေ့မှာပဲ၊ အာရပ်သူဌေးတွေ ပုလဲတွေခမယ့်ပွဲပဲ။ အဲ...က်ဇာတာ တိုင်အောက်ကိုရောက်နေတဲ့ အသင်းနှစ်သင်း တွေ့ကြတဲ့ပွဲမှာ ပို့စ်မောက်ကို စပါးက နိုင်မှာမဟုတ်ဘူး။ ပို့စ်မောက်က အိမ်ကွင်းလေ၊ စပါးအဖို့ ပို့စ်မောက်ပင်လယ်ကမ်းခြေက ပင်လယ်လေကို အဝရှူပြီး ပြန်ဖို့ပဲရှိတယ်။ ဒီတစ်ခါတော့ စီးရီးအေနဲ့ ရိုးမား ခေါင်းမော့နိုင်ပြီ။ သူတို့ကွင်းမှာ သူတို့ အပြင်းအထန်ပေါက်ကွဲ ပြကြမှာ အမှန်ပဲ။ တော်တီ တကယ်ပျော်နိုင်ပါပြီကွာ၊ အဲ... မော်ရင်ဟို စပယ်





ရှယ်ဝမ်းကြီးကတော့ ဒီတစ်ခါ အေစီမီလန်ကို ဒူးထောက်ဦးညွတ်ရတော့မှာပဲဟေ့။ အန်ဆယ်လော်တီ သိက္ခာကျရတဲ့ညများစွာအတွက် ဒီပွဲဟာ သိက္ခာကို ပြန်လည်ဆယ်တင်မယ့်ပွဲပဲ။ ခရစ္စမတ်သစ်ပင်ပုံ ကစားကွက်အောက်မှာ မော်ရင်ဟိုသမ္မာကျမ်းစာဆိုင်ဘဲ့ စာအုပ်ကို ထားခဲ့ရတော့မှာပဲ၊ ရော်နယ်ဒင်ဟိုဂိုးပေါက်တွေ့မယ့်ပွဲပဲ"

ဖိုးသကြား ရှင်းပြရတာ တော်တော်မောသွားပုံရသည်။ ရေနွေးကြမ်းကို နှစ်ခွက်ဆင့်သောက်လိုက်ပါသည်။ မိမိယူဆချက်ကို ပြောလိုက်ရသည့်အတွက် အတော့်ကိုကျေနပ်သွားပါသည်။

"ဖိုးသကြား...မင်း ဘောလုံးပွဲတွေ မကြည့်နဲ့တော့၊ ဘောလုံးပွဲခန့်မှန်းချက်တွေ အားကစားဂျာနယ်မှာ ရေးပါလား။ ငါမြှောက်ပေးခဲ့တာ လိုက်မမီတော့ဘူးဟေ့"

"ဒါပေါ့အောင်စိုးရာ၊ အချိန်တွေ ငွေကြေးတွေနဲ့ ကိုယ်အိပ်စက်ရမယ့်ညများစွာကို လဲလှယ်ခဲ့ရတော့ ဒီလောက်တော့ရှိမှာပေါ့"

"အေးကွာ...မင်းပြောတဲ့အတိုင်း ဖြစ်ပါစေ"

ခေါင်းထဲ မူးဝေဝေဖြစ်နေတာကို ဖိုးသကြား ဂရုမထားအားဘဲ အင်္ကျီအိတ်ကပ်ထဲမှ စာရွက်ပိုင်းလေးကို ထုတ်ပြီးကြည့်နေမိပါသည်။ သူ့မျက်ဝန်းထဲမှာတော့ ဘောလုံးပွဲတွေကိုပဲမြင်ယောင်လို့နေပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြား တော်တော်ပျော်နေပါသည်။ ပွဲစဉ်က လေးပွဲမှာ သုံးပွဲ ဆက်တိုက် နိုင်နေသဖြင့် ကြည့်ရကျိုးနပ်ပြီပေါ့။ နောက်ဆုံး မနက် တစ်နာရီခွဲကန်မည့် အေစီမီလန်နှင့် အင်တာမီလန်တို့ပွဲသာ ကျန်တော့ သည်။ သည်ပွဲမှာ အေစီမီလန်နိုင်လျှင် အောင်ပွဲခံလို့ရပြီဖြစ်သည်။

ဘောလုံးပွဲကလည်း ကောင်းမှကောင်း။ တစ်ဖက်နှင့်တစ်ဖက် အပြိုင် အဆိုင် သူ့ဘက်ရောက်လိုက် ကိုယ့်ဘက်ရောက်လိုက်နှင့် ဖြစ်နေသည်။ ဘောလုံးပွဲက ကြည့်နေရင်း ကောင်းနေသလို ဖိုးသကြားခေါင်းထဲမှာလည်း ရီဝေဝေနှင့် မူးလို့နေပါသည်။

ခေါင်းထဲမူးဝေနေတာကို ဂရုမထားအားဘဲ ဖိုးသကြားက သူနှစ်သက် သော အေစီမီလန်အသင်းကို အပီအပြင်အားပေးနေပါသည်။

"ပါတို ဆွဲ...ဆွဲ...ရော်နယ်ဒင်ဟိုကို ပေးလေ၊ ဟာကွာ ...လွဲပြန်ပြီ၊ အေး...ဒါမှ မာလ်ဒီးနီး...ပေဟ..."

"အား!...မူးတယ်...မူးတယ်"

အပီအပြင်အားပေးနေသော ဖိုးသကြား ခေါင်းမူးတာကို သတိမထား အားဘဲ တီဗွီဖန်သားပြင်ပေါ်မှ ဘောလုံးပွဲကို ကြည့်ရင်း အော်ဟစ်အားပေး ရင်း အိပ်ရေးပျက်သည့်ညတွေ များသဖြင့် မူးပြီးလဲကျသွားပါသည်။

"ဆေးရုံပို့...ဆေးရုံပို့"

လက်ဖက်ရည်ဆိုင်ထဲမှာ ဆူညံသွားကာ ဖိုးသကြားကို ဆေးရုံသို့ အမြန်တင်လိုက်ရပါသည်။

* * *





ဆေးရုံကုတင်ပေါ်မှာမှ သတိမေ့ပြီး အိပ်နေသော ဖိုးသကြား တစ်ယောက် သတိရလာပြီး မျက်လုံးတွေကို အားယူပြီး ဖွင့်လိုက်သည်။ သူ့ကုတင်ဘေးနားမှာ ဇနီးဖြစ်သူ မအေးမြ၊ သူငယ်ချင်းဖြစ်သူ အောင်စိုး နှင့် မိတ်ဆွေအချို့ကို တွေ့ရသည်။ သည်တော့မှ လက်ဖက်ရည်ဆိုင်မှာ ဘောလုံးပွဲကြည့်ကာ မူးပြီးမေ့လဲသွားမှန်း သိလိုက်ရသည်။ တစ်ဆက် တည်းဆိုသလို သူအင်မတန်သိချင်နေသော အကြောင်းအရာတစ်ခုကို ဘာဖြစ်သွားသလဲဆိုတာ သိပ်ကိုသိချင်နေမိသည်။ ထို့ကြောင့် အောင်စိုး ရှိရာသို့ ကြည့်လိုက်သည်။

"အောင်စိုး...အေစီမီလန် နိုင်သွားလား၊ ရော်နယ်ဒင်ညို ဂိုးသွင်းလား၊ နိုင်ရင် အောင်ပွဲခံလို့ရပြီ"

သတိရရချင်း ဇနီးဖြစ်သူ မအေးမြကို မမေးဘဲ အောင်စိုးကို ဘောလုံးပွဲအကြောင်း မေးသဖြင့် မအေးမြ အတော်ပေါက်ကွဲသွားပါသည်။

"ကောင်းကြသေးရဲ့လား၊ ဘောလုံးပွဲကြည့်လို့ ဒီလောက် မူးလဲတာတောင် သတိရတော့ မိန်းမကိုမမေးဘူး၊ အေစီမီလန် နိုင်လားလို့မေးတယ်။ သူ့ပထွေး ဂိုးသွင်းတာကိုမေးတယ်၊ ကောင်းကြသေးရဲ့လား...အရပ်ကတို့ရေ..."

မအေးမြ၏ ပေါက်ကွဲမှုသံစဉ်တွေက ဆေးရုံခန်းထဲမှာ အကျယ် လောင်ဆုံးပေါက်ကွဲသွားတာကို နားထောင်နေသူတွေက ဖိုးသကြားကို ကြည့်ပြီး ငိုင်းပြုံးလိုက်ကြပါတော့သည်။

ပဋ္ဌမံဒီရှိုင်း



www.burmeseclassic.com

www.burmeseclassic.com



# ကျောင်းသားဘဝ

ဓဝန

ဂျိုကာ

www.burmeseclassic.com

www.burmeseclassic.com






တက္ကသိုလ်ကျောင်းသားများ၏အပျော်ဆုံးနေ့များသည်ကား အင်္ဂလိပ် လဆန်း ၁ ရက်နေ့မှ ၁၀ ရက်နေ့လောက်အထိ ဖြစ်ပေ၏။ အကြောင်းမူကား ထိုရက်များအတွင်း၌ မိဘအုပ်ထိန်းသူများထံမှ ငွေများရောက်ရှိသည့်အလျောက် ရှိတုန်းသုံးရတာပဲဟူသောအမှတ်ဖြင့် နောက်တစ်နေ့သုံးစရာမရှိလျှင် ခုတင်တိုင်ကိုပင်ဖြုတ်၍ ပေါင်ချင်ပေါင်ရပါစေ၊ ယနေ့အဖို့ဖြင့် ရှိသမျှစည်းစိမ် ပြုတ်ချင်ပြုတ်ရောဟု နှလုံးသွင်းလျက် ငွေရောက်လာသည့်နေ့တွင် အတန်းကို ‘ဘနော့’လုပ်၍ မြို့ထဲသို့ သုတ်ခြေတင်သူများလေ၏။

ထိုနေ့များတွင် စာပို့ကုလားကို ရည်းစားထက်ချစ်ခင်စွာ တမျှော်တည်း မျှော်ရသောသူများ မရှားပင်ဖြစ်တော့၏။ ထိုမျှနှင့်မပြီးသေး မည်သူမည်ဝါ၏ငွေ ပါသေးသည်ကို စာပို့ကုလား ရေး၍ကပ်ထားသောစာရင်းကို မျက်လုံးကျွတ်လုမတတ် စာရင်းစဉ်လျှောက်၍ဖတ်ရသည်မှာ ကျောင်းကစာထက် စိတ်ဝင်စားလာတော့၏။ ငွေမပါလာသူများမှာ ယနေ့အဖို့ ဘယ်အကြွေးရှင်ကို ရှောင်ရပါ့မလဲဟူသော ဂုတ်တရက် စဉ်းစားခန်းထုတ်ကာ မှိုင်တွေကျသွား၍ ငွေရသူများကမူ ‘မိတို့ငွေရကြောင်း အကြွေးရှင်နှင့်တကွ ချေးငှားမည့်သူများ မသိအေ မိမိတို့အမည်ကိုမင်နှင့်ဖျက်၍ စာပို့ကုလားထံမှ ငွေအမြန်ထုတ်ပြီး မြှုပ်ကွယ်ထားကြလေတော့၏။

www.burmeseclassic.com



"အိုင်ဆေး...ကိုကျော်မြင့်၊ ခင်ဗျားငွေပေါက်တယ်ဗျို့"ဟု မျက်မှန်နှင့် ကျောင်းသားတစ်ယောက်က ပြောလိုက်ရာ ကျော်မြင့်မှာ အိုင်ယာလန် ထီပေါက်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာခြင်းဖြစ်ကာ ပြေးလာ၍ စာရင်းကို ကြည့်လျက် "အစစ်ပဲဗျို့၊ ပွတာပဲ"ဟုဆိုလျက် စာပို့ကုလားထံသို့သွား၍ ငွေထုတ်ယူလေ၏။ ငွေများကိုရေတွက်၍ယူကာ စာပို့ကုလားအား ဆုတော်ငွေအသပြာ 'လေးပဲ' ပေးသနားတော်မူခဲ့ပြီးလျှင် ယခင်မျက်မှန်နှင့် ကျောင်းသားကို လိုက်၍ရှာလေ၏။

"လာဗျို့... ကိုသိန်းဖေ၊ လက်ဖက်ရည်ဆိုင် သွားရအောင်"ဟု ကျော်မြင့်ကခေါ်ရာ မျက်မှန်နှင့်ကျောင်းသား မောင်သိန်းဖေက ပြုံးရယ်လျက် "နေပါစေဗျာ၊ လိုက်တာပေါ့"ဟုဆိုကာ လက်ဖက်ရည်ဆိုင်သို့ ပြေးကြလေ၏။ စားသောက်ကြပြီးနောက် ကျော်မြင့်က "ဟေ့...စူကရူး၊ ရာဂျန်ကို ဘိုလောင်း"ဟု မုန့်များကိုတည်ခင်းပေးသော စူကရူးခေါ်သည့် ကုလားကလေးအား ဆိုင်ထိုင်ရာဂျန်ကို ဘခေါ်ခိုင်းလိုက်ရာ အကြွေးစာရင်း စာအုပ်ကြီးနှင့် မကြာမီ ရောက်၍လာလေ၏။

လက်ဖက်ရည်စာရင်းကို ရှင်းလင်းချေဆပ်ပြီးနောက် "ကိုင်း... ကိုသိန်းဖေ၊ ကျွန်တော် မြို့ထဲကို လစ်လိုက်ဦးမယ်ဗျာ၊ ချောင်လို့ရှိရင် ကျွန်တော့်နံပါတ်ထူးပေးစမ်းပါဗျာ"ဟု ပြောလိုက်သဖြင့်...

"လက်စသတ်တော့ ကျွန်တော့်ကို လက်ဖက်ရည်တိုက်တာ ဒီဟာ ရည်ရွယ်လို့ကိုး၊ အစကမသိလို့"

"အစကသိရင် လိုက်တောင်မသောက်ဘူး ဆိုပါတော့"

"သောက်မှာပေါ့ဗျ"ဟုဆိုပြီး "ကိုင်းဗျာ...ထူးပေးရတာပေါ့"ဟုပြောမှ ကျော်မြင့်တွင် ကျေနပ်၍သွားကာ "ဟား...ဟား...ကိုသိန်းဖေတို့က





ဒါတွေ ချစ်စရာသိပ်ကောင်းနေတာ"ဟုဆိုသဖြင့်...

"မလုပ်ပါနဲ့ဗျာ၊ ညီလို အစ်ကိုလို သဘောထားပါ၊ ယောကျ်ားချင်း ချစ်မှုဖြင့် ကျော်မကောင်း ကြားမကောင်း၊ ထောင်ခုနစ်နှစ်ကလဲ တစ်ပြားမှ လျော့မှာမဟုတ်ဘူး"ဟု ပြော၍ရယ်သောကြောင့် ကျော်မြင့်ကလည်း ရောနှောရယ်ကာ...

"ခင်ဗျားမှာ ဒါတွေပဲရှိတယ်"

"ဟုတ်ကဲ့၊ ဒါတွေပဲရှိတော့တယ်၊ ဟိုဟာတွေ တရုတ်ငါးပေါင်းကြော်ဆိုင် ပို့ထားတယ်"ဟု ဆိုပြန်သောကြောင့် ကျော်မြင့်က "နောက်လဲ နောက်တတ်တဲ့လူပဲဗျာ"ဟု ရယ်မောကာ ပြောဆိုပြီးလျှင် "ကိုင်းဗျာ၊ ပြောနေကြာတယ်၊ သွားလိုက်ဦးမယ်"ဟုဆိုကာ ခွဲထွက်ခဲ့လေ၏။

ကျောင်းခန်းသို့ ပြန်ရောက်သောအခါ စာအုပ်များကို စားပွဲပေါ်သို့ ပစ်၍တင်ပြီးလျှင် အပေါ်အင်္ကျီကို ချွတ်၍ချိတ်ကာ မျက်နှာသစ်ရန် ရေချိုးခန်းသို့ ကမန်းကတန်းပြေးလေ၏။ မျက်နှာသစ်ပြီးလျှင် တို့ပတ်ပဝါကလေးကို ဗီရိုထဲမှထုတ်၍ ဗီရိုပေါ်တွင်တင်ထားသော ပေါင်ဒါဘူးကို ယူ၍ ပဝါပေါ်သို့ လှုပ်၍ထည့်ရာ ပေါင်ဒါတစ်မှုန့်မျှ မကျလာသောကြောင့် "ကိုင်း...နင့်တစ်ခါလွှတ်၊ ငါ့ဆယ်ခါလွှတ်"ဟုဆိုလျက် ပေါင်ဒါဘူးခွံကို အပြင်ဘက်သို့ လွှတ်၍ပစ်လိုက်ပြီးလျှင် တို့ပတ်ပဝါတွင် ကပ်ရန်ကျန်ရစ်သေးသော သနပ်ခါးပေါင်ဒါမှုန့်များဖြင့် မျက်နှာပေါ်တွင် အတွင်တိုက်ရလေတော့၏။ နောက်မှ ပုလင်းတွင် ဖင်ကပ်မျှကျန်ရေ ဘာလီယန်ထင်း ခေါင်းလိမ်းဆီခဲကို အိတ်သွန်ဖာမှောက် ကော်ယူ၍ ဆံပ... ...လိမ်းကာ ရှေ့မှန်၊ နောက်မှန်ကြည့်၍ အရိပ်ထင်လုမတတ် ပြော... ...အောင် ဆံပင်ခွဲပြီး အပေါင်ဆိုင်သို့မပို့ဘဲ ထားမဲ့လွှတ်ထားသော လုံချည်ကိုယူ၍



www.burmeseclassic.com

www.burmeseclassic.com



လဲလှယ်ဝတ်ဆင်ကာ 'လူယောင်ဖန်ဆင်း'လေ၏။

"အလို...ကိုကျော်မြင့်တို့က ဒီလိုတော့လဲ အချောသားကပဲဗျာ"ဟု အခန်းဝတွင် ရပ်၍ကြည့်နေသော ကျောင်းသားတစ်ယောက်က ပြောလိုက်ရာ ကျော်မြင့်က ပြုံးရယ်လျက် "ကိုယ့်လူ ဘာစားမလဲ၊ လက်ဖက်ရည်သောက်မလား"ဟု ပျာပျာသလဲလုပ်လိုက်သဖြင့် ထိုသူတွင် သဘောကျသွားပြီးမှ "တကယ်...ခင်ဗျားကို မြှောက်ပြောတာမဟုတ်ဘူး၊ တကယ့်ကို စတိုင်ဖြူးတာ၊ ခင်ဗျားဟာ...မဝတ်ချင်လဲနေရော၊ ဝတ်လိုက်စားလိုက်မှဖြင့်..."

"မလုပ်ပါနဲ့ဆရာ၊ ခွေးနဲ့တူတယ်လို့ ပြောမလို့မဟုတ်လား၊ မနိုင်းကောင်း နှိုင်းကောင်း မိုးကြိုးပစ်ပြီးချနေပါဦးမယ်"ဟု ပြန်၍ရွှန်းလိုက်မှ...

"ခင်ဗျားကို ရုတ်တရက်နဲ့ဆိုရင် ရုပ်ရှင်မင်းသားဖြစ်လောက်ပါတယ်ဗျာ၊ ဒီစတိုင်မျိုးပေါ့"ဟု ပြောရင်းဆိုရင်း ရပ်ဆိုင်း၍နေသဖြင့် ကျော်မြင့်က 'ရုပ်ရှင်ကုမ္ပဏီက လိုချင်တာလား'ဟု ဓာတ်လိုက်မင်းသားဟန်မျိုး လုပ်ပြလိုက်ရာ 'မဟုတ်ဘူး၊ ဒီစတိုင်မျိုးပေါ့ဗျ၊ မီးရထားပေါ်မှာ အိပ်ရာလိပ် လူခိုးခံရတာ'ဟု ဆက်လက်ပြောဆိုထွက်သွားသဖြင့် ကျော်မြင့်မှာ ရယ်မောရင်း ကျန်ရစ်လေ၏။

ယင်းသို့ ပြောင်လက်စွာဝတ်စားပြီးသည့်နောက် ပိုက်ဆံအမွေးမကပ်သည်မှာ ကြာသဖြင့် စားပွဲအံဆွဲထဲသို့ ထိုးထားရသော မှိုတက်နေသည့်သားရေအိတ်ကလေးကိုယူ၍ ပွတ်သပ်သုတ်သင်ပြီးလျှင် ငွေစက္ကူများကို အထပ်လိုက်သွတ်သွင်းကာ ငွေစက္ကူများကိုမူ အပေါ်အင်္ကျီတွင်ထည့်ပြီး အခန်းပြင်သို့ ထွက်လာ၍ အခန်းတံခါးကို သော့ခတ်ပြီးမှ ကျောင်းပေါ်မှဆင်းခဲ့လေ၏။





တက္ကသိုလ်ကျောင်းသားတို့၏ထုံးစံ ငွေရှိလျှင် မြို့ထဲသို့ ထွက်ဖို့ရန်ကြံရွယ်ကြသည့်အတိုင်း ကျော်မြင့်တွင် မြို့ထဲသို့သွားရန် ကျောင်းဝင်းအပြင်သို့ ထွက်လာရာ၌ မည်သို့အစီအစဉ် ရည်ရွယ်ချက်မရှိသဖြင့် ဘယ်ကို အရင်သွားပြီး ဘာလုပ်ရပါမလဲဟု စဉ်းစား၍နေစဉ် အာ–အီး–တီ မော်တော်ဟဲ(စ်) တစ်စီးရောက်လာရာ ထိုကားပေါ်တွင် ကျောင်းသူကလေးတစ်ဦး ပါလာသည်ကို တွေ့ရသဖြင့် စိတ်ထဲတွင် မည်သို့မျှ ရည်ရွယ်ချက်မရှိသော်လည်း သဘောကို သိတတ်သောလက်က မော်တော်ကားကို ရပ်ခိုင်းလိုက်သဖြင့် အလိုက်သိတတ်သည့် ခြေထောက်များက သွက်လက်လျင်မြန်စွာ ကားပေါ်သို့ တက်လေ၏။

ကားပေါ်သို့ရောက်သောအခါ နီးနီးထိုင်လျှင်လည်း ခေါ်တောမှန်းလူသိမည်စိုး၍ ဝေးဝေးထိုင်ရမှာကလည်း အမြဲတမ်းမမြင်ရမည်ကို မှုပန်သောကြောင့် ထိုမိန်းမပျိုကလေးနှင့် ဘေးချင်းတိုက်ခုံတန်း၏ နောက်ခုံတွင် ဝင်၍ထိုင်ရလေတော့၏။ ကားမှာ ကုက္ကိုင်းဘက်မှ လှည့်၍မောင်းမည့်ကားဖြစ်သဖြင့် ခပ်ကြာကြာထိုင်၍ လိုက်ရမည်သိသောကြောင့် ထိုလှပသူကလေး၏မျက်နှာကို တစ်လမ်းလုံး တစိမ့်စိမ့်ကြည့်ရှုသွားရမည်ကို တွေးမိရင်း ကျော်မြင့်တွင် ပီတိဖြစ်လေတော့၏။ ကားပေါ်တွင် ထိုင်မိသည့်အချိန်ကစ၍ ကျော်မြင့်၏မျက်စိများမှာ ထိုမိန်းမပျိုကလေး၏ မျက်နှာဆီမှခွာ၍မရ၊ လွှဲဖယ်၍မရအောင် စူးစိုက်နေသဖြင့် တစ်ခါတစ်ရံ သူ၏လှည့်အကြည့်နှင့် ဆုံသွားသောအခါ အချစ်ဓာတ်များ ကိန်းအောင်းရာဖြစ်သောနှလုံးသားအတွင်းကို ဖူးစာရေးနတ်၏မြား စူးဝင်ဖောက်ထွင်း၍ သွားလေတော့သလားဟု ကျော်မြင့်တွင် ထင်မိလေ၏။ သူ့ကို ငါ ခဏခဏမြင်ဖူးပါတယ်၊ နို့ပေမယ့် သူ့အမည် ဘယ်လိုခေါ်ပါလိမ့်မလဲဟု တွေးတော

www.burmeseclassic.com



မေးမြန်းသော စိတ်များသည် အကြည့်ကို အားပေးနေလေကုန်၏။

ကားမှာ ဖြည်းဖြည်းမှန်မှန် မောင်းလာသော်လည်း ကျော်မြင့်၏စိတ်ထဲတွင် ခါတိုင်းစီးရသည်နှင့်မတူ၊ ထိုနေ့မှ ပို၍မြန်မြန်မောင်းကာ တစ်နာရီ ၄၅ မိုင်ထက်မနည်း မောင်းရှော့သလားဟု အောက်မေ့လျက် မြို့ထဲသို့ မြန်မြန်ရောက်၍ ခွဲခွာသွားရမည်ကို ပူပန်မိလေ၏။ ကျော်မြင့်၏စိတ်တွင် သူ့အား မည်ကဲ့သို့ အသိပြစ်အောင် လုပ်ရမည်ကို ကြံစည်ရင်း ပါလာလေ၏။ အမည်ကိုလည်းမသိ၊ စတင်၍စကားပြောရန်လည်း အကြောင်းမရှိသဖြင့် အကြံရခက်၍ပါလာရင်း စစ်ငြိမ်းကျောက်တိုင်နားဆီသို့ ရောက်၍လာသောအခါ ဆက်လက်စီးရန် များစွာမကျန်တော့သည့်အလျောက် ဤတွင် စခန်းသိမ်းရတော့မလိုလို ရှိ၍နေလေ၏။

သို့နှင့် ဆူးလေဘုရားလမ်းသို့ ရောက်သောအခါ ထိုမိန်းမပျိုကလေးသည် ထိုင်ရာမှထ၍ ခေါင်းလောင်းကြိုးကို ဆွဲ၍လှုပ်လိုက်ရာ ထိုနေရာတွင် ဆင်းတော့မည်ကို ကျော်မြင့် သိရှိရသည့်အလျောက် အပိုင်းတိုသောရုပ်ရှင်ကားကို ကြည့်ရသကဲ့သို့ အားရတင်းတိမ်ခြင်းမရှိမိက ဇာတ်လမ်းဆုံးတော့မည်ဖြစ်သဖြင့် စိတ်ထဲတွင် ဟာတာတာကြီးဖြစ်ကာ သက်ပြင်းရှူမိလေတော့၏။

ကားရပ်လိုက်သဖြင့် ကားပေါ်မှ ထိုမိန်းမပျိုကလေး ဆင်းသွားသည်ကို စူးစူးစိုက်စိုက်ကြည့်မိပြီးလျှင် ကားပြန်၍ထွက်သောအခါ စိတ်ဖြေစရာရရန် သူထိုင်သွားသောနေရာကို ကြည့်လိုက်ရာ ထိုင်ခုံပေါ်တွင် သားရေအိတ်ကလေးတစ်ခုကို တွေ့ရသဖြင့် "ဟာ...နေရာကျတာပဲ၊ သူ မေ့ပြီး ကျန်ရစ်ပြီထင်တယ်၊ ဒါကလေး လိုက်ပို့လိုက်ရရင်တော့ တစ်ခါတည်း အဆက်ဖြစ်သွားမှာပဲ'ဟု ဖြန်းခနဲ ကောလိပ်ကျောင်းသားတို့ဉာဏ်တွင်





...ရောင်ပြန်ဟပ်သလို လာ၍ထင်မြင်မိသည့်အလျောက် ကားရပ်ရန်ကြိုးကိုဆွဲလိုက်ပြီး သားရေအိတ်ကို လျင်မြန်စွာကောက်ယူကာ ကားရပ်အောင် မစောင့်နိုင်ဘဲ ကားပေါ်မှခုန်ချဆင်းလေရာ ကျော်မြင့်မှာ မိန်းမပျိုကလေး၏နောဖြင့် ဆင်းပြေးရခြင်းကြောင့် ကားပေါ်မှ အော်လိုက်သောအသံများကို မကြားရဘဲရှိလေ၏။

မိန်းမပျိုကလေး ကားပေါ်မှဆင်းသောအချိန်နှင့် ကျော်မြင့် ဆင်း၍လိုက်သောအချိန်မှာ အနည်းငယ်မျှ ကွာ၍နေသဖြင့် လူအများသွားလာနေသည့်အကြားတွင် ရုတ်တရက် ထွင်းဖောက်ရှာဖွေ၍ မမြင်နိုင်သဖြင့် လမ်းချားနှင့် လိုက်ရလျှင်ကောင်းမလား၊ ခြေလျင်ရှာရကောင်းမလားဟု စဉ်းစား၍မရဘဲရှိစဉ်တွင် သူခိုးမျက်ကိုဘက် စူးရှသော ကျော်မြင့်၏မျက်စိထဲတွင် ကွန်တီနင်တယ် ပျော်ပွဲစားရုံနားမှကပ်၍ ဗိုလ်ချုပ်ဈေးသစ်ဆီသို့ လျှောက်သွားသူကလေးကိုမြင်လိုက်ရာ အံ့ထူးကျေနပ်၍သွားကာ လန်ချားခေါ်၍ အမြန်ဆွဲခိုင်းလေ၏။ အနားသို့ရောက်သည်နှင့်တစ်ပြိုင်နက် လန်ချားကိုရပ်ခိုင်းပြီး အမြန်ဆင်း၍ပြေးရာ 'ဆပ်ဖိုး...ပိုက်ဆပ်ပွေးလေ'ဟု လန်ချားသမားကပြောမှ သတိရကာ အိတ်ထဲသို့ လက်ထိုးနှိုက်လိုက်သည်တွင် ခေါ်စေ့တစ်စေ့ ပါလာသည်ကိုမှ ပြန်၍မလဲနိုင်။ ကုလား၏ပိုက်ဆံအမ်းအမှုကိုလည်း မစောင့်နိုင်ဘဲ မိမိအာရုံစူးစိုက်ရာသို့ ပြေးသွားကာ 'ဒီမှာ...' ဟု ခေါ်လိုက်မှ မိန်းမပျိုကလေး လှည့်ကြည့်သည်တွင်...

'ကားပေါ်မှာ ဟောဒီသားရေအိတ်ကလေး ကျန်ရစ်နေခဲ့တယ်'ဟု ပြောသောကြောင့် မိန်းကလေးတွင် စဉ်းစားရခက်သော အမူအရာကို ပြလျက် သားရေအိတ်ကို ကြည့်ပြီးလျှင် 'ဟင့်အင်း...ဒါ ကျွန်မ သားရေအိတ်ကလေး မဟုတ်ဘူး၊ ကျွန်မ သားရေအိတ် ရှိသားပဲ မကျန်ရစ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး'ဟုဆိုကာ မိမိလက်ထဲရှိ လက်ကိုင်အိတ်ကို ပြသည့်အတွက် ကျော်မြင့်တွင် မောဟိုက်၍သွားလေတော့၏။

'ဒါဖြင့် ဘယ်သူကျန်ရစ်ခဲ့တာပါလိမ့်မလဲ'ဟု ကျော်မြင့်က စဉ်းစားရခက်သလို နောက်စေ့ကို ကုတ်ဖျောက်ရင်း ပြောလိုက်မှ 'ဒီသားရေအိတ်ကလေး ကျွန်မဘေးမှာထိုင်နေတဲ့ မိန်းမတစ်ယောက် ကိုင်နေတာကို မြင်တာပဲ၊ သူ့ဟာပဲ၊ ဘေးမှာချထားတာနဲ့တူတယ်'ဟု ပြောပြသဖြင့်…

“ဟိုက်…ဒါမှ ချောက်ပေါက်တိုးတာအစစ်ပဲဟေ့'ဟု စိတ်တွင်းက ကျိတ်၍ရေရွတ်လျက် မျက်နှာထားကော်ကာ ရှက်ကိုးရှက်ကန်းဖြစ်နေစဉ်တွင် 'ကြိုရီဝါးလားဟေ့၊ ကြိုရီဝါးလား၊ ပတ်ကရီး၊ ခါးပိုက်နှိုက်သွားတယ်ဗျို့၊ ခါးပိုက်နှိုက်ဗျို့'ဟူ၍ ကုလားလို၊ မြန်မာလို ဆူညံသောအသံများနှင့်တကွ ပြေးလွှား၍လာကြသူများကို တွေ့ရလေ၏။

ကျော်မြင့်တွင် ခါးပိုက်နှိုက် လိုက်ကြသည်များကို တွေ့ရပေါင်းများသဖြင့် ရိုး၍နေသောကြောင့် အမှုမထားဘဲ မိန်းမပျိုဘက်သို့ လှည့်ကာ စကားပြောရန် စဉ်းစားနေမိစဉ်တွင် ခါးပိုက်နှိုက်ဖမ်းရန် လိုက်သူများသည် မိမိတို့နှစ်ယောက်အား ဝိုင်းအုံထားကြသည်ကို တွေ့ရမှ မျက်လုံးမျက်ဆံပြူးနေလေတော့၏။

“ဟိုက်…ခက်ပြီ၊ ဘယ့်နှယ်လုပ်ရပါ့မလဲ၊ သောက်ရှက်ကြီးဖြင့်ကွဲတော့မှာပဲ'ဟု ပူပန်ကာ မိန်းမပျိုကလေး၏မျက်နှာကို ကြည့်လိုက်ရာရင်းတွင်လည်း မိမိကဲ့သို့ စိုးရိမ်မကင်းဘဲရှိသည်ကို တွေ့မြင်ရလေ၏။

'ခါးပိုက်နှိုက်ပါတော့…ခါးပိုက်နှိုက်ပါ၊ ကားပေါ်က လက်ကိုင်အိတ်ကလေးကို လုပြေးတာပါ'ဟူသော မိန်းမအသံသည် ရန်ကုန်မြို့၏ သတ္တိ ခွေးကိုက်တာကအစ စုအုံလေ့ရှိသော လူတစ်သိုက်အတွင်းသို့ ထွင်းဖောက်





၍ လာပြီးလျှင် အသံရှင်မိန်းမသည် ကျော်မြင့်ကို မြင်သည်နှင့်တစ်ပြိုင်နက် 'ဟော…သူပဲတော့၊ သူပါပဲ၊ ဟောဒီလုံချည်နဲ့ ဟောဒီအဝတ်နဲ့ မှတ်မိပါတယ်၊ ရုပ်ကိုက ဓာတ်လိုက်မင်းသားယောင်ယောင်၊ လိုဖာယောင်ယောင်နဲ့'ဟု ဆိုပြီးမှ ကျော်မြင့်၏လက်ထဲက သားရေအိတ်ကို မြင်သဖြင့် 'အစစ်ပဲ၊ ဟောဒါ ကျုပ်သားရေအိတ်ကလေးပါ'ဟုဆိုကာ ဆတ်ခနဲ ဆွဲယူပြီး ရန်တွေ့မည်အလုပ်တွင်…

“ကျွန်တော်ပြောပါ့မယ် သည်းခံပါဦး၊ သူမေ့ကျန်ရစ်ခဲ့တဲ့ သားရေအိတ်ကလေးမှတ်လို့ ကျွန်တော်ယူလာမိတာပါ၊ သူ့ကိုပြလို့ မဟုတ်ဘူးဆိုတော့မှ…'ဟု ပြောရာတွင် 'ဟုတ်ပါတယ်ရှင်၊ ကျွန်မဟာမှတ်လို့ ယူလာပေးတာပါ'ဟု ဝင်၍ထောက်ခံသောကြောင့် သက်သာရာရမည်လားဟု အောက်မေ့သော်လည်း…

'အမယ်…ဒီလိုလေမျိုးနဲ့ ရမှတ်လို့၊ ကားပေါ်က ဖျတ်ခနဲဆွဲပြီး ခုနပြေးတာဟာ ခါးပိုက်နှိုက်မဟုတ်လို့ မျောက်ဖင်နီလားလို့၊ ဟင်း… ဒေါ်ကို ဂျင်ဂလယ်မှတ်လို့၊ တစ်ပတ်ရိုက်မလို့လား၊ ကျုပ်…ရန်ကုန်မြို့ကြီးကို ဒိုးလိုမွှေလာတဲ့ကောင်မ၊ တစ်ယောက်က သားရေအိတ်ကို ဘားဆွဲချပြီး ဆင်းသွားတယ်၊ လင်လုပ်တဲ့လူက ဖျတ်ခနဲဆွဲပြီး ဆင်းပြေးတယ်၊ ဟင်း…ဒါလောက်များမပါးရင် သိမ်ကြီးဈေးထဲမှာ ဈေးရောင်းစားဘူး၊ ဘယ်မလဲ ရဲ…ရဲ၊ နင်တို့လင်မယား ဘယ်မှမပြေးနဲ့'ဟု ဆိုသဖြင့် နှစ်ယောက်သား ခက်သည်ထက် အခက်ကြုံကာ ဘယ့်နှယ်မှ မလုပ်တတ်အောင် ရှိရုံမျှမက 'လင်မယား'ဟု ခေါ်ထားခြင်းကို ခံကြရသဖြင့် တစ်ယောက်မျက်နှာတစ်ယောက် မကြည့်ရဲအောင်ရှိလေ၏။

'မဟုတ်ပါဘူးအဒေါ်၊ တစ်ခုပြောပါရစေ'ဟု ကျော်မြင့်က ပြော၍မ



www.burmeseclassic.com

www.burmeseclassic.com



မဆုံးမီ ထိုမိန်းမမှာ များစွာဒေါသထွက်သည့်ဟန်ဖြင့်...

'ဘာ...မင်းကလား ငါ့ကို အဒေါ်ခေါ်တာ၊ ငါက မင်းဘွားအေ အရွယ်မို့လား'

'ခြော်...ခက်လိုက်ပါဘိတော့၊ အရေးထဲ အပျိုလုပ်နေပြန်ပါပြီ၊ အဒေါ်ခေါ်တာ မကြိုက်ရင်လဲ...'ဟု ပြော၍နေဆဲ တက္ကစီကားတစ်စင်း အနီးသို့ ရောက်လာကာ ကားပေါ်မှ ဒရိုင်ဘာက စိုးရိမ်မကင်းသော အမူအရာဖြင့်...

'ဆရာ ဘာဖြစ်လို့လဲ'ဟု မေးမှ ကျော်မြင့်တွင် ဒရိုင်ဘာကို ကြည့်မိကာ မိမိစီးနေကျ အသိဖြစ်နေသည်ကို တွေ့ရသောကြောင့်...

'ဟာ...စံတင်လား၊ လုပ်စမ်းပါဦးကွာ၊ တို့တော့ ချောက်ကျနေပြီ'

'လာပါဆရာ၊ ကားပေါ်တက်ပါ၊ အဖက်လုပ်ပြီး စကားပြောမနေပါနဲ့၊ ရှက်စရာကြီး'ဟုပြောကာ စံတင်က မျက်ရိပ်ပြလိုက်သဖြင့်...

'ကိုင်း...ခင်ပါတက်ခဲ့၊ ကားပေါ်တက်'ဟု မိန်းမပျိုကလေးပါ ခေါ်လိုက်သဖြင့် သူ့မှာ ဘာလုပ်ရမှန်းမသိသည့်အလျောက် ကျော်မြင့် စကားအတိုင်း ကားပေါ်သို့ တက်လိုက်မှ ကျော်မြင့်လည်း နောက်က လိုက်၍ တက်သည်နှင့် တစ်ပြိုင်နက် စံတင်က ချက်ချင်းပင် ကားကို မောင်းထွက်သွားလေရာ သားရေအိတ်ရှင်မိန်းမနှင့်တကွ လူတစ်စုတို့မှာ ငေးမောရင်း အံ့အားသင့်လျက် ကျန်ရစ်ကြလေ၏။

ကားကို ကွေ့ပတ်လှည့်လည်မောင်းနှင်ပြီးမှ ကျော်မြင့်အား စံတင်က 'ဘာဖြစ်လို့လဲဆရာ'ဟု မေးရာ 'မပြောပါနဲ့တော့ကွာ၊ အာအီးတီဘတ်(စ်) ပေါ်မှာ သားရေအိတ်ကလေးတစ်လုံး ကျန်ရစ်တာတွေ့တာနဲ့ သူ့ဟာ မှတ်လို့ ချက်ချင်းယူပြီး ကားပေါ်ကဆင်းပေးတာ၊ သူ့ဟာမဟုတ်ဘဲ





ဟိုမိန်းမဟာ ဖြစ်နေလို့ ငါ့ကို ခါးပိုက်နှိုက်ပါဆိုပြီး လိုက်လာလို့၊ ကံကောင်းလို့ အချုပ်ထဲမအိပ်ရတယ်'

'ဟား...ဟား...ကိုကျော်မြင့်တို့ကဖြင့် လုပ်လိုက်မှဖြင့် အမည်နဲ့ လိုက်အောင်ကို ကျော်ရော့ပဲ၊ အကျိုးလိုလို့ ညောင်ရေလောင်း၊ ကံကောင်းလို့ ရဲအဖမ်းမခံရတယ်'ဟု ဆိုပြီးမှ...

'သူက ဘယ်သူလဲဆရာ'

'တို့ကျောင်းကပါပဲ၊ အမည်ကတော့...'ဟု ဆိုပြီးမှ မိန်းကလေး ဘက်သို့လှည့်၍ ကြည့်လိုက်သဖြင့်...

'မညွန့်တင်...'ဟု မိန်းမပျိုကလေးက စကားဆက်၍ပေးမှ...

'အိုင်မ် ဆောရီး၊ သိပ်ပြီးဝမ်းနည်းပါတယ် မညွန့်တင်၊ ကျွန်တော် ကလဲ မညွန့်တင် သားရေအိတ်ကလေးမှတ်လို့ စေတနာကောင်းနဲ့ လိုက်ပြီးပေးတာ၊ တမင်နှောင့်ယှက်ရာ ရောက်နေတော့တာပဲ၊ စိတ်မရှိ ပါနဲ့နော်'

'အို...ဘာမှတောင်းပန်စရာ အလုပ်မဟုတ်ပါဘူးရှင်၊ ဒီလိုဖြစ်မှု ကြုံလာလို့ ဖြစ်ရတာပဲ၊ ကျွန်မအတွက်နဲ့ ဖြစ်ရတာမို့ ကျွန်မလဲ သိပ်ပြီး အားနာတာပဲ'

'အံမယ်ဗျာ၊ ရန်ကုန်မြို့ကြီးဆိုတာ ခုမြင်ခုပျောက်တွေပါ၊ မှတ်မိ တာလဲ မဟုတ်ပါဘူး၊ ဘာမှတွေးပြီး ရှက်နေဖို့လဲမဟုတ်ပါဘူး၊ နောက် တော့မှ ဒီအဖြစ်အပျက်ကလေး တွေးမိတိုင်း ရယ်မိနေမှာပါပဲ'ဟု စံတင်က ကြားဝင်၍ပြောပြီး ဆက်လက်၍ 'ဆရာကိုကလဲ ခက်ပါဘယ်၊ ဒီလို မှားပေါင်းလဲ များလှပြီ၊ တလောတုန်းကလဲ မုန့်စိမ်းပေါင်းသည်ကြီး ရှက်လာကာ ပေါ်တော်မူပင့်လာတယ်ဆိုပြီး ကုန်းရှိခိုးနေလိုက်တာ'ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုမှ…

'တော်ပါကွာ၊ မင်းကတော့ နောက်တော့မယ်'ဟု ဆိုပြီးလျှင် 'ဟော့…စံတင်၊ ဟောဒီစားပွဲရုံရှေ့ ရပ်လိုက်ဦးဟေ့၊ ခါးပိုက်နှိုက်လိုက်တဲ့လူတွေလဲ မမြင်နိုင်ပါဘူး'ဟု ဆိုလိုက်သဖြင့် စံတင်လည်း ကားကိုထိုး၍ ရပ်လိုက်လေ၏။

'ကိုင်း…မညွန့်တင်၊ နောက်ကလူတွေလဲ ရှောင်ရင်း၊ ဒီထဲခဏဝင်ရအောင်'

'ဒုက္ခမရှာပါနဲ့ရှင်၊ နေပါစေတော့၊ ကျွန်မလဲ မဆာပါဘူး'

'မဆာပေမယ့်လဲလေ ခဏလောက်ပေါ့၊ စကားစမြည်လဲပြောရင်း ခုတင်ကလူတွေလဲ ရှောင်ရင်းပေါ့၊ လက်ဖက်ရည်တစ်ခွက်နဲ့တော့ ပိုပြီး ဗိုက်မလေးပါဘူး၊ ပြီးတော့မှ မညွန့်တင် သွားချင်ရာကိုပြောပါ၊ ကားနဲ့လိုက်ပို့ပါမယ်၊ လာပါလေ၊ သဒ္ဓါလို့ကျွေး သေဆေးတောင် လွှတ်ပစ်ရသေးတာပဲ၊ ဟဲ…ဟဲ…'ဟု ရွှင်ပြုံးစွာခေါ်လိုက်သော ကျော်မြင့်၏အသံတွင် ညှို့ဓာတ်ပါသည့်အလား မညွန့်တင်မှာ ငြင်းပယ်ခြင်းငှာ မတတ်နိုင်တော့ဘဲ ဆိုင်ထဲသို့ လိုက်ပါသွားရလေ၏။

ကျော်မြင့်တွင် စောစောက စိတ်ရှုပ်စရာကောင်းသလောက် ယခုတွင် အပျော်ကြီးပျော်နေသည်ကိုတွေ့ရကာ လှပသူ တက္ကသိုလ်ကျောင်းသူကလေးတစ်ဦးနှင့် ထူးထူးဆန်းဆန်း တွေ့ဆုံရသည့်အတွက် ထိုနေ့အဖို့ ရှိသမျှငွေတွေ ကုန်ချင်ကုန်ပါစေ၊ ကျောင်းလခမပေးနိုင်လို့ 'ဆပ်စပန်းရှင်း' အထိခံရ၍ ကျောင်းခန်းထဲဝင်ခွင့်မရချင်လည်း နေပေစေတော့ဟု ဆုံးဖြတ်ကာ စေသန္တရာထုံး နှလုံးထားလျက် စားသောက်ဖွယ်ရာမျိုးစုံတို့ကို ဆက်ကာဆက်ကာ မှာယူကျွေးမွေးလေ၏။ စားသောက်ကြရင်း စောစော





က အဖြစ်အပျက်ကလေးကို စားမြုံ့ပြန်ကာ ရယ်ရင်းမောရင်း၊ ပြောဆိုရင်းနှင့် တစ်ယောက်နှင့်တစ်ယောက် အကျွမ်းတဝင်ဖြစ်သွားရာမှ တစ်ယောက်၏အကြောင်း တစ်ယောက် ကောင်းကောင်းသိရှိကာ ထိုသို့ တွေ့ဆုံရအောင် ဖြစ်လာရင်းကိုပင် ဝမ်းအသာကြီးသာ၍ နေကြလေ၏။

စားသောက်ပြီးကြသောအခါ ဆိုင်ထဲမှ ထွက်လာကြပြီးလျှင် မညွန့်တင်က 'ကျွန်မ ဗိုလ်ချုပ်ဈေးထဲမှာ ပိုးထည်ကလေးတစ်ခု ဝယ်စရာရှိတယ်၊ ကျွန်မသူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်လက်ဖွဲ့ဖို့၊ ဒါကလေး အရေးကြီးနေတာနဲ့ ထွက်လာခဲ့တာ၊ အရေးထဲမှာ အရာပေါ်နေ ဟော့တာပဲ'ဟုပြောရင်း ရယ်သောကြောင့် ကျော်မြင့်က ရောနှော ရယ်မောရာမှ…

'ဟုတ်ပါရဲ့၊ ဖြစ်ရပ်များ ဆန်းလဲဆန်းပါပေတယ်၊ အသိကျောင်းသားထဲကများ တွေ့သွားရင် ကျောင်းကျတော့ ဘယ်လောက်နောက်ပြောင်ကြမလဲလို့၊ ဘယ်သူမှမတွေ့ပေလို့ပေါ့'ဟု ပြောပြီးလျှင် 'ဟော့…စံတင်၊ ဗိုလ်ချုပ်ဈေးသစ်ကို ခမောင်းဟေ့'ဟု အမိန့်ချကာ နှစ်ဦးသား ကားပေါ်သို့ တက်၍ ပါသွားကြလေ၏။

မညွန့်တင် အလိုရှိသောပစ္စည်းများကို နှစ်ယောက်သား ကြည့်ရှု ရွေးချယ် ဝယ်ခြမ်းကြပြီးနောက် ဆိုင်ရှင်အား မညွန့်တင်၏ သူငယ်ချင်းထံသို့ တစ်ခါတည်း တင်ပို့လိုက်ရန် ခိုင်းအပ်ခဲ့ပြီးလျှင်

'ကိုကျော်မြင့်ကော ဘာများဝယ်စရာရှိသေးလဲ'

'ဝယ်စရာ တယ်ပြီးမရှိပါဘူး၊ ဝယ်ဖို့ဆိုရင်ဝေ အနန်းနွားကတလေးငိုသလို စာကြည့်ချိန်အော်တာတဲ့ ကျောင်းသားအဖို့ ါကလေး ယ်သွားမှပဲ'ဟု ပြောဆိုရယ်မောသဖြင့်…



www.burmeseclassic.com

www.burmeseclassic.com



'ကိုကျော်မြင့်တို့ ကျောင်းသားတွေဟာ သိပ်ပြီးနောက်တဲ့လူချည်းပဲ'

'ဟာ...မပြောနဲ့တော့၊ ရှုပ်တဲ့နောက်တဲ့ဘဝမှာတော့ ဗိုလ်ချည်းပဲ၊ ဆာဂျင်တောင်မရှိဘူး'ဟု ပြောသည့်အတွက် ညွှန့်တင်တွင် ရယ်မောနေသောကြောင့်...

'ကိုင်း...မညွှန့်တင်၊ ဘယ်မှသွားစရာမရှိရင်လဲ ရုပ်ရှင်သွားကြရအောင်'ဟု ခေါ်လေရာ ညွှန့်တင်က အားနာလျက်နှင့် ငြင်းပယ်သော်လည်း ကျော်မြင့်၏ ဆွဲငင်ခြင်းကို မရှောင်သာသောကြောင့်...

'အချိန်သိပ်ပြီး နောက်ကျနေမယ်ထင်တယ်'

'နောက်မကျပါဘူး၊ ခပ်စောစောပြီးမှာပဲ၊ ပြန်တော့လဲကားနဲ့ပြန်မှာ၊ အချိန်ကောင်းကလေးပဲ ပြန်ရောက်မှာပဲ'ဟု ပြောသည့်အတွက် ညွှန့်တင်မှာ ရုပ်ရှင်သို့ လိုက်ရပြန်လေ၏။

ကားပေါ်မှဆင်းသောအခါ ရုပ်ရှင်ရုံရှေ့တွင် ရောက်နေကြသော ကျောင်းတော်သားများ၏ မျက်လုံးများသည် 'ယူ တီ စီ' ဒရိန်းပြသလို ကျော်မြင့်တို့ဘက်သို့ တညီတညာတည်း လှည့်ကြည့်ကာ စိုက်၍နေကြလေတော့၏။

'ဒီငနဲနဲ့ ဘယ်တုန်းကများ သိနေကြပါလိမ့်မလဲ'ဟု တွေးတော အံ့သြသူကလည်းမရှား၊ အသိထဲက ကျော်မြင့်ကိုကြည့်ကာ မျက်စိတစ်ဖက်မှိတ်၍ ပြောင်ပြသူကပြ၊ လူနောက်များကလည်း 'ကြွားတယ်ဟေ့၊ ကြွားတယ် ပုံမှားကြိတ်လာတာပဲ' စသဖြင့် မကြားတကြား ပြောသူကပြောဖြင့် ခပ်မြန်မြန်ဝင်ရန် လက်မှတ်ခံမည်အလုပ် 'ဆရာ၊ ဓာတ်ဆီဖိုးပေးခဲ့ပါဦး'ဟု စံတင်က တောင်းနေပြန်သဖြင့်...

'မင်းတို့ ဒရိုင်ဘာတွေ ဒါမျိုးချည်းပဲ၊ ထမင်းမစားရသေးတာနဲ့၊





ဓာတ်ဆီမရှိတာနဲ့'ဟု စဟိုင်ထုတ်၍ ကြိမ်းလိုက်ရာ...

'ဆရာ ကျွန်တော့်အကြောင်းလဲ အသိသားပဲ၊ မရှိလို့ပြောတာပါ'ဟုဆိုမှ 'ပေးမှာပေါ့...'ဟုဆိုရင်း ကျောင်းသား များရှေ့တွင် ငွေစက္ကူများကို အထပ်လိုက် ဆွဲထုတ်လိုက်ပြီး ခပ်တည်တည် တစ်ရွက်စီရေကြည့်ပြီးမှ...

'ရော...ပထမတန်းကနှစ်စောင် လက်မှတ်သွားဖြတ်ချေ၊ ပိုတာယူသွား'ဟု ဆိုကာ တစ်ဆယ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်လေ၏။ လက်မှတ်ရသောအခါ 'စံတင်...မင်း ရုပ်ရှင်အပြီး လာစောင့်ချေ'ဟု မှာခဲ့ပြီးလျှင် နှစ်ယောက်သား စတိုင်ထုတ်ကာ ယှဉ်တွဲ၍တက်သွားပြီးလျှင် ကျော်မြင့်က အသိကျောင်းသားများဘက်သို့လှည့်ကာ မျက်စိမှိတ်လျှာထုတ်၍ ပြုံးပြခဲ့လေ၏။

ရုံထဲသို့ရောက်၍ ထိုင်မိကြသောအခါ ရောက်နှင့်နေကြသော ကျောင်းသားအချို့နှင့် နောက်ထပ်ဝင်လာသော ကျောင်းသားများသည် ကျော်မြင့်တို့ကိုသာ လှည့်၍ကြည့်ရှုကြပြီးလျှင် အချင်းချင်း တီးတိုးပြောဆို ရယ်မောကြလေရာ ကျော်မြင့်သည် အစတွင် မျက်နှာပူမိသော်လည်း မကြာခင်းလှည့်ကြည့်ကြသည်ကို တွေ့ရတော့သဖြင့် မထူးတော့ဘူးဟု နှလုံးပြုကာ အလှူ့ရှင်မှန်းသိအောင် မဏ္ဍပ်တိုင်တက်၍ပြသကဲ့သို့ မိမိကို မမြင်မြင်ရအောင် ရင်ကိုကော့၍ တည့်မတ်စွာထိုင်လျက် မျက်နှာပြောင်တိုက်လိုက်သောကြောင့် ကျောင်းသားများမှာ နောက်ထပ်လ... ၍မကြည့်ဝံ့တော့ဘဲ ရှိလေ၏။ ထိုသို့ ယှဉ်တွဲ၍ စတိုင်ထုတ်လိုက်ရခြင်း ...တဂ္ဂ တစ်နေ့ခင်းလုံး အတူတူယှဉ်တွဲသွားလာနေရသည်များမှာ ကျော်မြင့်င... ...က်ပြည်သို့ရောက်အောင် မှိန်းလိုက်သောဘိန်းစား၏ စည်းစိမ်မျိုးကို ခံစ...ရကာ



www.burmeseclassic.com

www.burmeseclassic.com



နေ့ညနေ့နှင့်အမျှ ထိုကဲ့သို့ သွားလာနေနိုင်တဲ့ကိုယ် ဖြစ်ရပါစေလို့ စိတ်ထဲက ကျိတ်၍ ဆုတောင်းရင်း ပျော်ရွှင်ကျေနပ်ခြင်း၏ အရသာကို ဆိတ်ငြိမ်စွာ ခံစားနေလေ၏။

'ချောကလက်စားမလား၊ အောရိန်းကရပ်သောက်မလား' တည်းဟူသော လောကွတ်စကားများဖြင့် ညွန့်တင်အား အမျိုးမျိုးအရေးယူနေရင်းပင် ရုပ်ရှင်ကား စ၍ပြသဖြင့် တစ်ရုံလုံး မည်းမှောင်၍သွားသောကြောင့် ကျော်မြင့်တွင် ကျောင်းသားများ၏ မျက်လုံးလက်နက်မှ သက်သာခွင့် ရသွားလေတော့၏။ သို့နှင့် ရုပ်ရှင်ကား ပြီးလုနီးလာသည်တွင် ပြီးသည်တိုင်အောင် စောင့်၍နေချေက ကျောင်းသားများ၏အထွက်နှင့် ဆုံနေမည်ဖြစ်၍ ပြောင်လှောင်ကြဦးမည်ကို ကြိုတင်သိနှင့်သည်အလျောက် မိမိမှာမူ အပြောင်ခံရသော်လည်း သာ၍ကျေနပ်ဖွယ် ဖြစ်မည်မှန်သော်လည်း မညွန့်တင် ရှက်သွားမည်ကို စိုးရိမ်သောကြောင့် 'ပြီးမှထွက်ရင် လူတိုးခံနေရမယ်၊ စောစောထွက်ကြစို့'ဟုပြောကာ နှစ်ယောက်သား ထွက်ခဲ့ကြလေ၏။

'ဘယ့်နှယ်လဲဆရာ၊ ပြီးပြီလား'ဟု စောင့်နေသောစံတင်က မေးရာ 'ပြီးလို့ထွက်လာတာပေါ့'ဟု ပြောသဖြင့် 'ဟဲ...ဟဲ...အဲဒါ ထုံးဂျန်ကိုဗျ'ဟု ကုလားသံနှင့် ပြန်၍ပြောလိုက်မှ 'မင်းကတော့ နောက်ရော့မယ်'ဟု ဆိုရင်း ကားပေါ်သို့တက်ကြကာ ကျော်မြင့်က စံတင်အား အရှည်ဆုံးလမ်းမှ ဖြည်းဖြည်းမောင်းရန် ကိုတ်၍မှာလိုက်လေ၏။

သို့နှင့် ကျော်မြင့်သည် တစ်လမ်းလုံး စကားတွေ ဖောင်ဖွဲ့အောင်ပြော၍ လိုက်ပါလာရင်း ဗစ်တိုးရီးယားအဲဗင်းနယူးသို့ ကားဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ကျောင်းသို့ရောက်တော့မည်ကို သိရသဖြင့် ကြာကြာ





အတူတူစီးရတော့မည် မဟုတ်တော့သောကြောင့် မကြာမီ ခွဲရတော့မည်ကိုတွေး၍ ဝမ်းနည်းချင်သလိုလို ဖြစ်မိလေ၏။ ထို့နောက် မိန်းကလေးများနေထိုင်ရာ အင်းလျားကျောင်းဆောင်တွင်းသို့ ကားဝင်သွားပြီးလျှင် ပေါ်တီကိုအောက်တွင် ထိုး၍ဆိုက်လိုက်သဖြင့် 'ကဲ...ကျွန်မ ဆင်းတော့မယ်'ဟု မညွန့်တင်က ပြောသည့်အတွက် ကျော်မြင့်က တံခါးကိုဖွင့်ပေးလိုက်ရာ မညွန့်တင်သည် ကားပေါ်မှဆင်းရင်း 'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကို ပြုစုစောင့်ရှောက်တာတွေ'ဟု ပြောသောကြောင့်...

'ကျေးဇူးတင်လောက်အောင် မဟုတ်ပါဘူး၊ တင်စရာ မရှိပါဘူး' ဟုပြော၍ 'ကိုင်း...ဒီကလဲ သွားလိုက်ပါဦးမယ်'ဟု နှုတ်ဆက်သည်တွင် စံတင်ကလည်း ကြားဖောက်၍ 'ကိုင်း...မမလေး...ဂွတ်စနိုက်'ဟု လူပြက်အင်္ဂလိပ်စကားဖြင့် နှုတ်ဆက်ကာ ဦးထုပ်ကိုမြှောက်၍ပြသည့်ဟန်မျိုးလုပ်လိုက်သဖြင့် မညွန့်တင်တွင် ရယ်မော၍ ကျန်ရစ်ရာက ကျော်မြင့်က လက်လှုပ်၍ပြသည်ကို မြင်သဖြင့် ပြန်၍ပြလိုက်သောကြောင့် ကျော်မြင့်က 'ဟော့...စံတင်၊ ငါ့ကြည့်ပါဦးကွ'ဟုဆိုကာ ရင်ဝကို လက်နှင့်ဖိရင်း မော့မော၍ လဲသည့်ဟန်မျိုးဖြင့် ကားပေါ်သို့ ပုံ၍လှဲချလိုက်သောကြောင့် စံတင်တွင် ကားမောင်းရာက ဟက်ဟက်ပက်ပက် ရယ်မိလေတော့၏။

ပုဂံဟောတယ်သို့ ကားဝင်သွားပြီး လှေကားရင်းတွင် ထိုး၍ ကားဆိုက်လိုက်သည်နှင့်တစ်ပြိုင်နက် လှေကားတက်အဆင့်ပေါ်တွင် ရပ်၍ စကားပြောနေသူများသည် ကျော်မြင့်ကိုကြည့်ကာ 'ဟာ...ကိုကျော်မြင့်တို့ကတော့ ဒီကနေ့တော့ စတိုင်ပဲဟေ့၊ အရမ်းကိုပစ်ကြဲလိုက်တာပဲ'ဟု ဆိုသဖြင့် ကျော်မြင့်က ဆိုလိုရင်းကို သိသော်လည်း မသိဟန်ဖြင့် ပြုံးရယ်ကာ...

'ဘာများဖြစ်လို့လဲဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူးမှတ်လို့၊ ဖိန်းမယ်တော့ မကြံနဲ့ဆရာ၊ ဂလုပ်ရုံမှာလေ...'

'ဩော်...သိပြီ၊ နို့ပေတဲ့ဗျာ၊ ဒါကတော့ သူ့ကုသိုလ်နဲ့သူ ဖြစ်တာပါဗျာ၊ မနာလိုတို့မရှိပါဘူး'ဟု ပြောင်၍ပြောရင်း ကားခပေး၍ တက်လာလေ၏။

'ဒီကနေ့တော့ ခင်ဗျားတယ်အီတဲ့လူပဲ'ဟု တစ်ယောက်က စလိုက်သဖြင့် အခြားသုံးယောက်က 'ဖိုးအီဟေ့၊ ဖိုးအီ'ဟု သံသေးသံကြောင်နှင့် အော်ကြသောကြောင့် 'ဘာလဲဟေ့၊ ဘာလဲ'ဟု မေးကာ ကျောင်းသားအချို့ အခန်းထဲမှ ထွက်လာကြလေ၏။ ထိုကျောင်းသားတစ်စုတို့သည်လည်း ဆူဆူညံညံနှင့် ကျော်မြင့်နောက်မှလိုက်ကာ သူ၏အခန်းတွင်းသို့ ဆူညံစွာ ဝင်ရောက်ကြလေ၏။ ကုလားထိုင်ဟတစ်လုံး၊ စားပွဲတစ်လုံး၊ ဗီရိုတစ်လုံး၊ ခုတင်တစ်လုံးသာရှိသော အခန်းကလေးမှာ ကျောင်းသားများဖြင့် ပြည့်နှက်သွားကာ အိပ်ရာပေါ် ပစ်လှဲအိပ်သူကအိပ်၊ ဘေးတွင်ထိုင်သူကထိုင်၊ စားပွဲပေါ်သို့ တက်သူတက်၊ အဝတ်ထည့်ထားသောသံသေတ္တာကိုဆွဲ၍ တက်ထိုင်သူကထိုင်နှင့် ရှုပ်ယှက်ခတ်သွားလေ၏။

'ကိုကျော်မြင့်တို့များ သိပ်ပြီး စွံတာပဲ၊ ဆေးကောင်းကလေးများရှိရော့လား'ဟု မေးရာ 'ဆေးကောင်းတော့ ရှိတာပေါ့'ဟု ရယ်မော၍ ပြောလိုက်သဖြင့်...

ကျောင်းသားတစ်ယောက်က 'ဒါဖြင့်ဗျာ၊ ဆေးနည်းကလေးများ ပေးပါခင်ဗျာ၊ ဖိနပ်ချွတ်ပေးဆိုရင် ပေးပါ့မယ်'ဟု ပြောကာ ဟန်လုပ်၍ ချွတ်တော့မည့်ပုံ လုပ်လိုက်ရာ 'ဒါလောက်လဲ အသနားခံဖို့ မလိုပါဘူး၊ လိုချင်သပဆိုရင် ပေးရတာပေါ့၊ ကိုင်း...မှတ်ထားနော်၊ ရေနံချေးရယ်၊ ဆေးရွက်ရယ်၊ ဒုတ္တာရယ် ရော...'





'အဲဒါကို လျှာမထိအာမထိ မျိုရမလား'

'မဟုတ်ဘူး၊ အဲဒါကိုလိမ်း၊ ဝဲခြောက်တော့ သေသေချာချာ နိုင်တယ်'ဟု ပြောမှ ပြောင်သည်ကိုသိကာ ဝိုင်း၍ရယ်ကြရာ 'ဒါနဲ့ ဆေးနည်းကောင်းလိုချင်တယ်ဆို'ဟု ကျော်မြင့်ကပြောရာ တစ်ယောက်က...

'ဒီဆေးမေးတာမဟုတ်ဘူး၊ မိုးယပ်ဆေးမေးတာ'ဟု ဒေါသထွက်ဟန်လုပ်၍ပြောကာ 'တော်ပါဗျာ၊ ခင်ဗျားလဲ ကိုသိန်းဖေနဲ့ပေါင်းတာနဲ့ ရောက်လာပြီ၊ ကြာရင် အနူဆေးရုံပို့ရတော့မယ်'ဟု ပြောနေစဉ် ပုဂံကျောင်းဆောင်၏ လူရွှင်တော်ဘွဲ့ရ မျက်မှန်နှင့်ကျောင်းသား မောင်သိန်းဖေရောက်လာလေရာ 'သေခဲဦးမယ့်လူပဲ၊ ပြောနေရင်းရောက်လာတယ်'ဟု တစ်ယောက်က ဆီး၍ပြောလိုက်သည်ကို သိန်းဖေမှာ ဂရုမစိုက်ဘဲ ခါးစပ်မှာ 'ဒန့်ဒလန့်ဒန့်...ဒန့်ဒလန်ဒန့်...'ဟု ဆိုမြည်ရင်း ပက်နှစ်ဖက်ကို ထုပ်၍ ဝင်လာသဖြင့် 'ဘာဖြစ်လာတုန်း'ဟု မေးမှ...

'သွေးစုန်းနာဂျို...အဲလေ...ဘင်ဂျိုတီးလာတာ'ဟု ပြောသည့်အတွက် တစ်ခန်းလုံး ပွဲကျ၍သွားလေ၏။

'ကိုသိန်းဖေ ခင်ဗျားလူကတော့ ဒီကနေ့ ကြက်ကန်းဆန်အိုးတိုးသွားတာပဲ၊ ဂလုပ်ရုံထဲ နှစ်ယောက်သားတွဲပြီး ဝင်လာလိုက်တာ၊ သူဟာက ဘာလိုလို ညာလိုလိုဗျ'ဟု တွေ့မြင်သွားသော ကျောင်းသားတစ်ယောက်က ပြောသဖြင့် 'ဘယ်သူလဲဗျ'ဟု ကိုသိန်းဖေက မေးမှ...

'မညွန့်တင်ပါဗျာ'

'အံမယ်...ခင်ဗျား တယ်တော်တဲ့လူပဲ၊ မြုံထားလိုက်တာ အခုမှ ပေါ်တော့တယ်၊ ကျွန်တော့်အသိမပေးဘူး'

'ခင်ဗျားအသိပေးဖို့မနေနေသာသာ ကျွန်တော်တောင် ဒီနေ့မှ သိရတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဖြီးမနေပါနဲ့ဗျာ၊ မဟုတ်နိုင်တာတွေပြောလို့ သူများယုံပါ့မလားဗျ'

'ကျွန်တော်ကြိုက်တဲ့ ရည်းစားနဲ့မညားဘဲ ရှိစေရဲ့၊ တကယ့်ကို ပြောတာပါ၊ တွေ့ပုံကိုက ဆန်းလွန်းလို့'ဟု စလိုက်မှ အများက ဝိုင်း၍ မေးကြသည်တွင် အဖြစ်အပျက်အလုံးစုံကို ဖွင့်ဟပြောပြသောကြောင့် တသောသော ရယ်မောကြလေတော့၏။

'ဟုတ်လဲဟုတ်တဲ့လူပဲဗျာ၊ ကုသတို့ဇွဲမျိုးနဲ့ ကမ္ဘာကို ခြေကန်ပိုး မယ့်လူပဲ၊ ကံကောင်းလို့ ထောင်နှုတ်ခမ်းပေါ်က ချော်မကျတယ်၊ ကြံကြံ ဖန်ဖန်ဗျာ'ဟုပြောရင်း သိန်းဖေမှာ တွေး၍ ရယ်နေပြန်သဖြင့် သူ၏ ရယ်သံကို အခြားကျောင်းသားများ မခံနိုင်ဘဲ ရောနှော၍ ရယ်မော ကြလေ၏။

'ဒါဖြင့် ချစ်ခြင်းအစ သားရေအိတ်ကဆိုတဲ့ စကားအသစ် ပေါ်လာပြီ ဖြစ်နေတော့တာပေါ့'ဟု ပြောနေဆဲမှာပင် ထမင်းစားခေါင်းလောင်း ထိုးလိုက်သဖြင့် 'ဝေးဟေး'ဟူသော ဆူညံသံကြီးနှင့်တကွ လူစုကွဲ၍သွား လေတော့သတည်း။

❊ ❊ ❊

သို့နှင့် ကျောင်းတော်ကြီးတွင် ကျော်မြင့်နှင့် မညွန့်တင်တို့ ပြန်၍ တွေ့ကြသောအခါ ရှက်သလိုလို ဖြစ်၍နေသဖြင့် မျက်နှာထားမရဲသော် လည်း 'ကော်ရစ်ဒါ'တွင် ရင်ဆိုင်တွေ့နေရခြင်းကြောင့် မျက်နှာချင် ဆုံမိကာ ပြုံးရယ်၍ နှုတ်ဆက်ရာက ထွေထူးသောအကြောင်း မရှိသော် လည်း စကားပြောရလျှင်ပင် ကျေနပ်ရမည်ဖြစ်ခြင်းကြောင့် 'အခု မညွန့်တင်တို့ အောဖ်ရသလား'ဟု 'အောဖ်ပီးရီးယဒ်'ခေါ် စာသင်ရန်





ရှိသဖြင့် အားလပ်သောအချိန် ရသလားဟု မေးရာတွင်....

'မရဘူး၊ အင်္ဂလိပ်ကလပ်(စ်) တက်ရဦးမယ်'ဟု ဖြေသောကြောင့် ကြာရှည်စွာဆွဲဖင့်၍ စကားပြောခွင့်မရသဖြင့် ထိုမျှလောက်ပြောလိုက်ရ သည်နှင့်ပင် ကျေနပ်ရလေတော့၏။

သို့ဖြင့် သင်ကြားရန် သင်ခန်းစာပြောင်းလဲသည့်အလျောက် တစ်ခန်း မှ တစ်ခန်း ကူးပြောင်းသွားလာရင် တွေ့ဆုံသည့်ခဏလေးတွင် စကား ပြောဖြစ်အောင် ပြောလိုက်ရသည်ကိုသာ အသားယူ၍ မညွန့်တင်တို့ အား သောအချိန်နှင့် ကျော်မြင့်အားသောအချိန်များတွင် တနင်္ဂနွေတစ်ပတ် လုံးမှ တစ်ချိန်မျှသာ တူသည့်အလျောက် ထိုအချိန်ကလေးအတွင်း လှလှ သက်ယက် စောင့်ဆိုင်း၍ 'လေဒီစ်ကွန်းမွန်းရွမ်း'ခေါ်သည့် မိန်းကလေး များ၏စုဝေးရာ အခန်းနားတွင်လည်းကောင်း၊ စာဖတ်ခန်းတွင်လည်း ကောင်း တွေ့ဆုံကာ မိန်းကလေးများ၏အကြောင်းကို မေးမြန်းခြင်း၊ သောင်းပြောင်းထွေလာ ပြောဆိုခြင်းများနှင့်သာ အချိန်ကုန်ရလေတော့၏။

မညွန့်တင်မှာ ကျော်မြင့်နှင့် အသိဖြစ်ရခြင်း၌ ယောကျ်ားအသိ ရှိခြင်းထက် တစ်စုံတစ်ရာ အလိုရှိလျှင် မြို့ထဲသို့ ကဆုန်ပြေးကာ အမြန်ဆုံး ရှာဖွေဝယ်ယူပေးမည့်သူတစ်ဦး ပေါ်ပေါက်လာခြင်းပင် ဖြစ်လေ တော့၏။ ထိုသို့ ကျော်မြင့်မှာ မညွန့်တင်၏အကျိုးကို အမျိုးမျိုးဆောင်ရွက် ၍လုပ်ပေးခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အထူးချစ်ခင်ရင်းနှီးသော အခြေသို့ ဆိုက်ရောက်လာကြသည့်အလျောက် သည်အချိန်၊ သည်နေရာ၌ တွေ့နေကျ၊ ဟိုအချိန်၊ ဟိုနေရာ၌ တွေ့နေကျဖြစ်သည့်အတိုင်း ထိုသို့ တွေ့ကြရန်မှာ အလုပ်ဝတ္တရားကြီးတစ်ခု ဖြစ်သည့်ပမာ မတွေ့ဘဲ မနေနိုင် ကြသောအဖြစ်သို့ ရောက်ရှိလျက် တစ်ရက်လောက်မတွေ့ရလျှင် ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ခရီးတွန်းမှာ ကျောင်းအပြန်တွင် လက်ဖက်ရည်မမီလိုက်သည့်ထက် ခင်အနည်းကြီးနည်းမိလေတော့၏။

ထင်းသို့သောအခြေအနေသို့ ဆိုက်ရောက်လာသည့်အလျောက် ကျော်မြင့်နှင့်အတူတွဲဖက် သိန်းဖေက 'ဘယ်နှယ့်တုန်းဆရာ၊ ယခုလောက် ကြာလို့မှ ခင်ဗျားတို့အခြေအနေဟာ ဘယ်ခရီးမှမဆိုက်သေးဘူးလား'ဟု မေးသည့်အတွက် 'ဒါတော့ ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ တော်တော်ခရီး ရောက်နေမှဖြင့် အခုလို ဘယ်နေလိမ့်မတုန်း'ဟု ပြောသောကြောင့်...

'နို့...သူက ကြိုက်ပုံမပေါ်လို့လား'

'ဒါတော့ ဘုရားမှသိလိမ့်မယ်၊ ကျွန်တော်တော့ဖြင့် မပြောတတ်ဘူး ကျွန်တော့်စိတ်ထဲကဖြင့် ကြိုက်လိုက်ရတာ သေလုနေပြီ'

'ဟာ...ဒီလိုနဲ့ဘယ်ဖြစ်မလဲ၊ ခင်ဗျားဟာက တစ်သက်လုံးပိုးရတော့ မှာလားခင်ရဲ့ ဆိုတဲ့အထဲရောက်နေပြီ၊ သူကြိုက်...မကြိုက်သိအောင် လုပ်ရမှာပေါ့ဗျ၊ ခုတော့ ခင်ဗျားကြိုက်တာကိုတောင် သူသိချင်မှသိမှာ ဒါကြောင့် တရားတော်အတိုင်း စကားနဲ့ပြောရင်ပြော၊ ဒါမှမဟုတ် ပြောရမှာ မျက်နှာပူသလို အားနာသလိုလိုရှိရင် စာရေးတာပေါ့'ဟု အကြံ ပေးသောကြောင့် ရည်းစားစာရေးရန် သဘောတူညီကြသည့်အတိုင်း...

'ဒါဖြင့်ရင် စာကောင်းကောင်းနဲ့ အသည်းကိုငြိသွားအောင် မြန်မာစာ ဂုဏ်ထူးယူတဲ့လူတစ်ယောက် အရေးခိုင်းရအောင်'ဟု ကျော်မြင့်ကပြော သဖြင့် 'အံမယ်ဗျာ၊ ရည်းစားစာကလေးလောက်နဲ့ သူတို့ကို အောက်ကျို့ လို့ဗျာ၊ အလကားလူတွေပါ၊ မြန်မာစာဂုဏ်ထူးသင်ရတာလေးနဲ့ ဦးပုည သေပြီးတဲ့နောက် သူတို့လောက်စာတတ်တယ် ထင်နေတဲ့လူတွေပါဗျာ ဘယ်သူ့ကို ဘယ်လိုချီးလိုက်ရမလဲ၊ လာပါဗျာ၊ ကျွန်တော်ရေးပေးပါ့မယ်'





ဟု ကတိထားလိုက်သည့်အတိုင်း ညစာကြည့်ချိန်တွင် အဆောင်မှူး ခင်ဆေးလှည့်လည်ကြည့်ရှုခြင်း ပြုပြီးသည့်အချိန်ကစ၍ ဝတ္ထုစာအုပ်များ၊ ဘာဗျာလင်္ကာ၊ မေတ္တာစာအုပ်များကို ဘေးတွင်ချ၍ ကောင်းနိုးရာရာ ကောက်နုတ်ထည့်သွင်းကာ နှစ်ဦးသားတိုင်ပင်၍ ရည်းစားစာ ကလိကမာ ဒီပနီကျမ်းကြီးကို အပတ်တကုတ် ကြိုးစားရေးလိုက်ကြရသည်မှာ ဆယ့် တစ်နာရီ အခန်းမီးငြိမ်းလိုက်သည့်တိုင်အောင် မပြီးသေးသဖြင့် အခန်း တွင်း၌ ဖယောင်းတိုင် မထွန်းရဟူသော ဥပဒေရှိသည့်အလျောက် ထမင်း အားခန်းသို့ သွားရောက်ကာ မီးဖွင့်၍ ရေးကြရလေတော့၏။

ပြီးကြတော့မှ သိန်းဖေက 'ခင်ဗျား အိမ်ကိုပေးမယ့်စာနဲ့လဲ မှားပြီး တော့ မပေးမိစေနဲ့နော်၊ ဒါမျိုးမှားတတ်ကြလွန်းလို့'ဟု ပြောင်လှောင်ကာ လှုချင်းခွဲ၍ ဆိုင်ရာအခန်းများထဲသို့ ဝင်ရောက်ကာအိပ်လေ၏။ စာရေးပြီး သည့်နေ့မှစ၍ ကျော်မြင့်သည် အခါကောင်းကိုသာ စောင့်မျှော်နေလေရာ လူရှင်းသောနေ့တွင် ညွန့်တင်နှင့် တစ်ယောက်ချင်းတွေ့သဖြင့် ရပ်တန့် လျက် စကားအစချီပြီးလျှင်...

'မညွန့်တင်ကို ပြောစရာတစ်ခုရှိတယ်'

'ပြောပါ...ပြောစရာရှိရင်'

'ပြောမယ် ကြံနေတာတော့ ကြာပါပြီ၊ ပြောချင်သမှ မနေနိုင်အောင် ဖြစ်နေတာပဲ၊ နို့ပေမယ့် ဒီလိုပြောလိုက်ရင် ရိုင်းစိုင်းရာရောက်နေမလားလို့ အားနာတာလဲတစ်ကြောင်းကြောင့် ကျိတ်နေခဲ့တာပဲ၊ နို့ပေမယ့် အခုတော့ မမျိုသိပ်နိုင်တဲ့အခြေအနေ ရောက်လာလို့၊ မပြောဘဲနဲ့ သိရအောင်'ဟု ဆိုကာ စက္ကူအခေါက်ကလေးကို တစ်ပါးသူမမြင်ရအောင် ကွယ်ကာ ကျိတ်၍ပေးလိုက်ရာ ညွန့်တင်၏မျက်နှာမှာ ရုတ်တရက် အရောင်ပြောင်းသွား



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ...'ဟု တုန်တုန်ယင်ယင် မေးသဖြင့်...

'အာ...'ဟု ပြန်ပြောသောကြောင့် အရှက်သွေးများ မျက်နှာပေါ်သို့ ပြည့်လျှမ်းတက်ကြွကာ မျက်နှာကို စောင်းလှည့်ပြီး 'ရှက်စရာကြီးနော်... ယူပါရစေနဲ့'ဟု သနားသောအသံဖြင့် ပြောသောကြောင့် 'ဒီနေရာတွင် ငါနောက်ဆုတ်လိုက်ရင် တစ်သက်လုံးကန်းတော့မည်၊ တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်ရဲတော့မှာမဟုတ်၊ ဇွတ်နှစ်၍ပေးမှပဲ'ဟု ကျော်မြင့်တွင် နှလုံးပိုက်လိုက်မိပြီး...

'ကိုကျော်မြင့်စိတ်ထဲမှာ ခံစားနေရတဲ့ ဝေဒနာကို တွေးပြီး သနားသဖြင့် ယူလိမ့်မယ်ထင်တယ်၊ ဒီကလို မေတ္တာမရှိလို့ စာမပြန်ချင်ရင်လဲ နေပါတော့၊ ဒီမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာ သိရင် တော်လောက်ပါပြီ ဆိုပြီး အရှက်ကိုငဲ့ပြီး ပေးရတာကိုမှ ရက်ရက်စက်စက်မယူဘဲနေရင်ဖြင့် အရှုတွေပေါက်ကွဲပြီး အသည်းကျွမ်းရတော့မှာပါပဲ'ဟု ညိုးငယ်သော မျက်နှာထားဖြင့် သနားအောင်ပြောမှ ညွန့်တင်တွင် စိတ်နှလုံးများ အရည်ပျော်သည့်အလား သနားစိတ်ဝင်လာသည်လည်းတစ်ကြောင်း၊ အခြား ကျောင်းသူကျောင်းသားများ မြင်၍သွားမည်ကိုလည်း စိုးသည့်အတွက် လက်လှမ်း၍ ယူလိုက်မိသည်နှင့် တစ်ပြိုင်နက် ရှက်ကြောက်သောစိတ် များသည် ကျော်မြင့်အနားတွင် ကြာရှည်စွာရပ်နေရန် စိတ်မသန့်ဘဲ ရှန့်တန့်တန့်ဖြစ်လာသောကြောင့် စာကို စာအုပ်ကြားတွင်ဝှက်လိုက်ကာ ခွတ်တရက်လှည့်သွားပြီးလျှင် ကွန်းမွန်းရှမ်း (Common Room)သို့ ဝင်သွားလေ၏။

ကျော်မြင့်မှာ လမ်းတွင် မိမိ၏စာကို လွှင့်၍များပစ်လိုက်မှာလားဟု ဘာထိတ်ထိတ်နှင့် မျက်စိတစ်ဆုံးကြည့်နေရာက ကောင်းစွာယူသွားလျှက်





အခန်းတွင်းသို့ ဝင်သွားသည်ကိုတွေ့ရမှ စိတ်အေးသွားကာ ဝမ်းတွင်း၌ ကြိတ်၍ ပျော်မိသည့်အပူကို သက်ပြင်းချကာ မှုတ်ထုတ်လိုက်စဉ် ဖြန်းခနဲ ကျောကုန်းကို လက်နှင့်ပုတ်လိုက်သည်ကို ခံလိုက်ရသဖြင့် လန့်ဖျပ်၍ 'မဟုတ်ပါဘူး...'ဟု ယောင်မိသောကြောင့် လာ၍ပုတ်သူ သိန်းဖေက 'ဘာမဟုတ်တာလဲ'ဟု ရယ်၍မေးမှ 'ဟာ...လန့်လိုက်တာဗျာ၊ ခင်ဗျား လုပ်လိုက်မှဖြင့် အလန့်တကြားချည်းပဲ'

'ဟဲ...ဟဲ...ဘယ့်နှယ်တုန်း၊ နေရာကျရဲ့လား'

'ပေးတော့ ပေးလိုက်ပြီ၊ သုံးဆယ့်ခြောက်ကောင် ဘယ်ကောင် ပေါက်မလဲမသိဘူး'ဟု ပြောမှ 'နေရာကျပါစေ့မယ်ဗျာ၊ မပူပါနဲ့၊ ကိုင်း... ညည်းစားစာရေးပေးရတဲ့ လျှောက်လွှာခပေး'ဟု ဆိုသဖြင့် 'အို...လိုတရ ခပေါ့ဗျာ'ဟုဆိုကာ လက်ဖက်ရည်ဆိုင်သို့ ထွက်သွားကြလေ၏။

ညွန့်တင်မှာ ကျော်မြင့်၏စာကို ရသည့်အချိန်မှစ၍ စိတ်ထဲတွင် ကတုန်ကယင် ဖြစ်နေလေတော့၏။ မယူလျှင် မဖြစ်၍ ကျော်မြင့်၏စာကို ယူလိုက်ရသော်လည်း မိမိလက်ထဲသို့ ရောက်နေပြန်သောအခါ လွှင့်၍ပစ် ရန်လည်း စိတ်ကိုမနှင်၊ ရည်းစားစာတို့မည်သည် ချစ်ကြောင်းကြိုက် ကြောင်းကို ရေးသားခြင်းပင်ဖြစ်သည်ကို သိရှိသည့်တိုင်အောင် ကျော်မြင့်၏ စာမှာ ထို့ထက်ပင် ထူးခြားသလိုလို အောက်မေ့ကာ ဖတ်၍လည်းကြည့်ချင် သဖြင့် လွှင့်ပစ်ရန်ဝေးစွ၊ အမြတ်တနိုး ကောင်းမွန်စွာ သိမ်းဆည်း ထားလျက် ကျ၍ပျောက်မည်ကို စိုးရိမ်ကာ မကြာ ... စမ်း၍စမ်း၍ ကြည့်မိလေ၏။ မိန်းကလေးများအခန်းတွင်း၌ စာကိုဖွ... ဖြင့် ... မည် ... မကြာခဏ စိတ်ကူးမိသော်လည်း အများရှေ့တွင် ဖွင့်ဖတ ... စိတ်မရဲ သဖြင့် ချီတုံချတုံဖြစ်၍နေရင်းက စာသင်ရန်အချိန်သို့ ရောက်၍ ... သင်

www.burmeseclassic.com



ခန်းအတွင်းသို့ ရောက်ပြန်သောအခါ သင်ခန်းစာထဲတွင် စိတ်မဝင်စားဘဲ ကျော်မြင့်၏စာကိုသာ မကြာခဏ စမ်းကြည့်မိလေ၏။

သို့နှင့် ကျောင်းဆင်းသဖြင့် အင်းလျားဆောင်သို့ ပြန်ရောက်သောအခါ တွေဝေငေးမောခြင်းဖြင့် အချိန်ကုန်လျက် အခြားကျောင်းသူကလေးများ ကစားဆင်းရာသို့လည်း မလိုက်နိုင်၊ ရယ်ရယ်မောမော စကားပြောနေခြင်းကိုလည်း မလုပ်နိုင်ဘဲ စာကိုဖွင့်ဖတ်ရန်သာ စိတ်ထဲ၌ အလုပ်ရှုပ်နေသည့်အလျောက် ဖတ်ကြည့်ဖို့ရန်မှာ အခန်းတွင်း၌ အတူနေသူ မသန်းကြည် ရှိနေသဖြင့် အောင့်အည်း၍နေရာက မသန်းကြည် ရေချိုးရန် ထွက်သွားသောအခါမှ အခန်းတံခါးစေ့၍ ကျော်မြင့်၏စာကို ဖွင့်လေ၏။ ညွန့်တင်၏နှလုံးသွေးများကျသည့် ဒိတ်...ဒိတ်...ဒိတ်...ဒိတ်...မြည်သောအသံမှာ သူ၏နားထဲတွင် မီးရထားခုတ်သံကဲ့သို့ ထင်မှတ်ရင်း ကျော်မြင့်၏စာကို ဖတ်ကြည့်မိလေတော့၏။

စာကိုဖတ်၍ဆုံးသည့်အခါ ရယ်စရာလိုလို၊ ရှက်စရာလိုလို စိတ်ထဲတွင် ထူးခြားသောခံစားရခြင်းနှင့် တွေ့ကြုံလျက် ဝမ်းသာရကောင်းမလား ဝမ်းနည်းရကောင်းမလားဟု ဝေခွဲ၍မရဘဲရှိနေပြီးမှ စာကိုဖတ်ရသည်မှာ ကမန်းကတန်းဖတ်ရ၍ စုံစုံလင်လင်မဖတ်ရသေးသကဲ့သို့ ထင်မြင်ကာ ထပ်မံ၍ ဖတ်ပြန်သည်တွင်လည်း အားမရဘဲ အတန်တန်ဖတ်ပြီး မသန်းကြည်အပြန်တွင် တွေ့မည်စိုး၍ ခိုးရာပါပစ္စည်း လက်ခံထားရသူ အလား သိုဝှက်ထားရလေ၏။ ဤတွင်မှ ညွန့်တင်တွင် ဒိန်းဒလိန်းနှင့် ဖမ်းစားစပြု၍လာလေတော့၏။ ယခင်က ကျော်မြင့်အပေါ်တွင် မည်သို့မျှ အာရုံမထားမိသော်လည်း ထိုစာကိုဖတ်ပြီးမှ မကြံတတ်မစည်တတ်ဖြစ်ကာ စိုက်၍စိုက်၍တွေးလျက် ငေးမောမှိုင်တွေစပြုလာလေတော့၏။





ယင်းသို့ အယူကွဲပြားလာသည်ကို မသန်းကြည်တွင် ဦးစွာမရိပ်မိသော်လည်း ညဉ့်စာကြည့်ချိန်တွင် စာအုပ်ကို ရှေ့တွင်ချကာ ငေးမောနေသည်ကို တွေ့ရမှ...။

'မညွန့်တင်၊ ဘာတွေစဉ်းစားနေသလဲ'ဟု မေးလိုက်သည်တွင် ညွန့်တင်မှာ တွေးတောခြင်းပင်လယ်တွင် မွန်းနစ်မေ့မြောနေရာမှ ရုတ်တရက် သတိရကာ မျက်နှာထားဆည်လျက် 'ဘာမဟုတ်ပါဘူး... အခိပ္ပာယ် အယူအဆကလေးတစ်ခု စဉ်းစားနေတာပါ'

'မညာနဲ့နော်၊ စာကိုစဉ်းစားရုံနဲ့တော့ ဒါလောက်စိုက်ပြီး တွေးနေမှာ မဟုတ်ပါဘူး၊ မညွန့်တင်မှာ ချစ်တဲ့သူရှိပြီထင်တယ်'ဟု ထစ်လိုက်သဖြင့် လုံသည့်အိုး တုတ်မိုးရုံနဲ့ အာသည်ဆိုသလို မသန်းကြည်မေးသည့်အတိုင်း မဟုတ်ရိုးမှန်ပါက မျက်နှာထားနှင့် ပြန်၍ငြင်းပယ်ပြောရမည့်နေရာတွင် ပြုံးကြီးလုပ်၍ 'မဟုတ်တာပဲ မသန်းကြည်ရယ်၊ ချစ်တဲ့သူမရှိပါဘူး'ဟု ပြောမိသောကြောင့်...

'လိမ်မယ်လို့ ဘာ့မကြံနဲ့ မညွန့်တင်ရေ၊ မျက်နှာကဲခတ်ရုံနဲ့ သိပြီးသားပါ၊ မှန်မှန်ပြောစမ်း၊ ဘယ်သူတဲ့လဲ၊ လိမ်ပြောရင် အာပုပ်စော်နံတတ်တယ်ဆိုတာ မကြောက်ဘူးလား'

'အို...မကြိုက်ရသေးပါဘူးရှင်'ဟု ဆိုမိသည်အတွက် လျှို့ဝှက်ခြင်းအစ်ဝက် ပေါ်နေပြီဖြစ်သောကြောင့် မသန်းကြည်က ရှေ့နေစစ်သလို ဆက်လက်၍ မေးခွန်းထုတ်ရာတွင် လုံးလုံးပေါ်၍သွားလေ၏။

'အင်း...သူ့စိတ် သူ့စိတ်...ဘာစိတ်နဲ့မှ မဟူးနော် မစားနိုင် အိပ်မပျော်၊ မသောက်နိုင်တပိန်ပိန် ဆိုတာမျိုးဟာ ဒီစိတ်ကြောင့်ပေါ့၊ အခုများအိပ်မပျော်ပါမလား မသိဘူး'ဟု ရယ်သလို၊ ရွှန်းသလိုပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည့် စကားများမှာ ဗေဒင်ဟောလိုက်ဘိသည့်အလား ညွန့်တင်မှာ ထိုညတွင် အိပ်၍မရတော့ချေ။ စာထဲတွင် ရေးထားသည်များကို တစိမ့်စိမ့်တွေးရာက ကျော်မြင့်၏ မျက်နှာကို မြင်ယောင်ယောင်ပြုကာ ဟိုထောင့်နားက ပြုံးသလိုလို၊ ဒီထောင့်နားက မဲ့ပြသလိုလို မှတ်၍မရသော မျက်စိထဲတွင် ထင်မြင်၍လာသဖြင့် 'ကိုကျော်မြင့်၊ ရှင် ကျွန်မကို နှိပ်စက်တာပဲနော်။ ကျွန်မဘာသာ အေးအေးနေရရင် အကောင်းသား၊ အခုတော့ ရှင်ရှို့တဲ့ ခနက်မီးဟာ ချက်ကောင်းကငြိပြီး ကျွန်မကို မချိအောင်လုပ်တာလား'ဟု စိတ်တွင်း၌ ကြိတ်မှိတ်ပြောဆိုမိရှာလေတော့၏။ သို့ဖြစ်သည့်အတိုင်း ညွန့်တင်မှာ ကျော်မြင့်ကိုတွေးလေ...တွေးလေ...တစ်မိနစ်မှ...တစ်မိနစ်သို့ ကူးပြောင်းတိုင်း ဆန်းပြားသောစိတ်များ ဝင်စားလာကာ 'မချစ်ချင်ပါဘူး'ဟူ၍ စိတ်ကိုတင်းခြင်းငှာ မစွမ်းနိုင်သောအခြေသို့ ဆိုက်ရောက်လေတော့၏။

နောက်တစ်နေ့တွင် ညွန့်တင်မှာ မကြံတတ်၊ မစည်တတ်ဖြစ်၍နေသည့်အလျောက် တိုးတိုးဖော်တိုင်ပင်ဖက်ဖြစ်သော မသန်းကြည်အား... 'မသန်းကြည်၊ ကျွန်မတော့ စိတ်တွေပွေနေပြီ၊ သူ့စာကို လက်ခံမိတာ ဘာမှမလုပ်နိုင် မကိုင်နိုင်ဖြစ်နေပြီ၊ ရှက်လဲသိပ်ရှက်တာပဲ၊ စာပြန်ရရင် ကောင်းမလား၊ မပြန်ဘဲနေရရင် ကောင်းမလား'ဟု မေးရာ...

'မညွန့်တင်က မေတ္တာမရှိရင် စာပြန်ဖို့ လိုမယ်မထင်ဘူး၊ ဖွင့်ပြီး ပြောလိုက်ရုံပေါ့၊ ဒီလိုမှ မပြောချင်ရင် ပညာသင်တုန်းအခါမှာ ဒီစိတ်မျိုး မကူးသေးတဲ့အကြောင်း၊ မောင်လိုနှမလိုစိတ် ထားတဲ့အကြောင်း၊ အချစ်ကို လက်မခံနိုင်သေးလို့ ဝမ်းနည်းကြောင်းနဲ့ စိတ်လဲမဆိုးအောင် မေတ္တာလဲ ပျက်မသွားအောင် ရေးဖို့ပေါ့၊ မညွန့်တင်က မေတ္တာရှိလို့ ပြန်မယ်ဆိုရင်လဲ





ချက်ချင်းပြန်လို့တော့ မကောင်းသေးဘူး၊ အညာလွယ်တယ်လို့ ထင်သွားမှာပဲ စိုးရသေးတဲ့အပြင် ယောကျ်ားဆိုတဲ့လူမျိုးဟာ မြင်တုန်းခဏဖြစ်ချစ်ရင် သေရတော့မလောက် မုယာမာယာ များတတ်တဲ့လူမျိုးမို့ တကယ်ချစ် မချစ်ဆိုတာလဲ စောင့်ပြီးကြည့်ဖို့ ကောင်းမယ်ထင်တယ်၊ ကြောင့် ကိုယ့်စိတ်ကိုယ် နိုင်,မနိုင် အပြီးအပိုင်ဆုံးဖြတ်ပြီးမှ ဒီအကြောင်း စဉ်းစဉ်းစားစားနဲ့ လုပ်တာပေါ့၊ သူတကယ်တမ်း ချစ်,မချစ်ဆိုတာ ရအောင် ကျွန်မ ကြံပြီးပေးပါ့မယ်'ဟု ပြောလိုက်သည့်အတိုင်း ညွန့်တင် ထိုကိစ္စနှင့် ပတ်သက်၍ မသန်းကြည်ကို လုံးဝအားကိုးမိလေ၏။

ကျော်မြင့်မှာ ညွန့်တင်အား စာပေးမိသည့်နေ့မှစ၍ ကျောင်းတွင် ချင်းတွေ့မိသည့်အခါတိုင်း မျက်နှာမပြရဲဘဲ အလိုလို လိပ်ပြာလန့်၍ လေ၏။ ညွန့်တင်မှာလည်း မျက်နှာချင်းဆုံဖို့ရန် မရဲဘဲ ကျော်မြင့်ကို တိုင်း ရှက်သွေးမွှန်ကာ ခေါင်းငုံ့၍သွားသည့်အခါ သွား၍ မတွေ့ရ အောင် လမ်းလွှဲ၍သွားသည့်အခါ သွားသောကြောင့် ကျော်မြင့်မှာ ပြန်စာ သည်း မရသည့်အတွက် အတွေးရခက်၍နေလေ၏။ ညွန့်တင်၏ မျက်နှာမှာလည်း ရှေးကကဲ့သို့ ကြည်လင်ရွှင်ပျပုံမရသဖြင့် ငါ့အတွက်နဲ့ပဲ မှာ အကြံအိုက်နေရော့သလား၊ ဒါမှမဟုတ် တခြားစိတ်ညစ်စရာနဲ့ နေရော့သလား'ဟု စဉ်းစားမိရာက ထိုအကြောင်းကို ရှင်းရှင်းကြီး အောင် ပြုလုပ်မည်ဟု ကြံစည်မိသည့်အတိုင်း စာဖတ်ခန်းတွင် တင်အား တစ်ယောက်ချင်းတွေ့သည့်အခါ 'မညွန့်တင်ကြည့်ရတာ ကနဲ့မတူဘူး၊ စိတ်မကောင်းပုံရတယ်၊ ဘယ်လိုပူပင်စရာများရှိလို့ပါ၊ သင့်တယ်ထင်ရင် ပြောပါ၊ ကူညီနိုင်တာဆိုရင် ကူညီပါ့မယ်'ဟု ၍ပြောသည့်အတွက် ညွန့်တင်မှာ ကျော်မြင့်ကို ကြည့်လျက် သူမေး



www.burmeseclassic.com

www.burmeseclassic.com



သောစကားကို စဉ်းစားရင်း အကြောင်းသားငေးနေပြီးမှ တစ်စုံတစ်ရာ သတိရဟန်ဖြင့် 'ဟုတ်ကဲ့၊ အင်မတန်စိတ်မကောင်းစရာတစ်ခု တွေ့နေရတယ်၊ အကြောင်းတော့ ပြောလို့မကောင်းဘူးထင်တယ်'ဟု ဖြေသဖြင့်...

'ဒီအကြောင်းထဲမှာ ကိုကျော်မြင့်ကိစ္စကော ပါသလား'ဟု မေးသောကြောင့်...

'ပါတယ်ဆိုရင်လဲ မမှားပါဘူး'

'ဒါဖြင့် ကိုကျော်မြင့် ဝမ်းသာရမလား၊ ဝမ်းနည်းရမလား'ဟု မေးလိုက်ရာ...

'ဒါကိုတော့ဖြင့် ယခုမဖြေပါရစေနဲ့ဦး၊ တနင်္ဂနွေနေ့ကျ အားလပ်ရှိရင် ကျောင်းကိုခဏလာခဲ့ပါဦး၊ ဒီတော့ကာ အကြောင်းစုံ ပြောပြပါမယ်'ဟု ပြောလိုက်သည့်အတွက် ကျော်မြင့်မှာ ရင်ထဲတထိတ်ထိတ်နှင့် တနင်္ဂနွေနေ့ကို စောင့်စားရင်း ညတိုင်းအိပ်မက်ယူ၍ အိပ်ရလေ၏။ တနင်္ဂနွေနေ့ရောက်သောအခါ ကျော်မြင့်မှာ အိပ်ရာကနိုးသည့်အချိန်ကစ၍ စာမေးပွဲဖြေရမည့်နေ့တွင် စိတ်ထဲ၌ လန့်ရွံ့နေသည်ထက် အပြန်တစ်ရာမျှမက ရွံ့ထိတ်၍နေကာ 'မချစ်ဘူးပြောမလား၊ ချစ်တယ်ပြောမလား'ဟု အဖြေတွေး၍ လန့်နေသဖြင့်...

'ကိုယ့်လူ ဘာများမှိုင်နေတာတုန်း၊ ခင်ဗျားကြည့်ရတာ ဆွေမျိုးမ...တဲ့ တရားခံလိုပဲ'ဟု ကိုသိန်းဖေက ပြောသဖြင့် ကျော်မြင့်မှာ မချိသွားရယ်ရာက 'တရားခံနဲ့တူဆို ဒီကနေ့ တရားသူကြီးအမိန့်ချတာ နာခံရမယ့်နေ့ပဲ၊ မျက်ခုံးတွေလဲလှုပ်တယ်'

'မျက်ခုံးလှုပ်ရင် ကျွန်တော်ဟောမယ်၊ ညာဘက်ကလှုပ်ရင် လာဘ်၊ ဘယ်ဘက်ကလှုပ်ရင် ကိုး၊ အောက်ကလှုပ်ရင် တွဲ'ဟု ပြောသည်တွင်...





'ခင်ဗျားနောက်ပေမယ့် ကျွန်တော့်မှာ မရယ်နိုင်ဘူးဗျာ၊ ဘာကြားရလဲမသိဘူး'

'ဒါဖြင့် ကျွန်တော် နံဖိုနံမထောက်ကြည့်မယ်'ဟုဆိုကာ ပါးစပ်ထဲ လက်ညှိုးထိုး၍ 'ဖောင်းဂွိ'ဟူ၍ ထောက်လိုက်ပြီးလျှင် 'ဟာ...ဆောင်းတိုက်ကျတယ်၊ အဲဒါ အပြောရခက်တာပဲ၊ နို့ပေတဲ့ ခင်ဗျား အကြံအောင်အောင်ဆောင်ဖို့ဟာကလေးတွေ တွက်ချက်ပေးလိုက်မယ်၊ ခင်ဗျား ဘာနေ့သားလဲ'

'အံမယ်...ခင်ဗျား ဗေဒင်တတ်လား၊ အစတုန်းက မသိရသေးပါဘူးဗျာ'

'ဗေဒင်မှာတော့ ငယ်ငယ်ကတည်းက လက်ရိုးကျေလာတာ၊ နွားကန်ခံရလို့'ဟု ပြောလိုက်မှ 'လုပ်ပြီ၊ ခင်ဗျားကတော့ လူချင်းမတွေ့သေးဘူး၊ မဟုတ်မဟတ်ကတော့ အရင်ပြောတော့မယ်'ဟု ဆိုကာ ပြုံးမိသလေ၏။

ကျော်မြင့် အင်းလျားဆောင်သို့ သွားတော့မည်အပြုတွင် သိန်းဖေသည် အဖော်လေးငါးယောက်ကို ခေါ်လာကာ 'တော်...တော်...တော်...ချိန်...ဟ အိန်'ဟု စည်တော်ရွှမ်းသူကရွှမ်း၍ ငေးယျတုသံ ကြွေးကြော်သူကကြွေးကြော်လျက် ခရုသင်းမှုတ်သံ ပြုလုပ်သူကပြုလုပ်သောကြောင့် ကျော်မြင့်မှာ အများရူးသလို မရူးလျှင် မိမိသာ ကြောင်တက်တက် အရူးဖြစ်နေမည့်အတွက် ရင်ဘုရင်ထွက်ဟန်နှင့် ခြေကိုလှမ်းရာ 'ချီတော်မူပါဘုရား၊ အမဲရိုးတွေ၊ လှမ်းတော်မူပါဘုရား...သေးစိုတဲ့အဝတ်တွေ'ဟု ဆိုပြိုင်အော်ကြသောကြောင့် ကျော်မြင့်မှာ သုတ်ခြေတင်၍ ပြေးရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်သည် အင်းလျားဆောင်ဧည့်ခန်းအတွင်း ရှင်းသောနေရာ တွင်ထိုင်၍ ညွန့်တင်ကို စောင့်မျှော်နေရင်း သူ၏စိတ်တွင်း၌ ဘယ်လို စကားများ ကြားရပါမည်လဲဟု တွေးတောထိတ်လန့်ကာ နှလုံးသားမှ တထိတ်ထိတ် သွေးများကျနေသံကို ကြားယောင်ယောင်ရှိနေပေတော့၏။ ကိုကျော်မြင့် ကျွန်မတော့ဖြင့် ရှင့်ကို မကြိုက်နိုင်ဘူးလို့များ ပြောလိုက်ရင် ဘယ်လိုမျက်နှာထားရပါမလဲဟု တွေး၍လန့်ကာ ပြန်၍သာ ပြေးချင်သော စိတ်များ ပေါ်လာသော်လည်း ညှိုးငယ်သောမျက်နှာနှင့် ကပိုကရိုဝတ်စား ကာ ဝင်၍လာသော ညွန့်တင်ကို မြင်လိုက်ရသောအခါ မပြေးနိုင်ဘဲရှိကာ ငိုချင်သလိုလို၊ ဝမ်းသာရတော့မလိုလို ဖြစ်မိလေ၏။

မိမိနှင့် မျက်နှာချင်းဆိုင် ညွန့်တင်ဝင်၍ထိုင်လိုက်သောအခါ ကျော်မြင့် မှာ စေ့စေ့ကြည့်ရန် မျက်နှာပူလျက် စားပွဲကိုသာငုံ့၍ကြည့်နေလိုက်လေ၏။ အတန်ကြာမှ ညွန့်တင်က တုန်ယင်နေသောအသံဖြင့် 'ကိုကျော်မြင့်'ဟု မရဲတရဲခေါ်လိုက်မှ 'ဗျာ...'ဟု လေးလေးကြီးထူးကာ ခေါင်းကို မော့၍ ကြည့်နိုင်သော်လည်း မိမိကမူ မည်သည့်စကားကိုမျှ စ၍ပြောရန် မရဲသဖြင့် ညွန့်တင်၏စကားအလာကို စောင့်နေရာ...

'ကျွန်မ ဒီကနေ့ စကားပြန်ဖို့ပဲနော်'

'ဟုတ်...ကဲ့'

'နို့ပေတဲ့ ချိုတယ်၊ ခါးတယ်ဆိုတာ ဘယ်ဒင်းမှ မပြောနိုင်အောင် ဝမ်းနည်းစရာတစ်ခုပေါ်လာတယ်၊ ဟောဒီစာကိုပဲကြည့်တော့၊ ကျွန်မရဲ့ မမေဆီက ပေးလိုက်တဲ့စာပဲ'ဟု ပြောရင်း စာကို လက်ကိုင်ပဝါကလေး ဖြင့် ပတ်ထားသည်ကို ထုတ်၍ပေးလိုက်ရာ ကျော်မြင့်မှာ သာ၍ထိတ်လန့် လျက် တုန်တုန်ယင်ယင်နှင့် ယူပြီး ဖတ်ကြည့်လေ၏။





ညွန့်တင်သည် ကျော်မြင့်၏မျက်နှာကို ကြည့်နေလေရာ စာကို ဖတ်ရင်း သူ၏မျက်နှာတွင် အရောင်အသွေးများ ကွယ်ပျောက်သွားပြီးလျှင် အဆုံးသည်နှင့်တစ်ပြိုင်နက် သက်မကြီးချလိုက်သံကို ကြားရသဖြင့်...

'အဲဒီစာမှာပါတဲ့အတိုင်းပဲ ကိုကျော်မြင့်၊ အခု ဒီဇင်ဘာကျောင်းပိတ် သို့ ပြန်သွားရင် ကျွန်မ တစ်ခါတည်းပြန်မလာရတော့ဘူး၊ ကျွန်မကို ယောကျ်ားပေးစားဖို့ စီစဉ်ပြောဆိုပြီးကြပြီ၊ ကျောင်းပိတ်ရင် မမေ ကိုယ်တိုင် လာပြီးခေါ်လိမ့်မယ်၊ ဒီအကြောင်းကို ကိုကျော်မြင့်တစ်ယောက် သာ သိပါစေ၊ မလွဲသာလို့ ကိုကျော်မြင့်ကို အသိပေးရတာပါပဲ၊ ရှက်လဲ ရှက်ပါရဲ့'

ကျော်မြင့်မှာ ဘယ်စကားကိုပြောရပါ့မလဲဟု အစရှာ၍မရနိုင်အောင် ဖြစ်ပြီး လည်တိုင်သို့ ပိတ်ဆို့တက်ရောက်လာသော တစ်တစ်ခဲခဲ ဝမ်းနည်း ဆို့ကြီးကို ကြိတ်မှိတ်မျိုချလိုက်ကာ

'ဒါဖြင့် ကိုကျော်မြင့်အဖို့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့'

'ဒါတော့ ကိုကျော်မြင့်လဲ ပညာရှိပဲ၊ စဉ်းစားကြည့်တော့လေ၊ မိဘ စကားကို ပယ်ရှားလို့မဖြစ်နိုင်ဘူး၊ အထူးသဖြင့် အခုလောက်ပညာတွေ သင်ပြီးမှ မိဘစကားကိုပယ်ရင် တစ်သက်လုံး လူပြောလို့ဆုံးနိုင်တော့မှာ မဟုတ်ဘူး'

ကျော်မြင့်မှာ ခေါင်းငိုက်စိုက်ကြီးချလျက်နေပြီး 'ကိုကျော်မြင့်ဟာ ညွန့်တင်အပေါ်မှာ ဘယ်လောက်မေတ္တာရှိတယ်ဆိုတာ မညွန့်တင် သိရဲ့နော်'

'ဒါကတော့လေ၊ ကိုကျော်မြင့်သဘောကိုကြည့်ပြီး ဆုံးဖြတ်ရမယ် ဆိုရင် စာထဲမှာရေးတဲ့အတိုင်း ယုံလောက်ပါရဲ့လို့ အောက်မေ့မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ယုံတယ်ပဲထားပါတော့ ညွန့်ရယ်၊ ဒီလိုဆိုရင် မညွန့်တင်က ပြန်ပြီးတော့ ကိုကျော်မြင့်ကချစ်သလို မချစ်ဘူးလား'ဟု မေးလိုက်ရာ ညွန့်တင်တွင် ငေးတေးတေးကြီး ဖြစ်နေပြီးမှ 'တစ်ခုရှိပါတယ် ကိုကျော်မြင့်ယခု ကိုကျော်မြင့် သိပြီမဟုတ်လား၊ ကျွန်မ ယောကျ်ားယူရတော့မယ်ဆိုတာ၊ ဒီဟာကို သိရက်သားနဲ့ ကျွန်မက ချစ်တယ်၊ မချစ်ဘူးဆိုတာသိရလို့ ဘာများအကျိုးထူးဖို့ ရှိသေးသလဲလို့'

'မညွန့်တင်ပြောတာ ဟုတ်တော့လဲဟုတ်ပါတယ်၊ နို့ပေတဲ့ မညွန့်တင်ကို ဘယ်နည်းနဲ့မှ ရဖို့လမ်းမမြင်သော်လဲ ချစ်ပါတယ်ဆိုတဲ့ စကားကလေးကြားရရင် စိတ်သက်သာရာ ရသေးပါကလားလို့ အောက်မေ့ပြီး အလွမ်းကို ဖြေနိုင်လိမ့်မှာပဲ'

'မဟုတ်ဘူး၊ ကိုကျော်မြင့် မဟုတ်ဘူး၊ ကျွန်မက ချစ်ပါတယ်လို့ပြောလိုက်ရင် ကိုကျော်မြင့် သာပြီးဒုက္ခများဖို့ပဲနော်၊ ဩော်...ကိုယ်ကလဲချစ်၊ ကိုယ့်ကိုလဲချစ်ပါရက်ကနဲ့ ကိုယ်ချစ်တဲ့သူနဲ့ မပေါင်းရလေခြင်းဆိုတဲ့ယူကျုံးမရနိုင်အောင် တဆွေးတည်းဆွေးနေဖို့ အမှတ်အသားတစ်ခုတောင်းတာနဲ့ အတူတူပါပဲ၊ ဒါကြောင့် ဒီစကားကို မကြားချင်ပါနဲ့ကိုကျော်မြင့်ရယ်၊ ရေစက်မဆုံလို့ ဒီဘဝမှာ ဖူးစာမမျှနိုင်သော်လဲ နောင်နောင် တွေ့လေရာဘဝတွေမှာ အကြောင်းမျှနိုင်အောင်သာ ဆုတောင်းပါ၊ ကျွန်မအဖြေကို မကြားချင်ပါနဲ့၊ ချစ်ပါတယ်ပြောလဲ ကိုကျော်မြင့်မသက်သာပါဘူး၊ မချစ်ဘူးဆိုရင်လဲ သာပြီးဆိုးဖို့ပဲ ရှိပါတော့တယ်'

'နို့ပေတဲ့ မှန်းတော့ မမှန်းဘူးမဟုတ်လား'

ညွန့်တင်တွင် အတန်ကြာတွေဝေ၍နေပြီးမှ 'ဟုတ်ကဲ့၊ မှန်းတော့မမှန်းပါဘူး'





'မမှန်းရင် ချစ်တယ်လို့ ဆိုရမှာပေါ့'ဟု ဇွတ်မေးနေပြန်သဖြင့်...

'ကိုကျော်မြင့် ဒီအဖြေကို သိပ်ပြီးကြားချင်သလား'

'ကြားချင်သမှ မချိဘူး၊ ဒီကနေ့ ဒီအဖြေကို ကြားရမလားလို့လာခဲ့တာပဲ၊ ဒီကျမှ စိတ်မသက်သာစရာ တွေ့နေရလို့ ချစ်တယ်လို့ကြားလိုက်ရရင်လဲ ကြံဖန်ပြီး စိတ်ကိုဖြေဖျော်နိုင်မှာပဲ၊ မချစ်ဘူးဆိုရင်လဲကြိတ်မှိတ်ပြီး ဖြတ်ရုံပေါ့'ဟု ပြောသောကြောင့် ညွန့်တင်တွင် သနား၍လာကာ 'ဒါဖြင့်လေ...ကျွန်မ မသွားခင်ပြောပါ့မယ်၊ အခုတော့ ခဏအောင့်အည်းစောင့်စားပြီး စိတ်ကို တဖြည်းဖြည်းဖြေတာပေါ့'ဟု ပြောလိုက်သည့်အတွက် ကျော်မြင့်မှာ ထိုကိုးရာတွင် ပထမဆုမရသော်လည်း ဖျမ်းမျှကြီး ရနိုင်သေးသည်ကို မျှော်လင့်ရတော့မည်ဖြစ်လျက် ညွန့်တင်အားနှုတ်ဆက်၍ ပြန်ခဲ့လေရာ ကျောင်းဝင်းအပြင်သို့ ဖြည်းနှေးသောခြေလှမ်းလှမ်းကာ ခေါင်းငိုက်စိုက်ကျလျက် ထွက်သွားရှာသော ကျော်မြင့်ကိုညွန့်တင် မြင်ရသောအခါ နေရာမှ မရွေ့နိုင်ဘဲ မိမိအခန်းတံခါးကိုမှီကာချင့်မရဲ ဝမ်းနည်းသနားမိလေတော့၏။

သိန်းဖေမှာ ကျော်မြင့်အပြန်ကို စောင့်မျှော်လေရာ အတော်ပင်ကြာပြီသည့်တိုင်အောင် ပြန်၍မလာသေးသည်ကို ထောက်ချင့်လျက်အောက်ကြာပုံထောက်တော့ နေရာကျလို့ပဲဟုတွေး၍ ဝမ်းသာလို့မှမဆုံးမီချင်ခြင်းကင်းမဲ့သောမျက်နှာနှင့် ကျောင်းပေါ်သို့ တက်လာသောကျော်မြင့်၏မျက်နှာကို မြင်လိုက်လျှင် မတွေးတတ်အောင် ဖြစ်၍သွားကာသို့ပြေး၍သွားပြီး 'ဘယ့်နှယ်တုန်း...နေရာကျခဲ့ရဲ့လား'ဟု မေးသည်

'မေးနဲ့တော့ သူငယ်ချင်း၊ ချစ်တယ်လဲ မဟုတ်ဘူးတဲ့၊ မချစ်ဘူးလဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သူတော့ဲ'ဟု အောက်မေးလေးလေးကြီးနှင့် ပြန်၍ပြောလိုက်သဖြင့်...

'အသည်းနှယ်တုန်းဗျ...ခင်ဗျားစကားဟာက ရာသက်ပန် အခွဲလဲ မဟုတ်၊ အတွဲလဲမဟုတ်ဘဲ အခုမခွဲသေးဘူး၊ နောက်တော့လဲ မတွဲဘူး ဆိုတာမျိုးကျနေပြီ'

'အစစ်ပဲ၊ အဲဒါမျိုးကျနေလို့ ကျွန်တော်ဖြင့် သေချင်လှပြီ'ဟု ပြော သောကြောင့် 'မသေချင်စမ်းပါနဲ့ဗျာ၊ လင်းတတွေဖင်နှိုက်မှာ မကြောက် ဘူးလား'ဟုဆိုပြီးမှ 'အကျိုးအကြောင်းကလေးများ ပြောစမ်းပါဦးဗျာ'ဟု ပြောကာ ကျော်မြင့်၏ပခုံးကို ပွေ့ဖက်ကာ ၎င်း၏အခန်းသို့ ခေါ်သွား လေ၏။

❋ ❋ ❋

'အို xxx ကောလိပ်ကျောင်းက xxx ပြန်မယ့်အသစ်ကိုမောင် xxx လက်ထပ်တော့မယ် xxx တကယ်လားဆို xxx'စသော တေးသီချင်းကို မြိန်မြိန်ရှက်ရှက်ကြီး သီဆိုနေကြသော ကျောင်းတော်သားတို့သည်ကား ဒီဇင်ဘာလ ခရစ္စမတ်ကျောင်းပိတ်ရက်တွင် ရပ်ရွာဒေသသို့ ပြန်ကြတော့ မည် ဖြစ်သဖြင့် ခွဲခွာရစ်ခဲ့ရသူကလေးများနှင့် ပြန်လည်တွေ့ရတော့မည့် အရေးကို မျှော်တွေးကာ ဝမ်းသာလုံးဆို့နေကြသော်လည်း ကျော်မြင့်မှာ ထိုတေးသံကိုကြားလျှင် 'အို xxx ကောလိပ်ကျောင်းက ပြန်မယ့်ခင့်မောင် xxx လက်ထပ်တော့မယ် တကယ်ပဲရှင်'ဟု ကြားရသကဲ့သို့ဖြစ်ကာ မချိမဆန့်သော အတွင်းဆွေးဝေဒနာကို ခံစားရလျက် မိမိအား မညွန့်တင် နှင့် စောင်းချိတ်၍ ဆိုသကဲ့သို့ ထင်မှတ်ကာ တေးဆိုသူကို သတ်၍ပင် လိုက်ချင်ပေတော့၏။ ညဥ့်အချိန်သို့ ရောက်သောအခါ ပြန်သူကပြန်





ကျန်သူကကျန်လျက် ဆူဆူညံညံ နှုတ်ဆက်သံများသည် မိမိအား ညွန့်တင် နှုတ်ဆက်ဘိသကဲ့သို့ ထင်မိလေ၏။ ညွန့်တင်လည်း ထိုနေ့ည တွင် ပြန်တော့မည်ဖြစ်သဖြင့် ကျော်မြင့်မှာ ညွန့်တင်ထံမှ ကြားရမည့်အဖြေ ကိုလည်း မျှော်လင့်ရင်း နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်လို၍ ဆွယ်တာ အင်္ကျီကိုဝတ်ကာ လေ့လော့်အဝတ်၊ ဘလေဇာအစိမ်း၊ ရှေဝါကြိုးကွပ် အင်္ကျီကို ထပ်ဆင့်ဝတ်လျက် ဘူတာရုံကြီးဆီသို့ လာခဲ့လေ၏။

'ဩော်...ကိုကျော်မြင့်၊ မီးရထားလာပို့သလား'ဟု ပြုံးရွှင်စွာဆီးကြို နှုတ်ဆက်သံကလေးသည် ကြည်လင်ချိုအေးသလောက် ကျော်မြင့်၏ နားထဲမှ အသည်းထိအောင် ကလိ၍ဆင်းသွားလေရာ 'ဟုတ်ကဲ့...ဒီည ပြန်ဖြစ်တယ်နော်'

'ဟုတ်ကဲ့...ပြန်ဖြစ်ပါတယ်'ဟူ၍ ဖြေဆိုသံကိုသာ ကြားရပြီးလျှင် အခြားလိုက်ပို့သော ကျောင်းသူကလေးများနှင့်တကွ ညွန့်တင်၏အမေနှင့် ထူသူ မိန်းမကြီးကို မြင်ရသည့်အပြင် ညွန့်တင်မှာလည်း ကျောင်းသူများကို ညှိခံစကားပြောနေသောကြောင့် ရထားတွဲဘေး ခပ်လှမ်းလှမ်းက ရပ်လျက်သာ ညွန့်ဝင်၏မျက်နှာကို အားရပါးရ ဝဝကြီးကြည့်နေလေ တော့၏။ ကျော်မြင့်၏မျက်လုံးနှင့် စိတ်အာရုံများမှာ ညွန့်တင်ပေါ်တွင်သာ နှိုက်နေရကား ထိုမီးရထားနှင့် အတူလိုက်ပါမည့် ကျောင်းသားများတွင် ကျော်မြင့်နှင့်သိသူအချို့ဝို့က အနားသို့ကပ်၍ နောက်ပြောင်သွားသည်ကိုမျှ ကြားနိုင် မမြင်နိုင် ရှိရှာလေ၏။

မီးရထားထွက်ချိန် နီး၍လာသောအခါ ကျောင်းသူကလေးများလည်း ပြန်ကြရန် ဖင်တကြွကြွရှိကြသည်နှင့် စကားစပြတ်၍လာသောကြောင့် ညွန့်တင်လည်း ရထားအပြင်ဘက်သို့ ခေါင်းပြူကာ ကျော်မြင့်အား



www.burmeseclassic.com

www.burmeseclassic.com



ပြည်ကျွတ် ဒီမှာစာကားဆောင်းနေတာနဲ့ ကိုကျော်မြင့်တောင် ဘာမှ မပြောရသေးဘူး လိုက်ပို့တာ ကျေးဇူးတင်ပါတယ်’ဟု ပြောလိုက်စဉ် ညွန့်တင်၏ ခေါင်းပေါ်မှ ပန်းပွင့်ကလေးသည် ကျွတ်၍ကျလာသဖြင့် ကျော်မြင့်က ကောက်ယူပြီးလျှင် ပေးတော့မလိုလိုလုပ်ပြီးမှ ပန်းကလေးကို နမ်းရှုံ့ကာ မိမိအိတ်ထဲသို့ ထည့်လိုက်သည်တွင် ညွန့်တင်တွင် ကြင်နာသောစိတ်များ ပေါ်ပေါက်၍လာကာ နှစ်သက်သဘောကျသော ပြုံးခြင်းဖြင့် ပြုံးလိုက်သဖြင့် ကျော်မြင့်မှာ ကျေနပ်၍မဆုံးနိုင်အောင် ရှိလေတော့၏။

မီးရထားထွက်ရန် ပထမခေါင်းလောင်းထိုးလိုက်ကာမှ ညွန့်တင်တွင် တစ်စုံတစ်ရာကို သတိရကာ လက်ကိုင်အိတ်ထဲမှ စာအိတ်သေးသေးကလေးကို ထုတ်ကာ ‘တစ်ဆိတ် ဒီစာကလေး…ဆရာချူးကိုပေး…ပေးပါနော်’ဟုဆို၍ ပေးလိုက်သဖြင့် ကျော်မြင့်က လှမ်း၍ယူကာ အိတ်ထဲသို့ ထည့်မည်လုပ်ပြီးမှ စာအိတ်ကို သေချာစွာကြည့်မိရာ ‘ကျောင်းကျလျှင် ဖွင့်ကြည့်ပါ’ဟု အင်္ဂလိပ်လို ရေးထားသည်ကို တွေ့ရသဖြင့် မိမိအဖို့စာဖြစ်သည်ကို သူများမသိအောင် ပြော၍ပေးခြင်းကို ရိပ်မိကာ ဖိုးကြိုင်းတုတ် ဖြစ်မိလေ၏။

တွဲပေါ်မှ ကျောင်းသူကလေးများ ဆင်းကြ၍ မကြာမီပင် ဒုတိယခေါင်းလောင်းအသံနှင့်ဆက်၍ ဂါတ်ဗိုလ်ခရာသံ ထွက်ပေါ်လာပြီးလျှင် ဥဩမှုတ်သံမှာ ဝမ်းနည်းစွာဟစ်အော်ကြွေးကြော်လိုက်သကဲ့သို့ အောက်မေ့ရကား ကျော်မြင့်တွင် ဝမ်းနည်းပက်လက်ကြီးဖြစ်ကာ ‘တစ်ခါဖြင့် ကွဲပေါ့ခင်ရေ…ကွဲကြပေါ့’ဟု ဝမ်းတွင်းကကြိတ်၍ ပူဆွေးငိုကြွေးမိလေတော့၏။ ဘူတာရုံအမိုးရှိ ပန်ကာများ ငြိမ်သက်၍သွားပြီးလျှင် ရထားတွဲရှည်ကြီး၏ဘေးတွင် လိုက်ပို့သူများ စီတန်းလျက်ရှိကာ အဆင်းအတက်





ရှင်း၍သွားသည့်ခဏ၌ ရထားတွဲနောက်မြီးမှ မီးစိမ်းရောင် ပြလိုက်သည်နှင့်တစ်ပြိုင်နက် ဂျုတ်ဂျုတ်မြည်သံ ပေါ်ထွက်လာသောအခါ…

‘ဂွတ်ဘိုင်…ဒိုရစ်၊ ဂွတ်ဘိုင်…မညွန့်တင်၊ ဂွတ်ဘိုင်…မဇရီ…’ သောအသံဆာဆာကလေးများကို ကြားရပြီး ‘သွားပြီ ကိုကျော်မြင့်၊ သွားတော့မယ်နော်’

‘ဟုတ်ကဲ့…သွားတော့၊ သွားတော့’ဟု အားလျော့သောအသံဖြင့် ပြန်လည်နှုတ်ဆက်ကာ ငေးငေးကြီးကြည့်နေစဉ် ရထားရွေ့လျားစပြုလာသလျှင် လက်ကိုင်ပဝါထုတ်၍ လှုပ်ပြနှုတ်ဆက်ကြသည်တွင် ကျော်မြင့်မှာမူ လက်ကိုင်ပဝါကို ကိုင်ဖို့ရန်ကိုမှ သတိမပြုနိုင်ဘဲ သံတိုင်ကိုမှီကာ အားမရှိသောသူ၏ဟန်မျိုးဖြင့် ညွန့်တင်အား လက်လှုပ်၍ပြရင်းပင် မီးရထားသည် တဖြည်းဖြည်းဝေး၍သွားကာ သိမ်ဖြူသုသာန်ကိုကျော်၍ အင်္ဂလိစုလွန်သည်တွင် ဆောင်းရာသီအလျောက် တဖွေးဖွေးကျရောက်သော နှင်းမြူတို့အကြားတွင် မီးရထားနောက်မီးနီရောင်သည် မှေးမှိန်ပျောက်ကွယ်၍သွားသောကြောင့် ကျော်မြင့်မှာ မျက်ရည်ဝိုင်းလာကာ သက်ပြင်းကြီးချမိလေတော့၏။

‘လာဗျာ…ကိုကျော်မြင့်၊ မပြန်သေးဘူးလား’ဟု ကျောင်းသားတစ်ဦးက ခေါ်တော့မှ ကျော်မြင့်တွင် ပြန်ရန်သတိရကာ ‘ဟုတ်ကဲ့၊ လိုက်တာပေါ့’ဟု ဆိုပြီးလျှင် ထိုသူနှင့်အတူ မီးရထားဘူတာရုံအတွင်းမှ ထွက်ကာ တက္ကစီတစ်စီးကိုငှား၍ ကျောင်းသို့ပြန်ခဲ့လေတော့၏။

ကျော်မြင့်သည် အခန်းတွင်းသို့ ရောက်သောအခါ [illegible]ကင် [illegible]ပိုက်ဆံ သာစာကို ဖွင့်၍ဖတ်မည်ပြုနေစဉ် သိန်းဖေဝင်၍လာကာ

‘ဘာစာတုန်းဗျာ’



www.burmeseclassic.com

www.burmeseclassic.com



'မညွန့်တင်ပေးတဲ့စာလေ၊ မီးရထားမထွက်ခင် ပေးသွားတယ်'

'ဟာ...ဟုတ်လား၊ လုပ်စမ်းဗျို့ ဖတ်ရအောင်'ဟုဆိုကာ အနားသို့ ကပ်၍လာမှ ကျော်မြင့်သည် စာအိတ်ကိုဖွင့်၍ စာရွက်ခေါက်ကလေးကို ဆွဲထုတ်ပြီးလျှင် ဖြည်ကြည့်လိုက်သောအခါ 'ချစ်ပါတယ်'ဟူ၍ ရေးထားသော သုံးလုံးသောစာကို တွေ့ရသည်နှင့်တစ်ပြိုင်နက် ကျော်မြင့်မှာ ပျော်ခြင်းမလှ ရွှင်ပျော်လျက် အားရဝမ်းသာထ၍ခုန်ကာ စာရွက်ကလေးကို ရင်ထဲတွင် ကပ်ပြီးလျှင် လက်နှစ်ဖက်ဖြင့် ပွေ့ဖက်ရင်း မျက်စိကို မှေးလျက် ဇာတ်လိုက်မင်းသား အားရ၍မှိန်းသည့်ဟန်မျိုး လုပ်လိုက်ရာ သိန်းဖေက 'ပျော်တယ်၊ သူ့ရည်းစား လင်ယူတော့မှာမို့'ဟု ပြောလိုက်သဖြင့် ကျော်မြင့်တွင် မညွန့်တင်၏အဖြစ်ကို ပြန်၍သတိရကာ မှိုင်၍ ကျသွားလေ၏။

'ခက်တာပဲကိုသိန်းဖေ...ခက်ပြီ၊ ကျွန်တော်ချစ်တဲ့သူကလေးနဲ့ဖြင့် ကွဲရတော့မယ်၊ ကွဲပြီဗျာ...ကွဲပြီ။ ကျွန်တော်လဲ သူ့ကို ချစ်လိုက်ရတာ သေလုနေပြီ၊ သူကလဲ ခင်ဗျားသိတဲ့အတိုင်းပဲ ချစ်ရှာပါရဲ့၊ ချစ်လို့ အားမရခင် ကွဲရချက်နာလှချည်ရဲ့ ကိုသိန်းဖေ၊ ဘယ့်နှယ်ကြံရပါ့မလဲ သိပ်စိတ်ညစ်ရာပဲဗျာ'

'ဘယ်လိုမှမကြံနိုင်ဘူး ကိုကျော်မြင့်၊ လမ်းဆုံးပြီ'

'အင်း...အဲဒီလိုလဲ အားပေးဦးမှပေါ့'ဟု ဆိုပြီးမှ...

'ခင်ဗျားသာ ဒီအနားမှာမရှိချင် ကျွန်တော် ငိုချလိုက်ပါရဲ့'

'ဗျာ... ဘယ်လိုပဲချစ်ချစ် ဖူးစာရှိမှ ပေါင်းရမှာပေါ့ဗျာ၊ တွေးပြီး ဝမ်းနည်းပေမယ့်လဲ မရဘဲဟာ၊ ဘာထူးသေးသလဲဗျာ၊ စိတ်အပင်ပန်း မခံပါနဲ့၊ ဒီလိုပဲဖြေရတာပေါ့ဗျာ၊ ကြာရင်မေ့မှာပါပဲဗျာ'ဟု ပြောနေ





အဆောင်မှူး စစ်ဆေးရန် လှည့်လည်လာသောခြေသံကြား၍ သိန်းဖေမှာ ထွက်သွားရလေတော့၏။

* * *

ဝသန်ပြောင်းကြွ ဆောင်းလရာသီ ဤမည်သောအခါတွင် တသွင် သွင်၊ တဖြိုက်ဖြိုက်၊ တလှိုင်လှိုင်၊ တဝေဝေ ဖွေသွန်ကျဆင်းလျက်ရှိသော မြူနှင်းရည်များသည် ယူနီဘာစီတီအက်စတိတ်ခေါ်သော မြို့တော်ကလေး တစ်မြို့မျှ သာယာလှသည့် တက္ကသိုလ်ကျောင်း နယ်နိမိတ် တစ်ဝန်းလုံး တွင် လွှမ်းဖုံးရစ်သိုင်း၍ ငွေနှင်းရည်ဆိုင်းလျက်ရှိကာ တစ်ကျောင်းနှင့် တစ်ကျောင်း မမြင်နိုင်လောက်အောင် ပိတ်မှောင်ကာဆီးလျက် ရှိပေ တော့၏။ ဒီဇင်ဘာကျောင်းပိတ်ထားသဖြင့် ကျောင်းတက်ရန် မရှိသည့် အလျောက် စောစောစီးစီး ထရန်မလိုဘဲ ကာလနဂါးနှင့် ယှဉ်ပြိုင်ကာ ချမ်းချမ်းနှင့် ကွေးသူကကွေးလျက် နံနက်စောစော 'ဘန်း'ခေါ်သည့် ပေါင်မုန့်နှင့် လက်ဖက်ရည်ကို မမီလိုက်လျှင် ဘိုင်ကျသည့်အခါ စားစရာ ရှိမည်ကိုစိုး၍ စောစောနိုးနှင့်သူက နိုးလေ၏။

'အိုင်ဆေး...ကိုကျော်မြင့်၊ ထလေဗျာ၊ ဘယ်အချိန်ရှိပြီလဲ'ဟု တံခါးကိုခေါက်၍ တံခါးကိုတွန်းလှုပ်ကာ နှိုးလိုက်သော သိန်းဖေ၏အသံကို ကြားရသဖြင့် ကျော်မြင့်မှာ ချမ်းချမ်းနှင့် ကွေးနေရာက မထချင်ထချင်နှင့် တံခါးကိုဖွင့်ပေးရလေရာ...

'ခင်ဗျားက ဒီကနေ့ညက ခရစ္စမတ်ဒင်နာ ထမင်းစားပွဲကြီး စားရ တုန်းက ဝမ်းချောင်အောင် ဝမ်းနုတ်ဆေးတွေ စားထားလို့ ပျော့ပြီးခွေနေ သလား'ဟု သိန်းဖေက မေးသဖြင့်...



www.burmeseclassic.com

www.burmeseclassic.com



'မပြောပါနဲ့ဗျာ...ကျွန်တော်ဖြင့် တစ်ညလုံး အိပ်လို့မပျော်ဘူး၊ မနက်ကျမှ မှေးခနဲအိပ်ပျော်ပြီး စိတ်ညစ်ညစ်နဲ့ ကွေးနေတာပဲ'

'ဩော်...သူ့စိတ်နော်...သူ့စိတ်၊ ဘာနဲ့မှမတူဘူး၊ တယ်ဆိုးတဲ့ဟာမျိုးပဲ၊ အချစ်ဆိုတာ ပဒိုင်းသီးနဲ့ အတူတူပဲဗျ၊ စားရင်လဲရူး၊ ဆုပ်ရင်လဲရူး ဆိုတာလို ကျနေပြီ၊ နို့ပေတဲ့ ကိုကျော်မြင့်ရာ၊ မထူးတဲ့ဘဝကြီးရောက်နေပြီ မေ့ပစ်လိုက်ပါတော့ဗျာ'

'စိတ်ကိုဖြေလို့လဲ မရဘူးဗျာ၊ မေ့နိုင်ဖို့တော့ ဝေးရောပဲ'ဟု ဆိုပြီးမှ 'နေပါဦးဗျ၊ ဘာကိစ္စရှိလို့ စောစောကြီး ကျွန်တော့်အခန်း လာရတာတုန်း' ဟု မေးမှ...

'အားလုံးက ဒီကနေ့ညပျော်ပွဲကြီးမှာ ခင်ဗျားနဲ့ကျွန်တော် ဇာတ်ခုံပေါ်တက်ပြီး မျက်လှည့်ပြရမတဲ့ဗျ၊ ကျွန်တော်တို့နည်းနည်းပါးပါး ပြတတ်တာသိတော့ ခင်ဗျားကဆရာ၊ ကျွန်တော်က လူပြက်လုပ်ရမတဲ့၊ နို့ပြီးကိုကျော်စိန်နဲ့ ကိုတင်တို့က နှစ်ပါးသွားစုံတွဲ၊ မိုဟာမက်ဟူစိန် (ခေါ်) မောင်မောင်လှက တရုတ်သီချင်း ဆိုရမတဲ့၊ ဒါကြောင့် စောစောစီးစီး ဇာတ်တိုက်မလို့လာခဲ့တာပဲ'

'ဟာ...စိတ်ညစ်လို့ သေရတော့မယ့်အထဲ၊ ဒီဟာတွေ ဘာလုပ်နိုင်ပါ့မလဲဗျာ'

'နို့ပေတဲ့ အများကခိုင်းရင် လုပ်ရမှာပဲ၊ ကိုင်းဗျာ...မျက်နှာသစ်ချေ၊ ခင်ဗျားက အတည်လုပ်၊ ကျွန်တော်က အရူပ်ပေါ့ဗျာ'ဟု ပြောရင်း သိန်းဖေ ထွက်သွားလေ၏။

ပျော်ပျော်ပါးပါးနှင့် ခရစ္စမတ်ထမင်းစားပွဲကြီး ပြီးသောအခါ ရှပ်ကြနောက်ကြ၊ ဟေးဆိုအော်ဟစ်ပျော်မြူးကြရန် ဇာတ်ခုံဆင်၍ စားပွဲ ကုလား





ထိုင်များ ရှင်းလင်းနေကြစဉ် သိန်းဖေသည် ကျော်မြင့်၏အခန်းသို့ ပြောင်းလာသောအခါ ကျော်မြင့်မှာ ဝီစကီဆိုဒါပုလင်းများ မားမားရပ်တည်ရာ စားပွဲပေါ်တွင် ခေါင်းစိုက်၍ လဲနေသည်ကို တွေ့ရသဖြင့်...

'ဟာ...ကိုကျော်မြင့်၊ ဘယ့်နှယ်ဖြစ်နေတာတုန်းဗျ၊ သိပ်ခွကျတာပဲဗျာ၊ ခင်ဗျား လူမှန်းသူမှန်းမသိ ဖြစ်နေရင် အားလုံး ချောက်ကျကုန်တော့မှာပဲဗျာ၊ ဘယ့်နှယ်လုပ်ပါ့မလဲ'

'အို...ကိုသိန်းဖေ ခင်ဗျား မသိပါဘူးဗျာ၊ ကျွန်တော် ဘယ်လောက်စိတ်ညစ်နေသလဲဆိုတာ ရင်သားခွဲပြီး ပြလိုက်ချင်တာပဲ'

'မဟုတ်ပါဘူး၊ ခင်ဗျား စိတ်ညစ်နေလို့ သောက်ပေမယ့် ကနေ့ညကျွန်တော်တို့ မျက်လှည့်ပြဖို့ တာဝန်ရှိသေးတယ်ဗျ၊ အခု ဘယ့်နှယ်လုပ်မလဲ တရုတ်မျက်လှည့်ဆရာကြီးဆိုပြီး ခင်ဗျားဝတ်ဖို့ ဂရုတ်အင်္ကျီတွေအားလာပြီးပြီ၊ အခု ခင်ဗျား ဒီလိုဖြစ်နေရင်'

'နိုးမင်း၊ ကျွန်တော်တော့ ခေါင်းမထူနိုင်ဘူး၊ ဘာမှမတတ်နိုင်တော့ဘူး'ဟု ဆိုနေစဉ် ကပွဲအမှုဆောင်များ ဝင်ရောက်၍လာကာ ကျော်မြင့်၏အဖြစ်ကို တွေ့ရသဖြင့်...

'လုပ်ကြစမ်းပါဦး၊ မင်း ဒီလိုဆိုရင် အားလုံးပျက်ကုန်တော့မယ်၊ ကနေ့ညနေ ခင်ဗျားတို့မျက်လှည့်နဲ့ အသားယူဖို့ဟာ အခုလိုဆိုရင် ပျက်ဘူးလား'ဟု ပြောပြောဆိုဆိုနှင့် ရေခဲများရှာကြ၍ ကျော်မြင့်အား အမူးပြေအောင် ကုပ်ကိုပွတ်တိုက်ပေးကြလေ၏။

အနည်းငယ်ပေါ့၍လာသလိုလိုရှိသောအခါ 'ကိုင်း...ကိုင်း...ပရိတ်သတ်ကသာ ဟောလ်တို့တောင် ရောက်နေကြပြီ၊ ခင်ဗျားတို့ပြင်ကြ၊ ဆင်ကြ' ဟုဆိုကာ ဧည့်ခံရန်ထွက်သူက ထွက်သွားသဖြင့် ကျန်ရစ်သူများက



www.burmeseclassic.com

www.burmeseclassic.com



ကျော်မြင့်အား တရုတ်အင်္ကျီများ ဝတ်ပေးပြီးနောက် တွဲယူ၍ ထုတ်လာကြရာ ဝန်ကြီးအင်္ကျီထက် ရှည်လျားသော တရုတ်အင်္ကျီကို မှုးယစ်နေသူ ကျော်မြင့်မှာ ကောင်းစွာမထိန်းသိမ်းနိုင်သဖြင့် အင်္ကျီများကိုနင်းမိ၍ ခြေနင်းတုပ်ပြီးလဲရာမှ သတိမရတော့ဘဲ ရှိသောကြောင့် သူ၏အခန်းသို့ ပြန်ပို့ကာ အိပ်ရာပေါ်တွင် ကောင်းစွာသိပ်ထားရလေ၏။

မျက်လှည့်ပြဖို့ အစီအစဉ်မှာ ပြင်ဆင်၍မရတော့သဖြင့် ကျော်မြင့်မပါသော်လည်း သိန်းဖေမှာ ကျော်မြင့်ကဲ့သို့ တတ်ကျွမ်းသည်တိုင်အောင် သူတစ်ယောက်တည်းနှင့် ပြသရန် တာဝန်ရှိနေသောကြောင့် အချိန်ကျသည်နှင့် တစ်ပြိုင်နက် ဇာတ်ခုံပေါ်သို့ တက်ပြီးလျှင် 'တီကနေ့ စွန်နော်လီခလစ်စမတ် ထမင်းစားပွဲကြီးမှာ တီလုပ်ပြည်ပြေကြီးက မော်ဆရာကီးဆရာစံ မျက်လှည့်ပြမယ်လို့ စီမံထားပေမယ့် ဆရာကီးပြေကြီးက မီးရထားခိုးစီးလာတာ လမ်းမှာ ဘီးပေါက်လို့ ခြေလျင်လျှောက်လာတာနဲ့ မီးရောက်စေးလို့ စွန်တော်ကိုယ်တိုင် ပြရတော့မှာပဲ'ဟု စကားပလ္လင်ခံကာ ပြသသည်တွင် အလျဉ်းမတတ်ကျွမ်းသူတစ်ယောက် ဖြစ်သည့်အလျောက် သူလုပ်ပြသမှုမှာ ဘာမျှအမြီးအမောက်မတည့်သော်လည်း ရယ်စရာကောင်းအောင် ဖြစ်နေသည့်အတွက် တသောသောပွဲကျကာ တမင်စီစဉ်ထားသည်ဟု အောက်မေ့ကာ ကျေနပ်သဘောကျနေကြလေတော့၏။

သို့နှင့် တစ်ယောက်ပြီးတစ်ယောက် ကခိုင်းဆိုခိုင်း၊ သီချင်းဆိုခိုင်း တီးမှုတ်ခိုင်းနှင့် ထမင်းစားခန်းကြီးထဲတွင် ပျော်ရွှင်စရာဖြစ်နေကြသော်လည်း ကျော်မြင့်မှာမူ သူ၏အခန်းအတွင်း၌ လူးလွန့်ကာ သေချင့်လုမျှော စိတ်ဒုက္ခခံနေရလေတော့၏။ ချစ်သူကြောင့် သည်းအူပြတ်လုမတတ် ရှိရသည်တွင် အရက်ကြောင့် အသည်းကျွမ်းလုနီးပါး ခံစားရသောဝေဒနာ





နောက်တစ်နေ့နံနက်တွင် ကျော်မြင့်၌ ခေါင်းကလည်း မခံမရပ်နိုင်အောင် ကိုက်ခဲမူးဝေ၍ အဲသည်းနှလုံးများ ဖောက်တီဖောက်ထိုးပြစ်သည့်အလား လှုပ်လှုပ်...လှုပ်လှုပ်နှင့် ရင်တွင်း၌ ပူလောင်ခြောက်သွေ့ကာ အမူးမပြေနိုင်ဘဲရှိသည့်အလျောက် ကျောင်းဆေးရုံလက်ထောက်ဆရာဝန် ဒေါက်တာရောဘတ်ထံသို့သွားကာ အင်ဂျက်ရှင်းထိုးမှ သက်သာသလိုလို ရှိသွားလေ၏။

အမူးသက်သာသော်လည်း အချစ်ရူးမှာ မသက်သာဘဲရှိကာ မိတ်ဆွေများက ဖျောင်းဖျဖြေဖျော်၍လည်းမရ၊ သိန်းဖေတည်းဟူသော ပုဂ်ဂိုလ်၏ လူရွှင်တော်ဘွဲ့ရသူတစ်ဦးပင်လျှင် ကျော်မြင့်အား ရယ်မောအောင်ပြုလုပ်မရနိုင်၍ လက်လျှော့ရလေတော့၏။ ကျော်မြင့်မှာ ညွှန့်တင်ကို စိတ်ထဲမှ ဖျောက်ဖျက်၍ မရနိုင်ရသည်တွင် ဒိုဘီကုလား လာသဖြင့် အိပ်ရာခင်းကို ထုတ်ပေးလိုက်ရာတွင် ခေါင်းအုံးအောက်မှ ညွှန့်တင်၏ အကလေးနှင့် ပန်းပွင့်ကလေး ထွက်လာသဖြင့် သာ၍ပင် အပူကိုပွားဖို့ရန် ပေါက်လာသည့်အလျောက် စိတ်ညစ်ခြင်းကို ပျောက်မှပျောက်စေဟု သဘောထားကာ အရက်ကို ထပ်မံသောက်ဦးမည်ဟု ဘွိုင်ကုလားတစ်ယောက်အား ငွေပေး၍ ဝယ်ခိုင်းလေ၏။

နေ့လယ်ချိန်ယောက်တွင် ကျော်မြင့်မှာ သူ၏အခန်းတွင်း၌ လူးလိမ့်နေကာ ဟစ်အော်ညည်းညူသံများကို ကြားရသဖြင့် 'လာကြပါဦးဟေ့ ကျော်မြင့် ဘာဖြစ်နေမှန်းမသိဘူး'ဟု သိန်းဖေနှင့်တကွ အခြားကျောင်းသားများသည် ဖျာပျာသလဲ အော်ဟစ်ခေါ်ဆိုကာ ကျော်မြင့်၏အခန်းကို ခွတ်အတင်းဖွင့်၍ ဝင်ကြလေရာ ခုတင်ပေါ် ခေါင်းစိုက်၍ ရှိသော ကျော်မြင့်နှင့် ဘေးတွင်ရှိသော ဘီယာပုလင်းများကို



www.burmeseclassic.com

www.burmeseclassic.com



မြင်ကြလေရာ 'ဟိုက်...ဒီတစ်ခါဖြင့် ခက်ကုန်ပြီဟေ့...ကိုကျော်မြင့်တော့ သေတော့မှာပဲ၊ မနက်က အင်္ဂျက်ရှင်းထိုးပြီး အခု ဘီယာတွေသောက်လို့ လူးနေပြီ၊ အင်္ဂျက်ရှင်းနဲ့ ဘီယာနဲ့ နည်းနည်းမှမတဲ့ဘူး၊ အဆိပ်ထက် ဆိုးသေးတယ်၊ ဝီစကီ၊ ဘရန်ဒီကမှ တော်သေးတယ်၊ သထုံဟောလ်က ဆရာကိုတင်ကြည် အရင်တုန်းက သေသွားတာ အင်္ဂျက်ရှင်းထိုးပြီး ဘီယာသောက်လို့ပေါ့၊ သေတော့မှာပဲ လုပ်ကြပါဦး' အခန်းတွင်း၌ ကျောင်းသားများ ရှုပ်ထွေးနေလေတော့၏။

ကျော်မြင့်မှာ အူတွေပြတ်လုမတတ် ခံစားနေရသည့်တိုင်အောင် ညွန့်တင်ကို မမေ့နိုင်ဘဲ 'အမယ်လေး...ခင်ရဲ့...ညွန့်ရဲ့...တင်ရဲ့ ခင်မောင်ကြီးကို မြင်လှည့်ပါဦးခင်ရဲ့၊ သေရတော့မယ် သေတော့မယ် ခင့်စိတ်ကြောင့် သေရတော့မယ်'ဟု ညည်းညူနေသဖြင့် သိန်းဖေက ပွေ့ဖက်ကာ 'ကိုကျော်မြင့်...ကိုကျော်မြင့် သတိထားလေ၊ သတိထားပါ'

'ခင်ဗျား...ဘယ်သူလဲ'

'ကျွန်တော်လေ...ကျွန်တော်သိန်းဖေရယ်'

'အမယ်လေး...ကိုသိန်းဖေရဲ့၊ ကျွန်တော့်မျက်စိတွေ ပြာလာပြီ သေတော့မှာပဲထင်ပါရဲ့၊ ညွန့်ညွန့်ကိုသာ ပြောလိုက်ကြပါတော့၊ သူ့စိတ် သေရှာပြီလို့၊ အမယ်လေး...မပေါင်းထိုက်တဲ့မယားပေမို့ အလောင်းပို့ထားဖို့ လာခဲ့ပါဦးလား ညွန့်ရဲ့'ဟု ပြောစဉ်...

'ကိုင်း...ကိုင်း မဖြစ်ဘူး...ဆရာ့ကို ပြောကြပါဦး'ဟု ဝိုင်း၍ပြောသဖြင့် အဆောင်မှူးကို အကျိုးအကြောင်း တိုင်ကြားလေရာ ချက်ချင်း ကျောင်းဆေးရုံမှ ဆရာဝန်ကို ခေါ်ပြသည်တွင် အဆိပ်ဖြေဆေး ထိုးပေးပြီး ဆနတ်တိုးရီးယမ်း (ခေါ်) ကျောင်းဆေးရုံသို့ ကျော်မြင့်အား





ပို့လိုက်ရလေတော့၏။

ခရစ်သက္ကရာဇ်ကူးပြောင်း၍ နှစ်သစ်သို့ရောက်သဖြင့် တက္ကသိုလ်ကျောင်းတော်ကြီး ပြန်၍ဖွင့်သောအခါ ကျောင်းသား ကျောင်းသူတို့ ပါးစပ်ဖျားတွင် ကျော်မြင့်၏ အကြောင်းကိုသာ ပြောဆိုကြလျက်...

'သေမှာပါပဲဗျာ၊ အဲဒါ ကိုယ့်ကိုယ်ကို ကိုယ်သတ်သေတာဗျ၊ အဆိပ်သောက်တာဟို့၊ ဆွဲကြိုးချသေတာတို့ဟာ ရိုးနေပြီ၊ မသေလို့ ရှင်ပြန်ရင်လဲ အစိုးရအပြစ်ဒဏ်နဲ့ မကင်းဘူး၊ ဟောဒီနည်းက ဆရာ မဦးရင် သေတာချည်းပဲ၊ မသေတောင် မသိလို့သောက်မိတယ်ဆိုရင် ဘယ်သူက ဘာပြောနိုင်ဦးမလဲဗျ၊ အစစ်ပါပဲဗျာ၊ မညွန့်တင်ကြောင့် သက်သေတာပါ'ဟု အားတိုးပြောဆိုကြလေတော့၏။ ကျောင်းဖွင့်၍ ကျောင်းသားများ ပြန်၍လာကြလေရာ အင်းလျားကျောင်းဆောင်ရှေ့တွင် ကားတစ်စီး ဆိုက်လာသည်တွင် ကားတွင်း၌ မညွန့်တင် ပါလာလေရာ မသန်းကြည်တို့မှာ သူ့အားကြည့်လျက် ငေးမောနေပြီးမှ မသန်းစိန်က ပြေးသွားကာ...

'မညွန့်တင်...အသက်မှီအောင် လာခဲ့တာလား'ဟု မေးသဖြင့် ညွန့်တင်တွင် မျက်လုံးများပြူးသွားကာ 'ဘာဖြစ်လို့တုန်း'ဟု မေးမှ...

'ကိုကျော်မြင့်အင်္ဂျက်ရှင်းထိုးပြီး စိတ်ညစ်လို့ ဘီယာသောက်တာနဲ့ အဆိပ်ဖြစ်ပြီး သေတော့မလို့၊ မျှော်မျှော်ကလေးရှိတော့တယ်တဲ့'

'ဟင်...ဟုတ်လား...အခု ဘယ်မှာလဲ'

'ကျောင်းဆေးရုံမှာ သေများသေပြီလားမသိဘူး'ဟု ဆိုသောကြောင့် ညွန့်တင်တွင် အသက်မှ မှန်မှန်မရှူနိုင်အောင်ဖြစ်ကာ 'ဒါဖြင့် သွားကြည့်ဦးမှပဲ'ဟုဆိုကာ ကားပေါ်မှပင် မဆင်းနိုင်သေးဘဲ ကျောင်းဆေးရုံသို့ လိုက်လေ၏။

www.burmeseclassic.com



ဖုတ်လိုက်ဖုတ်လိုက်နဲ့ အသက်ငင်နေတာပဲ တွေ့ရမလား၊ သေနေတာပဲ တွေ့ရမလားဟု ပူပန်လျက်ပင် ဆေးရုံသို့ ရောက်သွားသောအခါ ဆိတ်ငြိမ်လျက်ရှိသည်ကို တွေ့ရသဖြင့် ညွန့်တင်၏စိတ်တွင် သုသာန်တစပြင်ကဲ့သို့ အောက်မေ့မိလေ၏။ ဆေးရုံထဲသို့ ရောက်သွားသောအခါ လူနာပြုစုသောအခန်းဝတွင် မှိုင်တွေနေသော သိန်းဖေကို တွေ့ရသဖြင့်...

'ကိုကျော်မြင့်ရှိလား၊ ဘယ့်နှယ်နေသေးသလဲ'ဟု မေးရာ သိန်းဖေသည် မျက်ရည်မထွက်အောင် ကြိတ်မှိတ်မျိုသိပ်ထားရသည့် မျက်နှာဖြင့် မလှုပ်ချင်လှုပ်ချင် ခေါင်းကိုခါပြီးလျှင် ဝမ်းနည်းပက်လက် အသံကြီးဖြင့် 'သွားရှာပြီ၊ မရှိတော့ဘူး၊ အခုတင်ပဲ ရင်ခွဲကြည့်ဖို့ ဆေးရုံကြီးကို ပို့လိုက်ရပြီ၊ လက်မတင်လေး လွဲသွားတာပဲ၊ မညွန့်တင် အလာကောင်းပေမယ့် အရောက်နှောင်းနေပြီ ဝမ်းနည်းပါရဲ့'ဟုဆိုကာ မိမိ၏မျက်ရည်ကို မမြင်စေလိုသည့်အလား မျက်နှာလွှဲလျက် မျက်စိကိုပွတ်သပ်နေသဖြင့် ညွန့်တင်မှာ လိုက်လိုက်လဲလဲကြီးဖြစ်လာကာ ဘာကိုမျှမလုပ်တတ်မကိုင်တတ် ဖြစ်နေပြီးမှ...

BURMESE CLASSIC

'မရှိတော့ဘူးနော်...ဒီမှာ'

'မရှိဘူး...သူအိပ်သွားတဲ့ ခုတင်ပဲရှိတော့တယ်၊ ကြည့်ချင် ဝင်ပြီး ကြည့်ဦးလေ'ဟု ပြောသောကြောင့် ညွန့်တင်မှာ သိန်းဖေခေါ်ရာသို့ ပါလာကာ ဆေးရုံအခန်းတွင်းသို့ ရောက်သွားပြီးလျှင် ကျော်မြင့် အိပ်သွားသည်ဆိုသော ခုတင်ကိုကြည့်လျက် မျက်ရည်များရစ်ဝိုင်း၍လာလေ၏။ ထို့နောက် သိန်းဖေကို ကြည့်လိုက်ရာ သူမရှိတော့သည်ကို တွေ့ရသဖြင့် ဝမ်းတွင်း၌ တစ်ခဲနေသော အလုံးကြီးကို ဖြေဖျောက်နိုင်ရန် ပိတ်ပင်၍ မရနိုင်သော မျက်ရည်များကို သူတို့အလိုအတိုင်း ကျစေပြီးနောက် ခုတင်





ခေါင်းအုံးအောက်မှ တစ်စုံတစ်ရာ ထွက်ပေါ်နေသည်ကို တွေ့ရသဖြင့် လှန်၍ကြည့်လိုက်ရာတွင် 'ချစ်ပါတယ်'ဟု မိမိရေးပေးထားခဲ့သော စာကလေးနှင့် မီးရထားမထွက်မီက ကျော်မြင့် ကောက်ယူထားသော ပန်းပွင့်ကလေးကို တွေ့ရသည်တွင် မိမိပေါ်တွင် မည်မျှချစ်ကြိုက်စုံမက်တွယ်တာသက်ရှာသည်ကို သိရှိရကား မဆည်မျိုနိုင်ဘဲ ဖြစ်လာတော့သဖြင့် ငိုကြွေး၍ငိုကာ...

'ကွဲကြပေါ့ ကိုကျော်မြင့်ရေ...ကွဲကြပေါ့၊ ကျွန်မမျက်နှာကို မကြည့်ရလို့ တမင်သက်သက် ကိုယ့်ကိုယ်ကိုသတ်သေတာလား ကိုကျော်မြင့်ရဲ့၊ ... စက်ပါလေရဲ့ရှင်၊ ကျွန်မ ကိုကျော်မြင့်အပေါ်မှာ ဘယ်လောက်ချစ်သယ်ဆိုတာ ကိုကျော်မြင့် မသိဘူးနော်၊ ကိုကျော်မြင့်အချစ်ကို စမ်းချင်လို့ ကျွန်မ ယောကျ်ားယူရတော့မယ်လို့ လိမ်ပြီးပြောတာ၊ တကယ်မှတ်ပြီး ... လာအောင်မှ မစောင့်နိုင်ဘဲ သတ်သေတာလား၊ အချစ်ကြီးရဲ့၊ ကျွန်မ ပြန်သွားရပေမယ့် တစ်နေ့မှမမေ့ဘဲ လွမ်းလွန်းလို့ ချက်ချင်း ...ခဲ့တာ၊ ကျွန်မကို မုန်းသွားလို့ ဒီလိုလုပ်ရက်တာပေါ့လေ၊ ကျွန်မဖြင့် ... ကိုကျော်မြင့်ရဲ့ ၊ မချိဘူး၊ ကိုကျော်မြင့်စိတ်နဲ့ ကျွန်မလဲ သေရ ...မယ်၊ မနေဘူး၊ လိုက်ခဲ့မယ်...လိုက်ခဲ့မယ်'ဟု တတွတ်တွတ် ...လျက် စာရွက်ကလေးနှင့် ခြောက်သွေ့နေသော ပန်းပွင့်ကလေးကို ...တန် နမ်းရှုပ်ပြီး ခေါင်းအုံးကြီးကိုဖက်၍ တရှိုက်ရှိုက်ငိုမိလေ ...၏။

...ငိုက်မရှက် ကြိုက်မရှက်ဆိုသလို ကျွန်မဖြင့် မ...နိုင်တော့ဘူး ...ကျော်မြင့်ရဲ့'ဟုဆိုကာ ငိုနေလေရာ ကျောကို လက်တ... ...င်းတင် ...ကာ အသာအယာပွတ်သပ်လျက် 'ငိုလွန်းတော့ ကိုယ့်...သ...ခင်၊



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး တရားနဲ့ဖြေမှပေါ့'ဟု ဆိုသံကို ကြားတွေ့ရသဖြင့် ဖျတ်ခ
လှည့်ကြည့်လိုက်ရာ ညွန့်တင်မှာ ကြက်သီးတဖြန်းဖြန်းထပြီးလျှ
...ဘာဝနှင့် တွေ့ရသကဲ့သို့ တဆတ်ဆတ်တုန်ကာ ကျော်မြင့်၏မျက်
ကို တွေ့ရပြီးမှ...

'ကိုကျော်မြင့်...ရှင် ကိုကျော်မြင့်ပဲနော်'ဟု သူ့အား ကိုင်၍မေး

'အစစ်ပါပဲ၊ ရေမရောပါဘူး'ဟု ကျော်မြင့်က ပြုံးလျက်ပြောသဖြ
'ရှင်ကတော့ ရယ်နိုင် မောနိုင်ပါပေရဲ့၊ ကျွန်မဖြင့် သေရတော့မလော
ဖြစ်သွားတာပဲ၊ ဘာပြုလို့ ဒီလိုလိမ်ရတာတုန်း'

'ကျုပ်လိမ်တာက တော်ပါသေးရဲ့၊ ခင်လိမ်လိုက်တာ တကယ်
ယောက်ျားယူတော့မယ် အောက်မေ့ပြီး မပြောပါနဲ့တော့ ခင်ရဲ့၊ ကံကော
လို့မသေဘယ်၊ တတ်လဲတတ်နိုင်ပါပေရဲ့၊ ပလီအိုးမလေးရဲ့...'ဟုဆိုက
ညွန့်တင်၏ပါးလေးကို အသာအယာဆွဲကာ 'စိတ်ဆိုးတာနော်...သိပ်စိတ်
ဆိုးတာပဲ၊ ဟောဒီလိုလိမ်လိုက်ရ'ဟုဆိုကာ မနာမကျင်လိမ်လိုက်
'တော်ပါ၊ ရှင်တော့လေ...မေတ္တာမရှိလိုက်တာ'ဟု ခနဲ့တဲ့တဲ့ ပြန်ပြေ
လိုက်စဉ်

'အပိုင်း(၁၄)ပြီးပါပြီ'ဟူသော အသံကို ကြားသဖြင့် လန့်ဖျပ်က
လှည့်ကြည့်လိုက်ရာ မျက်မှန်ကို လက်ဝါးနှစ်ဖက်နှင့် အုပ်ထားသော်လည်း
လက်ချောင်းများကို ဖြဲထားကာ ကြည့်နေသူ သိန်းဖေကို တွေ့ရသဖြ
ရှက်ကိုးရှက်ကန်း ဖြစ်သွားကြလေသတည်း။ ။

**သူရိယမဂ္ဂဇင်း၊ ဇန်နဝါရီလ၊ ၁၉**





# ရယ်စရာများနှင့်အချစ်

ဝေမှုးသွင်



www.burmeseclassic.com




www.burmeseclassic.com



လူ့ဘဝဆိုသည်မှာ ရယ်မောစရာများဖြင့် ချုပ်လုပ်ထားသော ဝတ်စုံ ...စုံမျှသာဖြစ်သည်ဟု ကျွန်တော်ထင်သည်။ ဒီအဆိုကို အခြားသော ...ားက ပျက်ရယ်ပြုကန့်ကွက်ချင် ကန့်ကွက်နိုင်သော်လည်း ကျွန်တော် ...သို့သော ဘာမှမဟုတ်သည့်ကောင်၏ စကားကို ဘယ်သူကမှ အလုပ် ...ပြီး ကန့်ကွက်လိုက်မည်မဟုတ်ပါ။

ရယ်မောခြင်းသည် ဘာကြောင့်မှန်းမသိ လူကြိုက်များသည်။ ...ရာအဖြစ်အပျက်တွေကို ရုပ်ရှင်ရိုက်လျှင် အောင်မြင်သည်။ ရယ်စရာ ...ကြောင်းပဲ့တွေကို ဝတ္ထုရေးလျှင် အောင်မြင်သည်။ လူရွှင်တော်များ၏ ...ရာပြက်လုံးများနှင့် အငြိမ့်၊ ဟာသပဒေသာဆိုသည့် ရယ်စရာစာအုပ် ... ရယ်စရာမဂ္ဂဇင်း စသည်ဖြင့် ရယ်မောရန်မျိုးစုံရှိသည်။ အခုဆိုလျှင် ...ရာသီချင်းတွေပင် ရှိလာပြီ။ (ထိုသီချင်းခွေကို ရယ်စရာမဂ္ဂဇင်း ...ဒီတာ ကောက်နွယ်ကနောင်က စီစဉ်ပါသည်) ကျွန်တော့်ကို ထိုအခွေ ...ကြော်ငြာပေးသည်ဟု အထင်မလွဲစေလိုပါ။ နှုတ်ခမ်းမွေးကားကားနှင့် ...ည်းကြီးအယ်ဒီတာကြီးက အထက်ပါအရေးအသားကြောင့် စိတ်ဆိုး ...င်း ဆိုးနိုင်သော်လည်း ကျွန်တော်မတတ်နိုင်ပေ။

...ဘမ္ဘာပေါ်ရှိ ရယ်စရာအဖြစ်အပျက်များနှင့် ပတ်သက်လျှင် ကျွန်တော် ...သည် ကျွမ်းကျင်နှံ့စပ်သူတစ်ယောက်လည်း ဖြစ်သည်။ ကျွန်တော် ... ရယ်စရာအဖြစ်အပျက်ပေါင်းများစွာကို သူမက ပြောပြခဲ့၏။

ဂျူကာ

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာအကြောင်းတွေပြောပြီး ရယ်ရလွန်း၍ မောလာလျှင် သူမက ကျွန်တော့်ပခုံးပေါ်တွင် မှီ၍ ငြိမ်ငြိမ်ကလေး ရင်ခုန်နေတတ်သည်။ ညနေခင်းဆည်းဆာကို ကျွန်တော်တို့ အတူတကွ ငေးကြည့်ခဲ့စဉ်များက ငှက်ကလေးများသည် ရယ်စရာဖြစ်ခဲ့သည်။ တိမ်ရောင်စုံတို့မှာ ရယ်စရာ ဖြစ်ခဲ့သည်။ သူမနှုတ်ခမ်းများမှာ ရယ်စရာဖြစ်ခဲ့သည်။ ကျွန်တော့်မျက်လုံး တို့မှာ ရယ်စရာဖြစ်ခဲ့သည်။

ဒီလိုနေ့တွင် အိမ်ပြန်ချိန်တို့သည် နောက်ကျစရာ ဖြစ်ခဲ့သည်။

"ဟော့...မောင် အိမ်ပြန်ဖို့ တော်တော်နောက်ကျနေပြီကွ။ အခု ဘယ်နှစ်နာရီ ရှိသွားပြီလဲ"

"မောင့်မှာ နာရီမပါဘူးကွ"

"နာရီက မရှိတာလား၊ မပါတာလား"

"မရှိလည်း မရှိဘူး၊ မပါလည်း မပါဘူး"

"ဘာလဲ မောင်က နာရီပတ်တဲ့ အလေ့အကျင့် မရှိဘူးပေါ့"

"မောင်က နာရီမပတ်ဘူး။ ပြင်သစ်သမ္မတဟောင်း မီးတရောင်လည်း နာရီမပတ်ဘူး"

"အံမယ်...သူ့ကိုယ်သူ"

သူမက စကားကို ဆုံးအောင်မပြောတော့ဘဲ ရယ်မောပါတော့သည်။

"ဒါဖြင့် အိတ်ကပ်ထဲမှာ ပိုက်ဆံမရှိတာကရော"

"သမ္မတမီးတရောင်းလည်း အဲဒီလိုပဲ"

"တကယ်..."

သူမက မယုံနိုင်ကာမေးတော့ ဒီတစ်ခါ ကျွန်တော်က ရယ်မောရ သည်။





"တကယ်ပြောတာပေါ့ကွ။ မီးတရောင်းဆိုရင် ဆိုင်တွေမှာ စား သောက်ပြီးရင် ဘယ်တော့မှ ပိုက်ဆံမရှင်းဘူး။ သူ့အပေါင်းအသင်းတွေ ကလည်း အမြဲစိုက်ရှင်းရလေ့ရှိတယ်။ တစ်ခါမှာတော့ လူတစ်ယောက်ရဲ့ ပြောမနာဆိုမနာ မိတ်ဆွေဖာစ်ယောက်က မီးတရောင်းကို မေးတယ်တဲ့။ ခင်ဗျား အဲဒီလိုစားသောက်ပြီး မရှင်းဘဲနေတာ မရှက်ဘူးလားလို့ဆိုတော့ မီးတရောင်းက ဘယ်လိုပြန်ဖြေလိုက်တယ်မှတ်လဲ"

"ဘယ်သိပါ့မလဲ မောင်ရဲ့..."

"ကျုပ်က သမ္မတဖြစ်မယ့်ကောင်ပဲ။ ဘာလို့ရှက်ရမှာလဲ"

ကျွန်တော့်စကားအဆုံးမှာ သူမ ဟက်ဟက်ပက်ပက် ရယ်မောလေ သည်။ သူမ၏စိတ်လွတ်ကိုယ်လွတ် ရယ်မောပုံကို ဒီတစ်ကြိမ်တည်းသာ မြင်ဖူးပါသည်။ သူမက မကြာခဏ ရယ်မောသူဖြစ်သော်လည်း အမြဲလိုလို အကာအကွယ်တစ်ခုနှင့် ရယ်မောတတ်သူဖြစ်၏။ များသောအားဖြင့် ဘာ ရာခိုင်နှုန်းသာ ရယ်မောလေ့ရှိသော သူမသည် ဘာကြောင့် ရာခိုင်နှုန်း ပြည့် မရယ်မောသည်ကို ယနေ့ထက်တိုင် ကျွန်တော်မသိပေ။

ကျွန်တော်တို့၏ ချစ်သူဘဝ အချိန်ကာလအတန်ကြာ ဖြတ်သန်း ပြီးသောအခါ သူမက ကျွန်တော့်ကို ပထမဆုံးအကြိမ် နမ်းပါသည်။ ကျွန်တော်ကလည်း ပထမဦးဆုံးအကြိမ် ဘဝင်မြင့်ခဲ့ပါသည်။

ဘဝ၏ ရယ်မောစရာ ပုံစံခွက်ထဲမှ အောင်မြင်မှုကို ကျွန်တော့် ချစ်သူက လှောင်ပြောင်ချင်သူလည်း ဖြစ်သည်။ ကျွန်တော့်ခေါင်းကို အားကုန်ခါယမ်းလိုက်မိ၏။ သူမ၏အသံများမှာ လောကကြီးကို အမြင် ဆန်းတီး၍ ရယ်စရာဖြစ်အောင် ပြုလုပ်ခဲ့မှန်း ကျွန်တော်သိပါသည်။

အချို့ရယ်စရာကိစ္စများမှာလည်း ဖန်တီးပြုလုပ်ထားသမယ့် အချိန်



www.burmeseclassic.com

www.burmeseclassic.com



တာန်လျှင် တာဝန်အရ ရယ်လိုက်ကြတာပဲဖြစ်သည်။

"မောင့်ကို ဒီနေ့ ရယ်စရာတစ်ခု ပြောပြမယ်။ ဒါပေမယ့် မရယ်ဘဲ နေနော်"

"အင်း…မောင်ကြိုးစားကြည့်မယ်လေ"

"ဒီလိုမောင်ရဲ့…လန်ဒန်မြို့ကြီးရဲ့ လမ်းတစ်နေရာမှာ သူတောင်းစား နှစ်ဦး ဆုံကြတယ်တဲ့။ အဲဒီမှာ ပထမသူတောင်းစားက ဒုတိယသူတောင်းစားကို ပြောတယ်။ ဟော့ကောင်…မင်းအရင်နေရာက လန်ဒန်တံတားကြီး နားမှာ မဟုတ်လားတဲ့။ ဒီတော့ ဒုတိယသူတောင်းစားက ပထမသူတောင်းစားကို ပြန်ပြောတယ်။ အေး…မင်းပြောတာ ဟုတ်ပါတယ်။ ဒါပေ အခု အဲဒီနေရာကို ငါ့သားအတွက် မင်္ဂလာလက်ဖွဲ့လိုက်ပြီတဲ့"

ထိုစဉ်ပုံနှိပ်က ကျွန်တော်သည် သူမတားမြစ်ခဲ့သော မရယ်ရဆိုသည့် စကားကို မေ့သွားပြီး ရယ်မောမိခဲ့၏။

"မောင်"

"ပြောလေ"

"မောင် စာရေးတဲ့အခါ ရယ်စရာအကြောင်းတွေ များများထည့်ရေးပါလား။ တို့ဆီမှာ ရယ်စရာတွေ အများကြီးရှိတယ်။ မောင့်ကို ရယ်စရာတွေ တို့ပြောပြမှာပေါ့"

ထိုစကားကို ပြောခဲ့သော သူမသည် ကျွန်တော့်အတွက် ဘယ်သော အခါမှ ရယ်စရာဝတ္ထုတစ်ပုဒ် ဖြစ်မလာခဲ့ပေ။ ခံစားချက်အကြောင်း မှာလည်း အမြဲပင် နာကျင်ဖွယ်ဖြစ်ခဲ့၏။

သူမသည် ကျွန်တော့်ကို တစ်ခုသော ညနေခင်း၌ ရယ်စရာတစ် ပြောပြခဲ့သည်။





"တို့သူငယ်ချင်း ကောင်မလေးတစ်ယောက်က သူ့အဖေကို သူ ညှည်းစားရထားပြီဖြစ်ကြောင်း ပြောပြတယ်တဲ့။ အဲဒီမှာပဲ ဒေါမက်တဲ့ သူ့အဖေက ကောင်မလေးကို ပြန်ပြောတယ်။ သမီးကောင်လေးက ဂိုက်ဆံချမ်းသာသလားပေါ့။ ဒီတော့ တို့သူငယ်ချင်းကောင်မလေးက သူ့အဖေစကားကြောင့် မှတ်ချက်တစ်ခုချသတဲ့ မောင်ရဲ့"

"ဘယ်လိုမှတ်ချက်မျိုးပါလိမ့်"

"အဖေတို့ယောကျ်ားတွေဟာ တစ်ပုံစံတည်းပဲ။ သူကလည်း ဖေဖေ့ကို ပိုက်ဆံချမ်းသာသလားတဲ့လေ"

ကျွန်တော်သည် သူမ၏ဟာသကို နောင်အချိန်အတန်ကြာသည်အထိ ရယ်မောခဲ့ဘဲ တကယ်တမ်း ရယ်မောမိချိန်တွင် ကျွန်တော့်အနားတွင် သူမ မရှိတော့ပါ။

ကျွန်တော်တို့နှစ်ယောက်၏ ဝေးကွာသွားခဲ့သော အချိန်တို့မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ရယ်စရာဟာသတစ်ခုခုကို ရုတ်တရက် ကြားဆိုင်မိချိန်တိုင်းမှာ ကျွန်တော့်ရင်ခုန်သံတွေက ပူဆွေးနေဆဲဖြစ်သည်။

နွေဥတုမှာ ပူဆွေးနေဆဲ။

နေရောင်ခြည်သည် ပူဆွေးနေဆဲ။ ဆုံးဖြတ်ရန် ခက်ခဲသော ကျွန်တော့် အားမှုတို့က ပူဆွေးနေဆဲ။

ဘဝ၏ ပျင်းရိစရာအချိန်သည် ရယ်စရာကောင်းသော အခြေအနေ များမှပင် တိုးဝှေ့လာခဲ့ကြဟန်တူသည်။ စိတ်ပျက်ဖို့မလိုသော်လည်း ရယ်စရာအချစ်ဆိုသည်ကိုတော့ ကျွန်တော်တို့က စိတ်ပျက်လက်ပျက် ခေါင်းငြိမ်ခဲ့ဖူး၏။

"မောင် တို့တွေ ဘယ်တော့လက်ထပ်ကြမလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ထိုအေးခွန်းကို ကျွန်တော်က နှစ်ကာလကြာမြင့်ခဲ့သည့်တိုင်အောင် အဖြေမပေးနိုင်ခဲ့ပေ။ တစ်ခုသော ညနေခင်းတွင် သူမက ကျွန်တော့်တုပ်ပိုးကို ရှိုက်နမ်းရင်း ရုပ်ရှင်လိုက်ပြဖို့ ပူဆာခဲ့လေသည်။

ကျွန်တော်က လိုက်လျောသဘောတူကြောင်း ခေါင်းညိတ်ပြသောအခါ သူမခမျာကိုယ်သည် သာမန်မဟုတ်သော ခံစားမှုတွေကို ကိုယ်စားပြုထားကြောင်း ကျွန်တော် သတိပြုမိ၏။ ထိုနေ့က ကျွန်တော်တို့နှစ်ယောက်သည် ကြံ့ရာရုပ်ရှင်ရုံတစ်ရုံတွင် ကြံ့ရာရုပ်ရှင်ကားတစ်ကားကို ဝင်ကြည့်ဖြစ်ကြသည်။

ကံဆိုသည်မှာ ကျွန်တော်တို့နှစ်ယောက် ဝင်ကြည့်ခဲ့သော ရုပ်ရှင်ကားသည် ရယ်စရာဟာသကားတစ်ကား ဖြစ်နေသည်။

ရုပ်ရှင်ရုံထဲရှိ အခြားသော ရုပ်ရှင်ကြည့်သူများက တဝါးဝါးဘဟားဟားနှင့် ရယ်နေကြသော ရုပ်ရှင်ကားကို ကျွန်တော်တို့နှစ်ယောက် တစ်ချက်ကလေးမှ မပြုံးမရယ်ဘဲ ရုပ်ရှင်ပြီးသည်အထိ ခပ်တည်တည်ကြည့်နေခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ဟာသနှင့်ထိုသူများ၏ဟာသမှာ ကွဲပြားခြားနားသောကြောင့် ဖြစ်ပါသည်။

ထိုနေ့က ရုပ်ရှင်ရုံမှအပြန်တွင် သူမ မျက်ရည်ကျခဲ့၏။ ထိုနေ့က ၁၉၉၅ ခုနှစ်၏ ဆောင်းရာသီအဦးအဖျား တစ်ရက်ဖြစ်သည်။ ထိုနေ့က ကျွန်တော် အသည်းကွဲခဲ့၏။ ထိုနေ့က မြန်မာဘောလုံးအသင်း၏ ကွင်းလယ်ကစားသမား ကြည်လွင်က လာအိုအသင်းသို့ ပယ်နယ်တီတစ်ချက် ကန်သွင်းခဲ့၏။ ထိုနေ့က တစ်ရှူးထုပ်ကလေးများကို သူမ အားရပါးရ သုတ်ဖြုပစ်ခဲ့၏။ ထိုနေ့က မောင်ချောနွယ်၏ ရထားကဗျာစာအုပ်ကို ကျွန်တော် ဝယ်ခဲ့၏။





ထိုနေ့က ရယ်စရာတွေတော့ မရှိခဲ့ပေ။

အလွမ်းအဆွေးသီချင်းများသည်လည်းကောင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းများသည်လည်းကောင်း၊ မှတ်မိစရာမကောင်းသော သူမ၏အနမ်းများသည်လည်းကောင်း၊ နာကျင်ဖွယ်ခံစားမှုများသည်လည်းကောင်း ကျွန်တော်တို့နှစ်ယောက်ကြားတွင် ရှိမနေခဲ့ပါ။ အကယ်၍ မတော်တဆထိုကိစ္စတွေ ရှိနေခဲ့လျှင်ပင် သူမက ရယ်စရာလုပ်ပစ်ဦးမှာ သေချာပါသည်။

အခုတော့ ကျွန်တော့်ဘေးနားတွင် သူမကိုယ်စား ရယ်စရာဟာသစာအုပ်တွေသာ ကျန်ရစ်ခဲ့သည်။ အချိန်တွေ အကြာကြီး ကျွန်တော်အိပ်ပျော်သွားခဲ့တော့၏။

ဖယောင်းတိုင်မီးသည် အခန်းထဲတွင် မှိန်မှိန်ကလေး လင်းလဲ့နေ၏။ သူမ၏အရိပ်သည် ဖယောင်းတိုင်အရိပ်များနှင့် ရောထွေးသွားသည်။ ကျွန်တော်က ဘာအကြောင်းပြချက်မှမရှိဘဲ တာဝန်အရ ရယ်မောနေမိသည်။ အိပ်မက်...

ထိုရယ်သံတွေကြားထဲမှ ကျွန်တော် လန့်နိုးလာခဲ့သည်။ သူမ၏ စကြောခက်ထန်သော အသံကို ရုတ်တရက် ကြားရ၏။

"မောင်...ဘယ်တော့မှရယ်လို့ မရတော့ဘူး။ အဲဒါ...တို့ဒဏ်ခတ်ထားတာ။ မောင်က တို့အပြင် တခြားကောင်မလေးတွေကိုလည်း ရည်းစားထိုင်တူထားတယ်။ အဲဒီအပြစ်ကို ပြန်ပေးဆပ်ရမယ်"

ကျွန်တော်က မခံချင်စိတ်နဲ့ အားရပါးရ ရယ်မောဖို့ ကြိုးစားလိုက်မိသည်။ သို့သော် ကျွန်တော့်အသံတို့က ထွက်ပေါ်လာခြင်း မရှိတော့။ ကျွန်တော် ထပ်ကြိုးစားကြည့်မိ၏။ လုံးဝရယ်လို့မရပါ။ ပုံမှန်စကားပြောခြင်းမှလွဲ၍ တကယ်ပင် ကျွန်တော် ရယ်မော၍မရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား...ဘုရား ငါဟာ ဘဝတစ်လျှောက်လုံး မရယ်မောတတ်သူတစ်ယောက်အဖြစ် ဘယ်လိုဆက်လက်ရှင်သန်ရမှာပါလိမ့်။ ကျွန်တော် သွေးပျက်စွာတွေးနေမိဆဲ။ သူငယ်ချင်းတစ်ယောက် လှမ်းခေါ်၏။

"ဟေ့ကောင် ငါတို့ ဒီမှာ ဟာသကားတစ်ခွေငှားလာတယ်။ သိပ်ရယ်ရတာပဲဆိုပြီး နာမည်ကြီးနေတဲ့ အခွေပေါ့။ လာလေကွာ ကြည့်ရအောင်"

"အေး...ကြည့်တာပေါ့ကွာ"

ခဏကြာတော့ ကျွန်တော်တို့အားလုံး ထိုဟာသကားသစ်ကို ကြည့်ဖြစ်ကြသည်။ သူတို့သည် ရယ်မောဖို့ ကြိုတင်ပြင်ဆင်ခြင်းကို ပြုလုပ်နေကြသည်။ ထို့နောက် သူတို့သည် ဝါးခနဲရယ်ကြပြန်သည်။ ရယ်မရသူက ကျွန်တော်တစ်ယောက်တည်းသာ ဖြစ်လေသည်။

ကျွန်တော့်အဖြစ်ကို ပထမဦးဆုံး သတိပြုမိသော သူငယ်ချင်းက အောက်ပါအတိုင်း မှတ်ချက်ချ၏။

"ဒီကောင်ကြီး အတော်ရင့်ကျက်သွားတယ်။ မျက်နှာထားက တည်နေတာပဲ။ အရင်လိုမဟုတ်တော့ဘူး"

စိတ်ထဲတွင် ကျွန်တော် ရယ်ချင်သွားသော်လည်း မျက်နှာပေါ်မှ အရေပြားဆိုင်ရာ နာဗ်ကြောတွေက သေဆုံးကုန်ပြီထင်ပါသည်။ သို့သော် သူမကိုချစ်သည့် ကျွန်တော့်အချစ်စိတ်တွေကတော့ ရယ်မောစရာအချိန်များနှင့်အတူ ရှင်သန်နေဆဲဖြစ်သည်။

မျှော်လင့်မိသည်မှာ ကျွန်တော် ပြန်လည်ရယ်မောနိုင်မည့်နေ့ ဖြစ်သည်။ ထိုနေ့တွင် ကျွန်တော်သည် ဆိုင်ဆိုင့် မဆိုင်ဆိုင် အကုန်လျှောက်ရယ်ပစ်လိုက်မည်။

သူမ၏အချစ်ကရော...။ ဒါကိုလည်း ရယ်ပစ်ရလိမ့်မည်၊ သို့သော်





ဘယ်သူမှ မသိစေရ။

အချစ်၏ရယ်စရာကောင်းသော နေ့ရက်များတွင် ကျွန်တော့်ဘဝကို မြှုပ်နှံထားပါသည်။ မာရ်နတ်၏လက်များနှင့် မတူးဖော်ရပါ။ ဝံပုလွေစိတ်ဓာတ်များနှင့် မတူးဖော်ရပါ။ အမုန်းတရားကို နှလုံးသွင်းထားသူများ မတူးဖော်ရပါ။

အေးစက်စွာ ဖြားယောင်းတတ်သော သူမ၏မျက်ဝန်းများမှလွဲ၍ ကျွန်တော်၏ ရယ်စရာအချစ်ကို ဘယ်သူမှ မမြင်အောင် ကြိုးစားပမ်းစား ကျွန်တော် ဖုံးကွယ်ထားရပါဦးမည်။

အချစ် (သို့မဟုတ်) ကျွန်တော်၏ကျွမ်းကျင်စွာ ပြုလုပ်ထားသော ရယ်စရာများ၊ ရိုမီယို၊ သစ်တော်သီး၊ ပါပါရာဇီ၊ အေဂျေခရိုနင်၊ ဂျွန်လင်နွန်၊ ထူးအိမ်သင်၊ ဆော်ဒီသန်းကြွယ်သူဌေး အကြမ်းဖက်သမား အိုစမာဘင်လာဒင်၊ ချာလီချက်ပလင်၊ ဘယ်သူတွေ ဘယ်အရာတွေက ရယ်စရာဖြစ်ခဲ့သနည်း။ ကျွန်တော် ပြန်ရယ်မောနိုင်သောနေ့တွင် အောက်ပါလိပ်စာအတိုင်း ရယ်ဂရာပုံဂြင်တစ်ပုဒ်ကို ရေးပို့ဖြစ်ပါလိမ့်မည်။

အမှတ် (၆၉၀)

တရုတ်တန်းလမ်း၊

ပြည်မြို့။

လူ့ဘဝဆိုသည်မှာ ရယ်မောစရာများဖြင့် ချုပ်လုပ်ထားသော ဝတ်စုံတစ်စုံမျှသာဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။

ဝေမှူးသွင်

www.burmeseclassic.com






# အချစ်ဆိုတဲ့ အိမ်ကလေး

ဝိဇယ



www.burmeseclassic.com

www.burmeseclassic.com



**A man's house is his castle.**

လူတစ်ယောက်၏အိမ်သည် သူ၏ရဲတိုက်ဖြစ်သည်။





[ ၁ ]

ကေသရာဇာ ခြင်္သေ့မင်းတို့မည်သည် ဂူတစ်ဂူထဲတွင် နှစ်ကောင် အောင်းဟု ဆိုသော်လည်း...

အောင်ချိုနှင့် ထူးသော်တို့ နှစ်ကောင်သည်ကား အခန်းတစ်ခန်းတည်း င် အတူတွဲ၍နေလေသတတ်။ မညာမတာ ဥပမာပေးရသည်ရှိသော် ပ်ထည့်သည့်ဘူးထဲတွင် ဘက်မညီသော ဖိနပ်တစ်ရန် အတူတူထည့် းဘိသကဲ့သို့ရှိ၏။ ဤဥပမာကို အဆိုးမဆိုသာ။ သူတို့ ငှားရမ်းနေထိုင် သော အခန်းမှာ ဖိနပ်ဘူးသာသာဟု ဆိုရလောက်အောင် ကျဉ်းမြောင်း သောကြောင့်ပေတည်း။

မီးဖိုနှင့် ခပ်သေးသေးပန်းကန်စင်၊ တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် ခုံတစ်လုံး၊ ကုလားထိုင်တစ်လုံး၊ စာအုပ်ပုံများ၊ ပြီးတော့ ပက်လက် လားထိုင်တစ်လုံး။ ဤမျှလောက်သော ပရိဘောဂမျှလောက်နှင့်ပင် တို့အခန်းမှာ ပြည့်ကျပ်သလောက် ရှိနေလေသည်။ လူနှစ်ယောက်က တစ်ယောက်အိပ်ခုတင်တစ်လုံးတွင် မည်ကဲ့သို့အိပ်သည်ဟု သိချင်



www.burmeseclassic.com

www.burmeseclassic.com



ကြ၍ ဖြေရသော တစ်ယောက်တစ်လှည့်စီ အိပ်လေ၏ဟု ဆိုရပေတော့မည်။ နားမျက်စိမလည်အောင် ရှင်းလင်းပြရမည်ဆိုသော်...

အောင်ချိုသည်ကား မိဘမဲ့ လူငယ်တစ်ယောက်ဖြစ်ကာ စာပေးစာယူဖြင့် ဝိဇ္ဇာတွဲ့ရထားသူဖြစ်၏။ နယ်မှ ရန်ကုန်သို့ လာအလုပ်လုပ်၏။ ကုမ္ပဏီတစ်ခုတွင် ကံကောင်းစွာ အလုပ်ကလေးတစ်ခုရသဖြင့် အသိ ဘုန်းကြီးကျောင်းတွင် ကပ်နေရာမှ ကိုယ်ပိုင်အခန်းလေးတစ်ခုဖြင့် နေထိုင်ရန် ကြိုးစားရင်း...

မိတ်ဆွေတစ်ယောက်က ညွှန်ပြသဖြင့် ဒဂုံမြို့နယ်တွင်ရှိသော ဤတိုက်ခန်းကလေးသို့ ရောက်ရှိလာ၏။ အဆောက်အအုံမှာ (၄)ထပ်ဖြစ်၍ အခန်း(၈)ခန်းရှိ၏။ ငှားရန်ရှိသည်က အပေါ်ဆုံးထပ်ရှိ ညာဘက်ခန်း။ အိမ်ရှင် ဒေါ်ငွေခင်ဆိုသော မိန်းမကြီးနှင့်တွေ့တော့ အမည်နှင့်လိုက်အောင် ငွေခင်ပုံရသော မိန်းမကြီးက အိမ်လခသုံးသောင်းဟု ဆို၏။ သူ့လခက (၇)သောင်းသာရ၏။ သူက တစ်သောင်းခွဲထက် ပိုမပေးနိုင်သဖြင့် အငှားအရမ်းမဖြစ်ခဲ့။

တစ်ပတ်ခန့်ရှိသောအခါ အိမ်ငှားရန်ဆက်ပေးသော မိတ်ဆွေကတဆင့် ဒေါ်ငွေခင်က တွေ့ချင်သည်၊ ခေါ်နေသည်ဆိုသဖြင့် ဝမ်းသာအားရ ရောက်၍သွားသည်။ ဒီမိန်းမကြီး စိတ်လျှော့ကာ သူဆစ်တဲ့ဈေးဖြင့် အခန်းကို ငှားတော့မည်ဟု တွေးမိ၏။ သို့သော်...တကယ်တွေ့သော အခါ...

ဒေါ်ငွေခင်က...

"တစ်သောင်းခွဲရရင် မင်း ဒီအခန်းမှာ တကယ်နေမှာလား"





"မေးနေရသေးလားဒေါ်ဒေါ်၊ နေမှာပေါ့"

"အေးလေ...ဒီလိုတိုက်မျိုး၊ ဒီလိုအခန်းမျိုး ရန်ကုန်မှာ ရှာတွေ့ဖို့မှ မလွယ်ဘဲ"

ဤစကားကတော့ အမှန်ပင်ဖြစ်သည်။ သူ့တိုက်က ပြောရလျှင် အတော်ပင်အိုမင်းမစွမ်းရှိနေကာ လူသာဆိုပါက ဘိုးဘွားရိပ်သာ ပို့ရမည့် အခြေအနေဖြစ်သည်။ စာကလေးနားလျှင်ပင် ပြိုကျမှာ ကြောက်ရသော ဤလိုတိုက်မျိုး ရန်ကုန်တွင် ရှာတွေ့ရန်မလွယ်။ သူတို့နေသောအခန်း အလည်း ကျဉ်းကာ မှောင်မည်းနေ၏။ တစ်ခုတည်းသော ပြတင်းပေါက် အလည်း ဖွင့်မရ။ တိုက်နံရံတွင် ဆောင်ပင်ကပ်ပေါက်နေသောကြောင့် ဆောင်ပင်ခံကာ ပြတင်းပေါက်တွေဖွင့်မရခြင်းဖြစ်သည်။

သူတို့ ထိုင်စကားပြောနေစဉ် အသက် ၃၅ နှစ်ခန့်ရှိသော တိုက်ပုံဝတ် မျက်မှန်နှင့်လူတစ်ယောက် ဝင်လာ၏။ ဒေါ်ငွေခင်က...

"လာဟေ့... မောင်ထူးသော်။ မင်းရောက်လာတာ အတော်ပဲ"

ဟုခေါ်ကာ အောင်ချိုနှင့် မိတ်ဆက်ပေး၏။

"ဟောဒါ...မင်းနဲ့ အခန်းစပ်တူငှားနေမယ့် မောင်အောင်ချိုပဲ"

"ဗျာ...စပ်တူ၊ ဟုတ်လား"

အောင်ချို အံ့အားသင့်သွား၏။

"ဟုတ်တယ်လေ၊ ဒီအခန်းကို ဒေါ်ဒေါ်က ငှားခ သုံးသောင်းလိုချင်တယ်။ မင်းက တစ်သောင်းခွဲပဲ တတ်နိုင်တယ်၊ မင်းလိုပဲ ဟောဒီက မောင်ထူးသော်ကလဲ တစ်သောင်းခွဲပဲ



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်တယ်။ ဒါကြောင့် မင်းတို့ချင်း တွေ့ဆိုင်ပေးတာ။ နှစ်ယောက်ပေါင်းနေတော့ မင်းတို့လဲ အဆင်ပြေ၊ ဒေါ်ဒေါ်လဲ အဆင်ပြေ"

သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။ ဒေါ်ငွေခင်က...

"ဒီလိုကွ...ဟောဒီ မောင်အောင်ချိုက နေ့ဘက် ကုမ္ပဏီမှာ အလုပ်လုပ်တယ်။ ဒီတော့ မောင်ထူးသော်က ဒီအခန်းမှာ တစ်နေ့လုံး တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေနိုင်တယ်။ အဲ...ဒီလိုပဲ မောင်ထူးသော်က ညဘက်အလုပ်ဆင်းရတဲ့ သတင်းစာက ညအယ်ဒီတာ။ ဒီတော့ မောင်အောင်ချို အလုပ်က ပြန်လာတဲ့အချိန်ဆို မောင်ထူးသော်က အလုပ်သွားပြီ။ တစ်ညလုံး မင်း ဒီအခန်းမှာ ကြိုက်သလိုနေနိုင်တယ်"

ဒီမိန်းမကြီး တွေးခေါ်ပုံကို နှစ်ယောက်လုံး သဘောကျသွား၏။ ချေးလဲသက်သာသည်။ သူတို့ မငြင်းနိုင်တော့။ ဒေါ်ငွေခင်က...

"ဒီအခန်းထဲမှာ ခုတင်တစ်လုံးလဲရှိတယ်၊ မင်းတို့ တစ်ယောက်ကနေ့၊ တစ်ယောက်ကည တစ်လှည့်စီအိပ်ကြပေါ့"

ကိုထူးသော်က...

"ဒေါ်ဒေါ်က အခန်းသာမဟုတ်ဘူး၊ ခုတင်ပါငှားသလား"

"မငှားပါဘူး၊ ခုတင်က မင်းတို့ကို မေတ္တာလက်ဆောင်ပေးတာ။ ဒီခုတင်က အရင်က ဒီအခန်းမှာနေသွားတဲ့လူရဲ့ ခုတင်ပါ"

အောင်ချိုက...





"ဒီလူက အခန်းပြောင်းတော့ သူ့ခုတင်ကို ယူမသွားဘူးလား"

"သူက ပြောင်းသွားတာမဟုတ်ဘူး၊ ဝရန်တာက ခုန်ချပြီး သတ်သေသွားတာ"

"ဘာတွေများ စိတ်ညစ်စရာရှိလို့လဲ"

"သူ အခန်းခ မပေးတာ သုံးလရှိပြီ။ ဒေါ်ဒေါ်က တပူပူ တဆာဆာတောင်းနေတာ နားမခံနိုင်လို့တဲ့"

"ကျွန်တော်တို့ကတော့ မှန်မှန်ပေးမှာပါ ဒေါ်ဒေါ်"

အောင်ချိုက အလန့်တကြားပြောလိုက်၏။ ဒေါ်ငွေခင်က...

"မင်းတို့ ဒီမှာနေမယ်ဆိုရင် စည်းကမ်းတစ်ခုတော့ ရှိတယ်"

"ဘာများလဲ ခင်ဗျာ"

"ဒီအခန်းထဲမှာ ရေတ်သီးမထောင်းရဘူး"

"ဗျာ..."

"ဒီလိုလေ...ဒေါ်ဒေါ့်တိုက်က ဆောက်ထားတာ ကြာပြီဆိုတော့ ရေတ်သီးထောင်းကဲ့ဒဏ် ခံနိုင်ရည် ရှိ,မရှိ သေသေချာချာ ပြောလို့မရဘူး"

"ကျွန်တော်တို့ သဘောပေါက်ပါပြီ။ ဒီတိုက်ကိုရော ဒေါ်ဒေါ်ပြင်ဆောက်ဖို့ ရည်ရွယ်ချက်မရှိဘူးလား"

"ရှိပါတယ်။ ပြိုကျသွားရင်တော့ ပြင်ဆောက်ရမှာပေါ့"

ကြောက်တတ်ရင် စောစောစီးစီး သရဏဂုံတင်ထားရမလို ဖြစ်နေ၏။ သော် နောင်ခါလာ နောင်ခါချေးဟု သဘောထားကာ သူ ကျွ်အခန်းကို

www.burmeseclassic.com



ငှားလိုက်၏။ ငှားရခြင်းမှာလဲ အကြောင်းရှိ၏။ သူနှင့် ကုမ္ပဏီတွင်တွေ့သည့် လုပ်ဖော်ကိုင်ဖက်တွေက ဘယ်မှာနေသလဲ မေးတိုင်း သူက "ဘုန်းကြီးကျောင်းမှာနေတယ်"ဟု ဖြေသော် လှောင်ပြုံး ပြုံးကြ၏။ အခုတော့ သူ ရင်ကော့ကာ ရဲရဲတင်းတင်းပြောနိုင်လေပြီ။

"ကျွန်တော် တိုက်ခန်းတစ်ခန်း ငှားနေတယ်"

တကယ်ပင် ဘုရားဖူးရစေ့၊ မိုးကြိုးပွတ်ရစေ့ အခန်းကလေးတစ်ခန်းကို သူ ပိုင်ပါ၏။ သို့မဟုတ် ကိုထူးသော်ဆိုသောလူနှင့် စပ်တူပိုင်ပါ၏။ ထိုသူကား စာသမားဖြစ်၏။ စကားနည်း၏။ သူတို့လည်း မျက်နှာချင်းဆုံရလေ့သိပ်မရှိ။ တစ်ယောက်ကို သော့တစ်ချောင်းစီ ဆောင်ထားကြရာ တစ်ယောက်ကအဝင်၊ တစ်ယောက်ကအထွက်။ တစ်ခါတစ်ရံသာ လှေကား၌ သို့မဟုတ် အခန်းဝ၌ ဆုံမိကြ၏။ ပြဿနာက တစ်ခုပဲရှိသည်။ ထိုလူပိုင်သော စာအုပ်များ။ အင်္ဂလိပ်–မြန်မာစာအုပ်မျိုးစုံမှာ အခန်းကျဉ်းကျဉ်းထဲတွင် တောင်ပုံရာပုံရှိနေလေရာ တစ်ခါတစ်ရံ သွားလိုသောနေရာရောက်အောင် ကျော်ခွသွားရ၏။ ကြွက်တစ်ကောင်ပင် သူတို့အခန်းထဲဝင်လာပါက မျက်စိလည်ကာ ပြန်ထွက်တတ်မည်မထင်။ ကိုထူးသော်ကကြောင်တစ်ကောင်မွေးထား၍ တော်ပါသေး၏။

အမှန်အတိုင်းဝန်ခံရသော် ဘုန်းကြီးကျောင်းတွင် စရိတ်ငြိမ်း ကပ်နေနိုင်ပါလျက် (အသုံးပြုတ်သောအခါ ဆွမ်းကျန် ပဲင်းကျန်ပင် ကပ်စားခွင့်ရသေး၏။) ဘာကြောင့် အပူတပြင်း ဤကဲ့သို့ အခန်းတစ်ခန်းရှာသနည်း ဆိုလေသော် လက်ညှိုးထိုးပြစရာ တရားခံကား ရှိ၏။ ယင်းမှာ 'အချစ်'ပင်ဖြစ်လေသတည်း။

* * *





လေတိုးသော သစ်ရွက်စိမ်းစိမ်းကလေးတွေက မော်ဒယ်ဂဲလ်ဝိုက်ဗ်မ်းကာ လမ်းလျှောက်လာသည့် အပျိုမလေး၏ စကတ်အနားစတွေလိုလှုပ်ခတ်နေ၏။ သကြားလုံးနီနီနှင့်တူသော နေလုံးကလေးက ရှစ်ထပ်တိုက်တစ်လုံး၏ အမိုးပေါ် မေးတင်နေ၏။ အစာမကြေသော ခွေးတစ်ကောင် လမ်းပေါ်ထိုးအန်လိုက်သလို ရုံးလွှတ်ချိန်မို့ ကုမ္ပဏီအဆောက်အအုံထဲမှ ဝန်ထမ်းတွေ လုံးလုံးထွေးထွေး အပြင်ထွက်လာကြသည်။

မဥ္ဇူဝေလည်း သူစီးရမည့်ကားဂိတ်ဆီသို့ လျှောက်လာခဲ့သည်။ သူ့ဘေးတွင် အောင်ချိုလည်း ပါလာ၏။ အောင်ချိုက မဥ္ဇူဝေကို ရုံးဆင်းတိုင်း ယခုကဲ့သို့ ကားဂိတ်ကို လိုက်ပို့နေကျဖြစ်၏။ သူက မဥ္ဇူဝေကို ချစ်ခွင့်ပန်ထားသည်မှာ ကြာလေပြီ။ လူက လူရိုးလူကောင်းတစ်ယောက်ဖြစ်ကာ နည်းနည်းကြောင်တောင်တောင်နေတတ်တာကလွဲလို့ ရုပ်ရည်ကလဲ မဆိုးလှ။ သို့သော် သူ့ဘဝက အချစ်ကို စိတ်ကူးယဉ်ဆန်ဆန်ဆုံးဖြတ်ရမည့်အခြေအနေမဟုတ်။ လက်တွေ့ကျကျ ဆုံးဖြတ်ရမည့်ဘဝ။ အောင်ချိုသည် ဘေးမှယှဉ်တွဲလျှောက်လာရင်း ချောင်းတဟန့်ဟန့်လုပ်နေသဖြင့် မဥ္ဇူဝေက...

"ရှင် ဒီလောက်ချောင်းဆိုးနေပုံထောက်ရင် အဆုတ်ရောဂါရှိနေပြီနဲ့တူတယ်။ ဓာတ်မှန်လေးဘာလေး ရိုက်ကြည့်ဦး"

အောင်ချိုက သူ့နဖူးသူ လက်ဝါးနှင့်ရိုက်လိုက်၏။ တကယ်တော့ပြောစရာစကား ရှိသော်လည်း ရုတ်တရက် ပြောမထွက်သဖြင့် အရှိန်ယူရန်ချောင်းဟန့်နေခြင်းသာဖြစ်သည်။ ထို့ကြောင့် အရဲစွန့်ကာ...

"ဟိုဒင်းလေ...ကျွန်တော့်အခန်းကို မဥ္ဇူ လာကြည့်မယ်ဆို။ ဘယ်တော့လာကြည့်မှာလဲ...ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မွေ့ဆေတာ- သက်ပြင်းချလိုက်ကာ...

"လာလည်မှာမဟုတ်ဘူး ကိုအောင်ချို၊ လာကြည့်မှာ။ ကျွန်မတစ်ယောက်တည်းမဟုတ်ဘူး၊ ကျွန်မ အမေပါ ခေါ်လာမှာ"

မဥ္ဇူကိုချစ်ခွင့်ပန်စဉ်က မဥ္ဇူက စကားတစ်ခွန်းပြော၏။

"ကျွန်မတို့မှာ မောင်နှမ(၇)ယောက်ရှိတယ်။ အဘိုးရယ်၊ အဘွားရယ်၊ အဖေ အမေနဲ့ဆို (၁၁)ယောက်။ အဖေတို့ရုံးက ပေးတဲ့ ဝန်ထမ်းအိမ်ရာတိုက်ခန်းကလေးမှာ စုနေခဲ့ကြတယ်။ မွေးကတည်းက ကျွန်မ အဲဒီအခန်းကျဉ်းကလေးမှာ ကြီးပြင်းခဲ့ရတယ်။ ဒီတော့ ကျဉ်းကျဉ်းကျပ်ကျပ် နေရမှာ ကြောက်လန့်နေပြီ။ ဒါကြောင့် အရွယ်ရောက်လာတဲ့အခါ ဆုံးဖြတ်ချက်တစ်ခုချလိုက်တယ်၊ ကျွန်မ အိမ်ထောင်ပြုမယ့်သူဟာ ကျွန်မကို အိမ်တစ်ဆောင် မီးတစ်ပြောင်နဲ့ ထားနိုင်တဲ့သူ ဖြစ်ရမယ်"

ထိုစကားက ဘုန်းကြီးကျောင်းတွင် ကပ်နေရသော အောင်ချို၏ အကြီးအကျယ်တုန်လှုပ်ချောက်ချားစေခဲ့သည်။

"ရှင် အဆင်သင့်ဖြစ်ရင် ပြောလေ။ ကျွန်မ အမေ့ကို ခေါ်ပြီး လာကြည့်မယ်"

ကားပေါ်မတက်မီ မဥ္ဇူဝေ ပြောသွားသော စကားသာဖြစ်လေသည်။

❖





**Do not sell the hide before you have caught the fox.**

မြေခွေးကို မမိမီ အရေခွံကို မရောင်းပါနှင့်။

[ ၂ ]

ဒေါက်...ဒေါက်...ဒေါက်...

ဤတံခါးခေါက်သံ ကြားလိုက်ရသော အောင်ချိုမှာ ခွေးစားခွက်ခေါက်သံ ကြားလိုက်ရသည့် ခွေးတစ်ကောင်လို မြူးကြွသွား၏။ ဒီနေ့ဆိုက်နွေနေ့။ ကြိုတင်ချိန်းဆိုထားသည့်အတိုင်း မဥ္ဇူဝေနှင့် သူ့အမေ ရောက်လာတာပဲဖြစ်မည်။ အောင်ချိုက တံခါးကိုဆွဲဖွင့်လိုက်ကာ

"အောင်ချိုက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါတယ်ခင်ဗျာ"

သို့သော်...

"မင်းဟာမင်း ဝမ်းမြောက်မြောက်၊ ဝမ်းသွားသွား ငါက သောက်ဂရုမစိုက်ဘူး"

ဟုပြောကာ အခန်းထဲသို့ အသက် ၆၀ ခန့်ရှိသော ဆံပင်ရှည်ရှည်ကောင်တစ်ကောင်နှင့်လူကြီးက ခပ်တည်တည်တိုးဝင်သွား၏။ တောတွင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့် သူ့ဦးကြီးဝမ်းကွဲ ဦးကြက်တောပင်ဖြစ်သည်။ ငယ်ငယ်ကလေးကတည်းက သူကြောက်ရသူဖြစ်၏။ သူ့ပခုံးပေါ်တွင် သံကြိုးကွဲလောင်းနှ မျောက်တစ်ကောင်လည်း ပါလာသေး၏။ ဘာတွေဖြစ်ကုန်သနည်း။

"ငါလဲ မြို့တက်ဘုရားဖူးချင်နေတာ ကြာပြီ။ တည်းစရာ မရှိလို့။ အခု ရန်ကုန်မှာ မင်း အခန်းတစ်ခန်း ငှားနေတယ် ကြားလို့ ထွက်လာခဲ့တာ။ မင်းအခန်းကလဲ မီးခြစ်ဘူးသာသာ လောက်ပဲကွ"

ဟု ကြည့်ကာ အပြစ်တင်လေ၏။

"ဒါထက် ဘာစားစရာများရှိလဲ၊ ငါ့အတွက်မဟုတ်ဘူး၊ စံနက်ကျော်အတွက်"

"ဦးကြီးနောက် လူတစ်ယောက်ပါသေးလို့လား"

"လူမပါပါဘူး၊ စံနက်ကျော်ဆိုတာ ဒီငါ့မျောက်ရဲ့နာမည်။ ငါ့အချစ်တော်ဆိုပါတော့ကွာ။ ဘယ်သွားသွား ငါကလဲ ခေါ် သွားရမှ စိတ်ချတာ ဖြစ်ပါတယ်နော်..."

"ဖြစ်ပါတယ်၊ ဖြစ်ပါတယ်"

ငယ်ကြောက်ဖြစ်သော ဦးကြီးကို မဖြစ်ဘူးလို့ အဘယ်မှာ မည်နည်း။ ဦးကြီးက ဧည့်ခန်းထဲတွင် ချထားသော တယ်လီဗေးရှင်း ကြည့်ကာ...

"ရုပ်မြင်သံကြားစက်ကြီး တယ်ကောင်းပါလား။ မင်း တော်တော်အဆင်ပြေနေပြီထင်တယ်"

တကယ်တော့ သူ့စက်မဟုတ်။ အောက်ထပ်က မိတ်ဆွေ ဆရာ ဝေမှုံးသွင်အခန်းက ခဏငှားထားခြင်းဖြစ်၏။ ဤရုပ်မြင်သံ





က်ကိုမြင်ကာ ယောက္ခမလောင်း အထင်ကြီးစေရန်ဖြစ်၏။ ပြီးတော့ ကုလားထိုင်သုံးလုံးလဲ တစ်ဖက်ခန်းကငှားကာ ချထားသေး၏။ ယောက္ခမ လောင်းကို ကြမ်းပေါ်ထိုင်ခိုင်း၍မဖြစ်။ ကုလားထိုင်တွေနဲ့ဆိုတော့ အခန်း က ပို၍ကျဉ်းမြောင်းနေသယောင် ထင်ရ၏။ ထိုစဉ်မှာပင် မဥ္ဇူဝေတို့ သားအမိက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြ၏။ ယောက္ခမ လောင်းက မြင်မြင်ချင်း နှာခေါင်းရှုံ့၏။ ပြီးတော့...

"မင်းအခန်းက ကျဉ်းလှချည်လား"

"ဘောလုံးကွင်းမှ မဟုတ်ပဲဗျာ"

ပက်လက်ကုလားထိုင်တွင် ထိုင်နေသော ဘကြီးဦးကြက်တောက ဝင်တောလိုက်ခြင်းဖြစ်သည်။ သူက ဒီလိုပင် စကားပြောလျှင် ဘုဂလန့် သူဖြစ်သဖြင့် လူ အတော်များများနှင့်မတည့်။

"သူက ဘယ်သူလဲ"

"ကျွန်တော့်ဘကြီးပါ ခင်ဗျာ"

"ဒီမှာနေတာပဲလား"

"မဟုတ်ပ ဘူး။ ဒီမနက်မှ တောက အလည်ရောက်လာ တာပါ။ ထိုင်ပါ...ဒေါ်ဒေါ်...ထိုင်လေ...မဥ္ဇူ"

ကုလားထိုင်တွင်အိပ်နေသော ကိုထူးသော်၏ ကြောင်နက်ကြီးကို ချကာ နေရာထိုင်ခင်းပေးနေစဉ်...

စံနက်ကျော်က ဗီရိုပေါ်မှ စားပွဲပေါ် ခုန်ချလိုက်သဖြင့်...

"အောင်မယ်လေး...လန့်လိုက်တာ၊ ဘာ[ဂ] လဲ"

မဥ္ဇူဝေအမေက အော်၏။ ဦးကြက်တောက...

"မျောက် မမြင်ဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မျောက်မှန်းတော့ သိတာပေါ့၊ ဘယ့်နှယ် ဒီရောက်နေတာလဲ"

"ကျွန်တော့်ဘကြီးက ခေါ်လာတာပါ"

မဉ္ဇူဝေ၏အမေက သက်ပြင်းချ၏။

"စာအုပ်တွေကလဲ ခြေချစရာတောင်မရှိဘူး၊ ရှုပ်ပွနေတာပဲ"

"ဒါက ကျွန်တော်နဲ့ အတူနေတဲ့ အခန်းဖော်ရဲ့စာအုပ်တွေပါ"

"သူက စာအုပ်အဟောင်းရောင်းတဲ့လူလား"

"ဘိုင်ကျတဲ့အခါ ရောင်းချင်ရောင်းမှာပေါ့။ သူက သတင်းစာတိုက်က အယ်ဒီတာပါ"

"လှောင်လိုက်တာ ပြတင်းတံခါး ဖွင့်လို့ရလား"

"မရဘူးဒေါ်ဒေါ်၊ အပြင်မှာ ညောင်ပင်ကပ်ပေါက်နေလို့"

"ဒါဆို ဒီတယ်လီဗေးရှင်းကြီးကရော ဖွင့်လို့ရရဲ့လား"

"ရပါတယ် ဒေါ်ဒေါ်၊ ရပါတယ်"

မဉ္ဇူဝေက စိတ်ညစ်နေသည်။ သူ့အမေက အခန်းကို သိပ်သဘောတွေ့ပုံမရ။ ရိပ်မိသော အောင်ချိုက...

"ဒီအခန်းက ခဏယာယီနေတာပါ ဒေါ်ဒေါ်၊ ကျွန်တော် ဒီထက်ကောင်းတဲ့အခန်းရအောင် အမြန်ဆုံးရှာနေပါတယ်"

သူက နောက်ဖေးဝင်ကာ ခပ်မြန်မြန် ကော်ဖီနှစ်ခွက်ဖျော်လာကာ ဝယ်ထားသော ပလိန်းကိတ်ကို လှီး၍ ညှော်ခဲ့၏။

"ကြောင်ချေးနံ့လို၊ ကြောင်သေးနံ့လိုလိုရတယ်"





မဉ္ဇူဝေအမေက နှာခေါင်းရှုံ့ကာ ပြော၏။ ကိုထူးသော်၏ကြောင်က ချေးယိုသေးပေါက်ရာ၌ စည်းကမ်းမရှိ။ သူတို့ကတော့ ထိုအနံ့ကို နှာခေါင်းယဉ်နေလေပြီ။ ကိုထူးသော်က သူ့စာအုပ်တွေ ကြွက်မကိုက်အောင် မွေးထားရခြင်းဖြစ်၏။

ထိုစဉ် အခန်းထဲကို ဝေမှူးသွင် ဝင်လာကာ...

"အောင်ချိုရေ...ငါ တယ်လီဗေးရှင်း ပြန်ယူသွားတော့မယ်နော်။ သူက ဘောလုံးပွဲရှုံးလို့။ လောင်းကြေးတွေ ပေးစရာမရှိဘူး။ ဒါကြီးပဲ အပေါင်ဆိုင်သွားပို့ရတော့မယ်"

ဟုဆိုကာ တယ်လီဗေးရှင်းကြီး မ,ကာ ပြန်ထွက်သွား၏။ တော်တော်အရှက်ခွဲတဲ့လူ။ မဉ္ဇူဝေအမေက သူ့ကို မျက်စောင်းထိုး၏။ သူက အာရုံလွှဲစေရန်...

"ဒေါ်ဒေါ်...ကျွန်တော်ဆေးသုတ်ထားတဲ့အရောင်လေး ကြိုက်လို့လား"

ဟု စကားလမ်းကြောင်း ပြောင်းပေးလိုက်၏။ မဉ္ဇူဝေ၏အမေက...

"အင်း...မီးခိုးရောင်လေးဆိုတော့ မဆိုးပါဘူး"

ဟုပြောရင်း လက်ဝါးဖြင့် သွားထိလိုက်ရာ လက်ဝါးက နံရံတွင် ကပ်နေလေသည်။

"ဒေါ်ဒေါ့်ကို ဆေးမခြောက်သေးဘူးလို့ သတိပေးဖို့ မေ့သွားတယ်။ ကျွန်တော် မနက်ကမှ သုတ်ထားတာလေ"

ထိုစဉ် စာအုပ်ပုံထဲမှ ထွက်လာသော ကြွက်ကို ကြောင်က လိုက်ရာ ကြောင်လုံးက မဉ္ဇူအမေကြီး၏ပေါင်အောက် ခြေထောက်ကြားက ဖြတ်ထွက်သွားလေရာ...



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော့..."

ဆူဆူညံညံအဖြစ်ကြောင့် မျောက်ကလဲ လန့်ကာ ဗီရိုပေါ်မှ ခုန် လေရာ ယောက္ခမလောင်းကုပ်ပေါ်သို့ ခွလျက်ကြီးကျသွားလေတော့သည်

* * *

အာဒံနှင့်ဧဝကပဲစစ၊ ပြဟ္မာကြီးလေးဦးကပဲစစ ဤကမ္ဘာလောက တွင် အချစ်ဆိုတာ စတင်ပေါ်ပေါက်လာခဲ့ကတည်းက လူတွေ က များတော့သည်။ အချစ်အတွက်...အချစ်အတွက်...အချစ်အတွက်...

အချစ်အတွက် မုန်ကြည့်သည်

အချစ်အတွက် ပန်းပန်သည်

အချစ်အတွက် အမဲလိုက်သည်

အချစ်အတွက် သွားဖြဲပြသည်

အချစ်အတွက် ကဗျာရေးသည်

အချစ်အတွက် အူနု ကျွဲခတ်သည်

အချစ်အတွက် စစ်တိုက်သည်

အချစ်အတွက် မျက်ရည်ကျသည်။

ဘာကောင်းသည့် အချစ်လဲ။

သို့သော်...အချစ်မရှိပါက ကမ္ဘာမြေကြီးသည် အစစ အရ ပျော်ရွှင်သာယာမှုတွေ ဆိတ်သုဉ်း၍သွားပေမည်။ အိုအေစစ်မရှိ သဲကန္တာရလို ခြောက်သွေ့ပူပြင်းနေပေမည်။ လူတိုင်းပင် (တိရစ္ဆာန် တောင်ပါသေး)။ အချစ်အတွက် အသက်ရှူကြသည်။ အချစ်အ ရင်ခုန်ကြသည်။ အချစ်အတွက် အိပ်မက် မက်ကြသည်။





အခုတော့ အောင်ချို၏ အိပ်မက်ကလေးမှာ ကလေးလက်မှ လွတ်ကျ သော ပန်းကန်ပြားလို အစိတ်စိတ်အမွှာမွှာ ကွဲကြေရလေပြီ။ နောက် တစ်နေ့ ရုံးခန်းဟွင် မဥ္ဇူဝေနှင့် တွေ့သောအခါ...

"ပြတင်းပေါက်ဖွင့်မရ၊ ရေတ်သီးထောင်းမရ၊ ဖင်လှည့် မရ၊ ခေါင်းလှည့်မရ တိုက်ခန်းကျဉ်းကျဉ်းကလေးထဲမှာ လူက နှစ်ယောက်၊ ညှော်သည်ကတစ်ယောက်၊ မျောက်တစ်ကောင်၊ ကြောင်တစ်ကောင်၊ ကြွက်တစ်သိုက်နဲ့။ ဒီလိုအခန်းမျိုးကို ငါ့သမီးကို တစ်သက်လုံးမပို့နိုင်ဘူးတဲ့"

သူ့အမေ၏ ခိုင်မာသောဆုံးဖြတ်ချက်ကို မဥ္ဇူဝေက အကြောင်းပြန် သည်။ သူကတော့ အားပေးရှာသည်။

"အားမလျှော့ပါနဲ့ ကိုအောင်ချိုရယ်။ ဒီထက်ကောင်းတဲ့ အခန်း ရှာဦးပေါ့"

သို့သော်...

ဒီအခန်းတောင် ကံကောင်းထောက်မလို့ သူရခဲ့ခြင်းဖြစ်၏။ နောက် က်ကောင်းတာ ရှာဖို့ဆိုတာကတော့...

ရွှေပြည်တော် မျှော်တိုင်းဝေးလိမ့်မည်ထင်၏။

ကံမကောင်းခြင်းဟူသည် တစ်ကိုယ်တည်းမလာ။ အပေါင်းအဖော် ယ်အနှောင်း မောင်းမမိသံတွေနှင့် လာတတ်သည်ဆိုသောစကားဟာ ၏။ ညနေ ရုံးကအပြန် သူစီးလာသော မော်တော်ကားမှာ လမ်းတွင် ပေါက်၍သွား၏။ အရင်ဘဝတွေက ငါးပိရောင်းခဲ့သောဝဋ်တ ည်တယ်ထင်ရအောင် ကားထဲတွင် ငါးပိသိပ် ငါးချဉ်သိပ် ပါ တာ (ဒီလို ဘတ်စ်ကားပေါ်မှာ ခြေတစ်နေရာစာရဖို့တောင် သူ

www.burmeseclassic.com



တော်တော်တို့ထံပွဲဝင်ခဲ့ရ၏။ ကိုယ့်ရှေ့က ကလေးတစ်ဦးကို တွန်းပစ်ကာ လူကြီးတစ်ဦးကို တံတောင်နှင့်တွက်၍ မိန်းမကြီးတစ်ဦးကို ခြေထောက် တက်နင်းကာ လုတက်ခဲ့ရ၏။) အခုတော့ သဲထဲရေသွန် ဖြစ်ရလေပြီ။

သူနေသောနေရာရောက်အောင် မှတ်တိုင် နှစ်တိုင်စာလောက် လိုသေး၏။ ကားထပ်မစီးဘဲ ခြေလျင်သွားရန် ဆုံးဖြတ်လိုက်သည်။ ပိုက်ဆံချွေတာရာရောက်ကာ ကျန်းမာရေးနှင့်လည်း ညီညွတ်သည်။ ယခု သေသေချာချာဂရုထားမိသည်။ ဤနေရာတစ်ဝိုက်ကို ယခင်က ကားပေါ်မှသာ ဖြတ်သွားဖြတ်လာ ရှိခဲ့ဖူး၏။ ဤနေရာကား လူချမ်းသာ များ နေထိုင်ရာ ဖြစ်ပုံရ၏။ တစ်ထပ်တိုက် နှစ်ထပ်တိုက် လှလှကလေး တွေကို ဝင်းနှင့်ခြံနှင့် တွေ့နေရ၏။ လုံးချင်းအိမ်ရာစခန်းတစ်ခု။ ဤနေရာ တွင် အိမ်ကလေးတစ်လုံး ပိုင်လိုက်ရသော် အဘယ်မျှကောင်းလိုက်မည် နည်းဟု စိတ်ကူးယဉ်လိုက်မိ၏။ ဒါဆို သူနှင့် မဥ္ဇူဝေလည်း အဆင် မပြေစရာ မရှိတော့။ အားလုံး အိုကေမည်။

တစ်ထပ်တိုက်ကလေးတစ်လုံး၏ရှေ့ ခြံတံခါးဝတွင် 'တိုက်ရောင်း မည်'ဟု ရေးထားသော စာတွေ့ရသဖြင့် သူ ဝင်ကာ ရပ်ကြည့်မိ၏။ ဤလိုလှပသောတစ်ထပ်တိုက်ကလေးတစ်လုံး၏ ပေါက်ဈေးကို သိချင် စိတ်သက်သက်သာဖြစ်သည်။ ပေတစ်ရာ၊ ပေငါးဆယ်လောက်ရှိမည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် တစ်ထပ်တိုက်ကလေးမှာ အတော်ပင် ခေတ်မီလှပသည်။ ခြံထဲတွင် မြက်ခင်းစိမ်းစိမ်းနှင့် ပန်းပင် ချို့ စိုက်ပျိုးထားပုံကလည်း ရှုမငြီးစရာ။

ဆိုင်းဘုတ်ပေါ်တွင် 'တိုက်ရောင်းမည်'ဟုသာ ရေးထားတာ၊ ဈေးနှုန်း မထား။ ဆက်သွယ်ရန် တယ်လီဖုန်းနံပါတ်တစ်ခုကိုတော့ ရေးထား၏။





ကိုယ့်ဘာသာတွေးမိကာ ကိုယ့်ဘာသာပင်ရယ်လိုက်မိ၏။ ထို့ကြောင့် ချက်ချက်နှင့် ပြန်လှည့်ထွက်မည်အပြု...

နောက်မှထွက်ပေါ်လာသော ကားဟွန်းသံကြောင့် သူ လန့်ကာ လိုက်မိ၏။ သူ့နောက်တွင် ခြံထဲသို့ဝင်ရန် ဦးတည်၍ ဇိမ်ခံကားကြီး တစ်စီး ရပ်ထား၏။ ကားဒရိုင်ဘာက ကားပေါ်ကဆင်းကာ ခြံတံခါးကို ၏။ ဤတိုက်ပိုင်ရှင်များ ဖြစ်ပုံရ၏။ ဤတိုက်တွင်တော့ နေထိုင်ပုံမရ။ တိုက်က လူသူမရှိဘဲ တံခါးတွေပိတ်ထား၏။

ကားပေါ်နောက်ခန်းက အသက် ၅၀ ကျော်ခန့်ရှိ၏။ ဝဝမိန်းမကြီး တစ်ဦး ဆင်းလာ၏။ သူ့ကိုမြင်ရုံနှင့် သနားမိသည်။ သူ့တစ်ကိုယ်လုံး တွေဖုံးလုအောင် ဝတ်ဆင်ထားရာ အတော်ပင်လေးမည်ဟု ထင်လိုက် ၏။ ထိုမိန်းမကြီးက သူ့ကို ပြုံးပြကာ...

"မင်းက ဘာလို့ကြည့်နေတာလဲ၊ ဝယ်မလို့လား"

ဟုမေးတော့ သူက နှုတ်မှယောင်ကာ...

"ဟုတ်ကဲ့ခင်ဗျ"

ဟု ထွက်သွား၏။ သူ့ရင်ထဲတွင် တကယ်ပင်ဝယ်ချင်စိတ် ရှိနေ သဖြင့် ရုတ်တရက်ယောင်ကာ ထွက်သွားခြင်းဖြစ်၏။ ပြီးမှ...

"ဒီလိုပါခင်ဗျာ...ကျွန်တော် ဝယ်တော့ဝယ်ချင်ပါတယ်။ ဒါပေမဲ့ မတတ်နိုင်ပါဘူး။ လွှတ်ခနဲပြောမိတာ စိတ်မဆိုးပါနဲ့"

ဟုပြောရင်း လှည့်ထွက်သွားမည်ပြင်လိုက်၏။ သို့သော် ထိုမိန်းမ ကြီးက...

"နေပါဦးလေ...အလျှင်မလိုပါနဲ့။ မင်းက မတတ်နိုင် ပါဘူး ပြောရအောင် ငါကလဲ ရောင်းဈေးတောင် မပြောရ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး။ မင်းလိုချင်တယ်ဆိုရင် ငါက ဈေးချိုချိုလျှော့ဈေးနဲ့ ရောင်းမှာပါ"

အောင်ချိုက မချိုပြုံး ပြုံးလိုက်၏။ ကာလပေါက်ဈေးနှင့် ဤခြံနှင့် တိုက်က သိန်းငါးရာလောက်တန်မည်။ လျှော့ဈေးနှုန်းနှင့်ရောင်းရင် သိန်းလေးရာပေါ့။ ဒီမိန်းမကြီးက ဖြစ်တဲ့ဈေးနဲ့ ရောင်းရအောင် ဗိုက်နာနေပုံလဲမရ။

"ကျွန်တော် တကယ်ကို မတတ်နိုင်ပါဘူး။ လျှော့ရောင်းရင်တောင် ဒီအိမ်ရောင်းဈေးက သေးမှာမဟုတ်ဘူး"

"ရောင်းဈေးဆိုတာ ဝယ်သူက သတ်မှတ်ရတာ မဟုတ်ပါဘူး။ ရောင်းသူက သတ်မှတ်ရတာပေါ့။ ကဲ... ဒါလောက် မတတ်နိုင်ရင် မင်းဘယ်လောက်တတ်နိုင်လဲ၊ ငါက မင်းပေးတဲ့ဈေးနဲ့ပဲရောင်းမယ်"

"ဗျာ..."

"မင်းက ဝယ်ချင်နေတဲ့သူ၊ ငါက ရောင်းချင်နေတဲ့သူ။ ဒီတော့ အလုပ်ဖြစ်ပါတယ်"

"ဗျာ..."

ဒီစကားဖြဲ အောင်ချို ရေရွတ်နေနိုင်သည်။ သူဆတ်ဆော့ကာ အိမ်ကိုဝင်ကြည့်မိတာ အခုတော့ ဒုက္ခတွေ့ပြီ။ အရှက်ကွဲတော့မည့်ကိန်း ဆိုက်နေလေပြီ။ ဒါကြောင့်...

"ကျွန်တော် မဝယ်နိုင်သေးပါဘူး"

ဟု စကားပြတ်အောင်ပြောကာ လှည့်ထွက်မည်ပြုသော်လဲ

"နေပါဦး၊ မင်းအိတ်ထဲမှာ ဘယ်လောက်ပါသလဲ။





ပါသလောက်ငွေနဲ့ ရောင်းမယ်ကွာ၊ ဘယ်နှယ့်လဲ"

"ဗျာ..."

ဒီတစ်ခါ ဗျာလိုက်သောအခါ သူ့ပါးစပ်က ဆင်တစ်ကောင် ဖင်ထောင်ဝင်လောက်အောင် ဟကျယ်သွား၏။ သူ့နားတွေကို သူမယုံ။

"အိတ်ထဲမှာ ပါသလောက်နဲ့ ဟုတ်လား"

"ဟုတ်တယ်၊ ဘယ်လောက်ပါသလဲ၊ ထုတ်ရေတွက်စမ်း"

"မဖြစ်နိုင်တာ"

"ဖြစ်နိုင်လို့ ပြောနေတာပေါ့ကွ"

"ဒေါ်ဒေါ် ရယ်စရာလုပ်နေတာတော့ မဟုတ်ပါဘူးနော်"

"ငါက လူရွှင်တော်ရွှေဖလား ဝင်ပြိုင်နေတာ မဟုတ်ဘူး"

သူက မဝံ့မရဲ သူ့အိတ်ထဲက ပိုက်ဆံတွေ ထုတ်ရေတွက်၏။ လကုန်ခါနီးဖြစ်သဖြင့် အိတ်ထဲတွင် သိပ်မပါ။

"အင်း...ငါးထောင့်သုံးရာနဲ့ ရှစ်ဆယ့်ငါးကျပ်"

"သုံးရာရှစ်ဆယ့်ငါးကျပ် ဖယ်ထားလိုက်ပါကွာ။ တို့ ငါးထောင်နဲ့ပဲ အရောင်းအဝယ်လုပ်ကြတာပေါ့"

လောကကြီးမှာ ဆန်းကြယ်တာတွေ အများကြီးရှိမည်ဟု ကြားဖူး၏။ ယခုတော့ ကိုယ်တွေ့ကြုံသည်။ ထိုမိန်းမကြီးက သူ့ကို ကားပေါ်တင်ကာ ရန်ကုန်မြို့လယ် ဘားလမ်းထဲရှိ ရှေ့နေရုံးခန်းတစ်ခန်းသို့ ခေါ်သွား၏။ ရှေ့နေကား အသက်သုံးဆယ်ကျော်ခန့်ရှိ လူလတ်တစ်ဦးဖြစ်ကာ နာမည်က ကိုကျော်ဇောဟု ဆိုလေသည်။ သူကပင် အိမ်အရောင်းအဝယ်စာချုပ်တစ်ခု တရားဝင်ပြုလုပ်ပေးခဲ့၏။ ပြီးတော့ ထိုတိုက်၏ ဂရန်ကိုပါ အောင်ချိုကို ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ...ဒီတိုက်ဟာ အခုအချိန်ကစပြီး မင်းပိုင်တဲ့တိုက် ဖြစ်ပြီ"

ဟု မိန်းမဝဝကြီးက ဆို၏။ အောင်ချိုက မယုံကြည်နိုင်သေး အိပ်မက် မက်နေသည်ဟုပင် စိတ်ကထင်သဖြင့် သူ့အသားကို ဆိတ်ကြည့်၏။ တကယ်နာသဖြင့် အိပ်မက် မဟုတ်နိုင်။ သူသည် တိုက်ခန်းကို မပြန်တော့ဘဲ ထိုတိုက်ရှိရာသို့ ထွက်လာခဲ့သည်။ သူ့လက် ထဲတွင် အိမ်ရှင်မိန်းမကြီး ပေးလိုက်သော တိုက်သော့လည်း ပါသေး၏။ စာချုပ်ချုပ်တော့မှ ထိုမိန်းမကြီး၏အမည်ကို ဒေါ်ပပဟု သိရ၏။ သူ ရွှေတောင်ကြားတွင်နေထိုင်သော ကုမ္ပဏီပိုင်ရှင် သူဌေးမကြီးတစ်ဦး သိရသည်။

တိုက်ခန်းကိုဖွင့်ကာ ဝင်လာခဲ့သည်။ တိုက်အတွင်းမှာလဲ ပရိဘော အပြည့်အစုံ။ မီးရောင်တွင် ထိန်လင်းနေသော ခမ်းနားလှသည့် ဤတိုက် ကြီးအတွင်း သူသည် သူ့ကိုယ်သူ နတ်ပြည်ရောက်နေသကဲ့သို့ ခံစားရ၏ သူ့အခန်းထဲက ခုတင်ကြီးပေါ်တွင်ပစ်လှဲကာ အိပ်ပစ်လိုက်သည်။ အိပ်မက် ထဲတွင် သူသည် နတ်ပြည်ရောက်နေလေသည်။

❖





**Gold is tested by fire; man by gold**

ရွှေကိုမီးဖြင့်စမ်းသပ်ရသည်။ လူကို ရွှေဖြင့်စမ်းသပ်ရသည်။

[ ၃ ]

နောက်တစ်နေ့တွင် နံနက်စောစောထကာ သူ အခန်းသို့သွား၏။ ညဂျူတီမှ ကိုထူးသော်သည် ပြန်ရောက်လာကာ အိပ်စက်ဖို့ပြင်နေ၏။ သူ့ကိုမြင်တော့...

"ခင်ဗျားလည်း အခုမှပြန်လာတာထင်တယ်၊ တစ်ညလုံး ဘယ်ရောက်နေတာလဲ။ အဲဒါက အရေးမကြီးဘူး။ ခုတင်က တစ်လုံးတည်း ခင်ဗျားနဲ့ ကျွန်တော် ဘယ်လိုလုပ် အိပ်မလဲ။ ကျားဖိုလ်ဆွဲမယ်ဗျာ။ နိုင်တဲ့လူ အိပ်ပေါ့"

"ကျားဖိုလ်ဆွဲစရာမလိုဘူး၊ ခင်ဗျားပဲအိပ်။ အိုဗျာ၊ နောင် လည်း ခင်ဗျားပဲ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ဒီခုတင်ပေါ်မှာ အိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခင်ဗျားဟာ ကြမ်းပေါ်ဆင်းအိပ်တော့မယ်ပေါ့"

"မဟုတ်ဘူး၊ ဒီကနေ ဟစ်ခါတည်းပြောင်းတော့မလို့၊ ပစ္စည်းတွေလာသိမ်းတာ"

ကိုထူးသော်က အံ့သြစွာကြည့်၏။ အောင်ချို့တွင် ဤနေရာမှလွဲ၍ အခြားနေစရာမရှိမှန်းလည်း သိ၏။

"ကျွန်တော့်...ရပ်ကွက်...လမ်း ခြံနံပါတ် ၀၀၇' က တိုက်ကို ပြောင်းတော့မလို့"

"ခင်ဗျားဟာ ကုမ္ပဏီအလုပ်ကထွက်ပြီး အဲဒီမှာ ခြံစောင့်သွားလုပ်မလို့လား"

သူ့ကို အထင်မကြီးပုံမှာ ဤမျှအထိဖြစ်သည်။ အမှန်တော့ အထင်ကြီးလောက်စရာလည်း ရှိမှမရှိဘဲ။ သူက ရှင်းပြမနေတော့။ ရှင်းပြလည်း ထိုထူးသော်က ယုံမှာမဟုတ်။ သူ့ပစ္စည်းကလေးတွေယူကာ ထိုအခန်းက ထွက်လာခဲ့၏။ သူ့တိုက်မှာ ပစ္စည်းတွေသွားထား၏။ ပြီးတော့ ကုမ္ပဏီရုံးခန်းကို ဖုန်းဆက်ကာ ဒီနေ့ ခွင့်တိုင်လိုက်၏။ ရင်တွေခုန်နေသည်။ သူကြုံနေရတာတွေက တကယ်ဟုတ် မဟုတ် အချိန်ယူ စဉ်းစားရဦးမည်။ မနေ့ကရောက်ခဲ့သော ရှေ့နေကြီးရုံးခန်းကို ပြန်သွား၏။

"ကျွန်တော့်ကို မှတ်မိပါတယ်နော်"

"ခင်ဗျားလောက် ကံထူးတဲ့သူကို မမှတ်မိပဲ ဘယ်နေမလဲ"

"အဲဒါ ကျွန်တော်မေးချင်လို့။ ဒီတိုက်ကို ကျွန်တော် တကယ်ပိုင်သလား"

ရှေ့နေကြီးက ရယ်မောကာ...





"တရားဝင်စာချုပ်စာတမ်းနဲ့ ကျွန်တော်က လုပ်ပေးလိုက်တာပဲ။ ခင်ဗျားလက်ထဲကို ဂရန်လည်းပေးလိုက်ပြီ၊ သော့လည်းပေးလိုက်ပြီ။ တကယ်ပိုင်တာပေါ့"

"တစ်ခုမေးပါရစေဦး။ ဒီ ဒေါ်ပပဆိုတဲ့ မိန်းမကြီးက စိတ်ကောကောင်းရဲ့လား"

"အင်း... အမြင်ကတ်စရာကောင်းလောက်အောင်ကို ကောင်းပါတယ်"

"ဒါဆို ဘာလို့များ ဒီလို မတန်တဆဈေးနဲ့ ရောင်းရတာငဲဗျာ..."

"အကြောင်းရှိလို့ပေါ့"

"သိပြီ...ဒီအိမ်က အင်မတန် သရဲခြောက်တယ် ထင်တယ်"

"ကြံကြံစည်ရာဗျာ...ခင်ဗျား ဟိုကဗျာ ကြားဖူးတယ် မဟုတ်လား"

"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ၊ ဓမ္မတာတည်းဆိုတာ..."

"သိပြီ၊ အဲရင်က ဒီတိုက်ကိုပိုင်တာ အနန္တသူရိယ အမတ်ကြီးပေါ့ ဟုတ်လား"

"လွဲလိုက်လေဗျာ၊ ကျွန်တော်ပြောချင်တာက ခင်ဗျားက ကောင်းစားသွားသလောက် တခြားတစ်ဖက်ကလူတော့ ခံလိုက်ပြီလို့ ပြောတာ။ ခင်ဗျားကို ဘာကြောင့် ဒီဈေးနဲ့ ဒေါ်ပပက ရောင်းသလဲ...သိလား..."



www.burmeseclassic.com

www.burmeseclassic.com



"ကွယ်လွန်သွားတဲ့ သူ့သားနဲ့ သိပ်တူနေလို့ ဖြစ်ရမယ်"

"အင်း...ခင်ဗျားပြောလိုက်ရင် တလွဲချည်းပဲ။ ဒီတော့ ကျွန်တော်ပြောတာပဲ သေသေချာချာနားထောင်တော့"

ရှေ့နေကိုကျော်ဇော‌ပြောစကားအရဆိုသော်...

ဖြစ်ပုံကား ဤသို့...

မကြာခင်က ဒေါ်ပပ၏ယောကျ်ား ဦးချမ်းသာ ကွယ်လွန်သွား၏။ ဦးချမ်းသာသည် ဒေါ်ပပ မတိုင်မီ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ခန့်က ပထမဇနီး ရှိခဲ့ဖူး၏။ ထိုမိန်းမ ကိုယ်ဝန်ကြီးကွဲသွားကာ ဒေါ်ပပနှင့်ရ၏။ ဤကြားထဲတွင် ပထမမိန်းမနှင့် အဆက်အသွယ်မရှိ။

မကြာမီက ဦးချမ်းသာ ကွယ်လွန်သွား၏။ သူပိုင်သော ခြံမြေ တိုက်တာ၊ အဆောက်အအုံများစွာ ကျန်ခဲ့၏။ ဦးချမ်းသာက ရှေ့နေ ကို ခေါ်ကာ သေတမ်းစာရေးခဲ့ရာတွင်...

ဤ အောင်ချိုဝယ်ခဲ့သော တစ်ထပ်တိုက်ကလေးကို ရောင်း ရသောငွေကို ကွဲကွာခဲ့သည့် သူ့ပထမဇနီးအား ရှာဖွေပေးဖို့၊ ကွယ်လွန်ခဲ့သည်ရှိသော် ကျန်ရစ်သော သားသမီးအား ပေးဖို့ဖြစ်သည်။

စိတ်ထားယုတ်မာသော ဒေါ်ပပသည် သူ့ခင်ပွန်းပြောသည့်အတိုင်း ဆောင်ရွက်ရန် ဤအိမ်ကို ယခုကဲ့သို့ မတန်တဆပေါ်သောဈေးနဲ့ ရောင်း ခဲ့ခြင်းဖြစ်သည်။

"အခု သူက ကျွန်တော့်ကိုပဲ သူ့ခင်ပွန်းရဲ့ ပထမဇနီး ကြီးနဲ့ ကလေးကို လိုက်ရှာခိုင်းနေပြီ။ တွေ့ရင် အမွေဆက်ခံ ခွင့် စာချုပ်အတိုင်း ဒီတိုက်ရောင်းရလို့ရတဲ့ ငွေငါးထောင်ကို ပေးလိုက်မယ်ပေါ့ဗျာ"





အခုမှပင် ရောင်းရခြင်းရည်ရွယ်ချက်ကို သိရသည်။ ဒီမိန်းမကြီး၏ စိတ်ထားယုတ်မာပုံကိုလည်း သိရသည်။ ဘာပဲဖြစ်ဖြစ် သူကတော့ ဤကိစ္စတွင် အမြတ်ထွက်လိုက်သည်။

မတန်တဆငွေငါးထောင်နှင့် လှပသောတစ်ထပ်တိုက်တစ်လုံးကို ရလိုက်သည်မဟုတ်လား။

☼ ☼ ☼

အခုတော့ တစ်ထပ်တိုက်တစ်လုံး၊ လှပသောခြံနှင့် သူ့ကိုယ်သူ ယုံနိုင်သောဘဝကို အောင်ချို ရောက်နေသည်။ တော်ပါသေးသည်။ သူ့ဘကြီးဦးကြက်တော ပြန်သွားပေလို့။ ဒီလိုသာ နေရမယ်ဆို ရန်ကုန်က အော်တော်နှင့်ပြန်ဦးမှာမဟုတ်။ သူက တိုက်ခန်းက လက်ကျန်ပစ္စည်း ကလေးတွေ သွားသိမ်းကာ ထွက်လာတော့ သူ့အခန်း အောက်ထပ်က အရေးဆရာလေး ဝေမှူးသွင်နှင့်တွေ့၏။

"ဟေ့ကောင်၊ မင်း ဒီတိုက်က ပြောင်းပြီဆို"

"ဟုတ်တယ်၊ ခင်ဗျားကို စိတ်နာလို့။ တယ်လီဗေးရှင်း ကြီးကိစ္စလေ။ ယောက္ခမလောင်းရှေ့မှာမှ အရှက်ခွဲရက်တယ်"

"တောင်းပန်ပါတယ်ကွာ၊ အဲဒီနေ့က တကယ်ကို အကြွေး တောင်းတဲ့လူ ရောက်လာလို့ပါ။ အင်း...မင်းကတော့ ဒီတိုက် က ပြောင်းသွားပြီဆိုတော့ ကံကောင်းတာပေါ့။ တို့ကတော့ နေ့စဉ်နဲ့အမျှ မိုးလေဝသသတင်း နားထောင်ပြီး ရင်မ,နေကြ ရတာ။ လေပြင်းတိုက်ရင် ဒီတိုက်က တကယ်ပြိုကျမှာ"

"ကောင်းတာပေါ့ဗျာ၊ အဲဒီတော့ တစ်ခါတည်း အုတ်ဂူ



www.burmeseclassic.com

www.burmeseclassic.com



သွင်းပြီးသားဖြစ်တာပေါ့"

"ဖွတ်...လွဲပါစေ၊ ဖယ်ပါစေ။ ဒါထက် မင်းအိမ်လခ မပေးနိုင်လို့ ထွက်ပြေးတာပေါ့၊ မဟုတ်ပါဘူးနော်"

"ခင်ဗျားလိုမှတ်လို့လား။ တလောက ဒေါ်ငွေခင် အိမ်လခ လာတောင်းတော့ ဖျာလိပ်ထဲဝင်ပုန်းနေတယ်ဆို"

"ကြမ်းပိုးဝင်ရှာနေတာပါကွ။ မင်းက နာမည်မဖျက်နဲ့"

အောင်ချိုက ရယ်ကာ ထွက်လာခဲ့သည်။

သူ အလုပ်ကိုရောက်တော့ သူနှင့် စားပွဲချင်းကပ်လျက်ထိုင်သော ရဲကျော်မြင့်က သူ့ခါးက သော့တွဲကိုကြည့်ကာ...

"ကိုအောင်ချို၊ အရင်က ခင်ဗျားမှာ ဝက်ရူးပြန်ရောဂါ ရှိတာ မသိဘူးဗျာ"

"မဟုတ်တာဗျာ၊ အရင်ကတည်းက မရှိဘူး။ အခုလည်း မရှိဘူး။ ခင်ဗျားကို ဘယ်သူကပြောလဲ"

"ခင်ဗျားခါးမှာချိတ်ထားတဲ့ သော့ကိုကြည့်ပြီး ပြောတာ။ ဝက်ရူးပြန်ရောဂါထလာရင် လက်ဝါးကို သော့ခတ်ရတယ် မဟုတ်လား"

"မဆိုင်လိုက်တာဗျာ"

"ဒါဆိုရင် သိပြီ။ အလုပ်တစ်ခုတည်းလုပ်တာ ပိုက်ဆံ မလောက်လို့ ညဘက် ဂိုဒေါင်တစ်ခုခုမှာ ဂိုဒေါင်စောင့် လုပ်နေတယ်ပေါ့လေ...ဟုတ်လား"

"ခင်ဗျားတို့ဟာ ငွေမရှိရင် ပိုက်ဆံမရှိဘူးထင်ကြတယ်"

"အဲဒါ မမှန်ဘူးလား"





"အထင်သေးကြတယ်လို့ပြောတာ"

"အထင်ဘစ် (Big)စရာရော ရှိလို့လား"

"ဒါ ဘာသော့ကြီးလဲ"

"ငါမြင်တာကတော့ ကြေးသော့ပဲ"

"အဲဒါ ပြောတာမဟုတ်ဘူး။ ဒါ တိုက်သော့ဗျ။ တိုက်သော့။ အင်မတန်လှတဲ့ ကျွန်တော်ပိုင်တဲ့ ခေတ်မီတစ်ထပ် တိုက်ကလေးတစ်လုံးရဲ့သော့"

ရဲကျော်မြင့်က ခေါင်းကိုရမ်းလိုက်သည်။ အောင်ချို့ကို ရူးသွားပြီဟု ထင်ပုံရ၏။ ဒီကောင် ရူးမယ်ဆိုလည်း ရူးလောက်သည်။ သူတို့ဌာနမှ သူကြိုက်နေသော ကောင်မလေး မဥ္ဇူဝေက အိမ်တစ်ဆောင် မီးတစ်ပြောင် ရမှ လက်ထပ်နိုင်မည်ဟု ပြောသဖြင့် အိမ်ရူး ရူးနေခြင်းဖြစ်၏။

နေ့လယ်ထမင်းစားချိန်ရောက်တော့ မဥ္ဇူဝေရှိရာစားပွဲသို့ လျှောက်သွားကာ ထမင်းဘူးကို ဖွင့်ခပ်စားနေသည့် မဥ္ဇူဝေအား သူ့လက်ထဲက သော့တွဲကို မြှောက်ပြကာ...

"မဥ္ဇူ...ဒါ ဘာလဲဟင်..."

"သော့တွဲလေ"

"ဒီအတိုင်းကြည့်ရင်တော့ သော့တွဲပဲမြင်မှာပေါ့"

"ဒီအတိုင်းမကြည့်လို့ ကင်းမြီးကောက်ထောင်ကြည့်ရဦးမှာလား။ စောစောစီးစီး လာကြောင်မနေနဲ့ရှင်။ ဒီမှာ ဟင်းမကောင်းလို့ ထမင်းစားမဝင်ရတဲ့အထဲ"

မဥ္ဇူဝေက မျက်နှာကြုတ်ကာ စိတ်ရှုပ်ဟန်ပြောသည်။ အောင်ချိုက အင်္ကျီအိတ်ကပ်ကို သိမ်းပိုက်လိုက်နိုင်သည့်နပိုလီယမ်ပုံစံ ရင်ကော့ကာ...

www.burmeseclassic.com



"ဆောရီး…ကျွန်တော် စကားပြောချင်လွန်းလို့ လောသွားတယ်။ ဒီသော့ဟာ ဘာခတ်တဲ့သော့ထင်လဲဟင်"

"အို…ဖိနပ်အပြတ်တွေ ထည့်ထားတဲ့ သေတ္တာစုတ်ကို ခတ်တဲ့သော့ နေမှာပေါ့"

ဟု အရွဲ့တိုက်ပြောလိုက်၏။

"မဋ္ဌူ ဒီတစ်ခါတော့ လွဲသွားပြီ။ ဒီသော့က ငါးရာတန် ဝင်းနဲ့ခြံနဲ့ တစ်ထပ်တိုက်ကလေးရဲ့ အိမ်တံခါးသော့ဗျ"

"ဪ…ရှင် အဲဒီခြံမှာ မာလီလုပ်နေလား"

ဪ…လူတွေ အထင်စေမော (Small)ကြပုံက။ သူတို့ကိုလည်း အပြစ်မဆိုသာ။ အောင်ချိုလို ဖွတ်ဘိုးအေက ဒီလိုတိုက်နဲ့ခြံကို ပိုင်ဆိုင်သည်ဟု ဘယ်သူက တွေးမိနိုင်ပါမည်နည်း။

"ကျွန်တော်က အဲဒီတိုက်ပိုင်ရှင့်ဗျ။ အခု အဲဒီတိုက်ကို ပြောင်းနေပြီ…"

မဋ္ဌူဝေက မယုံသလိုကြည့်သည်။

"ရှင် စိတ်ကူးယဉ်နေတာမဟုတ်ဘူးနော်"

"မဟုတ်ပါဘူး၊ မဟုတ်ပါဘူး။ စာချုပ်စာတမ်းနဲ့ ကျွန်တော် တကယ်ပိုင်တဲ့တိုက်ပါ။ လာမယ့်တနင်္ဂနွေနေ့ကျရင် အဲဒီတိုက်ကို လာလည်ပါလား။ မဋ္ဌူ့အမေကိုလည်း ခေါ်လာခဲ့နော်"

မဋ္ဌူဝေက သူ့ခေါင်းကလေးကိုကုတ်ကာ…

"ခက်တာပဲ၊ မေမေက ပထမတစ်ခေါက်တည်းက ရှင့်ကို စိတ်ပျက်သွားတာ"





"ကျွန်တော် တောင်းပန်ပါတယ်ဗျာ၊ တစ်ကြိမ်တလေ မှားတာ ခွင့်ပြုပြီး နောက်ဆုံးအနေနဲ့ ဒီအခွင့်အရေးကလေး ပေးပါ"

"ကောင်းပြီ၊ ကျွန်မ ယုံတော့မယုံဘူး။ ဒါပေမဲ့ လာကြည့်ရတာပေါ့။ ဒီအိမ်ကရော စပ်တူပဲလား"

"မဟုတ်ပါဘူး၊ ကျွန်တော်တစ်ယောက်တည်းပိုင်တာပါ"

"တောကဧည့်သည်ရော ရှိသေးလား"

"ကျွန်တော့်ဘကြီး ပြန်သွားပါပြီ။ ကျွန်တော် နောက် ဘယ်ဧည့်သည်မှ လက်မခံတော့ပါဘူး"

"မျောက်တို့၊ ကြောင်တို့ရော ရှိသေးလား"

"မရှိပါဘူး၊ မရှိပါဘူး၊ သန့်သန့်လေးပါ"

"ကောင်းပြီလေ၊ တစ်ခါတုန်းကလို ကိုးရိုးကားရားတွေ ဖြစ်နေရင်တော့ ရှင်နဲ့ကျွန်မ ဒီတစ်သက် ဝေးကြရမှာနော်"

"စိန်လိုက်ပါ မဋ္ဌူဝေရယ်။ ကျွန်တော်က အသည်းချင်း ထပ်ပြီး လောင်းလိုက်ချင်ပါသေးတယ်"

❊ ❊ ❊

တနင်္ဂနွေနေ့ မနက်တွင် သူ့တိုက်ရှိရာသို့ မဋ္ဌူဝေတို့သားအမိ ရောက်လာသည်။ သူတို့က ခြံနှင့်တိုက်ကိုကြည့်ကာ မယုံကြည်နိုင်အောင် ဖြစ်နေ၏။

မြက်ခင်းစိမ်းစိမ်း ပန်းရောင်စုံတို့အလယ်မှာ အပြာနုရောင် တစ်ထပ်တိုက်အသစ်ကလေး။ သူတို့သားအမိမှာ နတ်သမီးပုံပြင်ထဲ ရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သလို ဖြစ်နေသည်။

"ကျွန်မ အင်မတန်ကြိုက်တဲ့နှင်းဆီဝါတွေပဲ။ ကိုအောင်ချို ဒါတွေကို ရှင် တကယ်ပိုင်တာနော်"

"တကယ်ပါ၊ မယုံရင် ကျွန်တော် သက်သေပြမယ်"

အောင်ချိုက ပန်းအိုးထဲမှ နှင်းဆီဝါပင်ကို ပင်စည်ကကိုင်၍ ဆွဲနုတ်လိုက်ရာ အမြစ်ကကျွတ်၍ သူ့လက်ထဲပါလာ၏။ ထိုအပင်၏ အလှဆုံးနှင်းဆီတစ်ပွင့်ကိုချိုးကာ မဥ္စူဝေကို ပေးလိုက်၏။

"ကဲ...ယုံပြီမဟုတ်လား"

တိုက်ထဲရောက်သောအခါ ပေါက်ပြောင်ခမ်းနားသည့် ပရိဘောဂ တွေကိုကြည့်ကာ မဥ္စူဝေ၏အမေက...

"မောင်အောင်ချို၊ ဒါတွေကို မင်းပိုင်တယ်ဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်ဒေါ်၊ မယုံရင် ကျွန်တော် သက်သေ ပြမယ်၊ သူက..."

ဧည့်ခန်းထဲရှိ ဒေါက်စားပွဲကလေးတစ်လုံးပေါ် တင်ထားသည့် အလှပြင်ကြွေပန်းအိုးကြီးတစ်လုံးကိုယူကာ ပေါက်ခွဲပြလိုက်ရာ ကြမ်း ပေါ်တွင် အစိပ်စိပ်အမွှာမွှာကွဲသွား၏။

"ဒါတွေအားလုံးကို ကျွန်တော်ပိုင်တယ်၊ ဒေါ်ဒေါ် မယုံရင် ဒီတိုက်ကိုတောင် မီးရှို့ပြရဲပါတယ်"

"တော်ပါတော့ မောင်ရင်ရယ်၊ နှမြောစရာကြီး"

"ကဲ...ရောက်တုန်း ထမင်းစားပြီးမှပြန်နော်၊ ကျွန်တော် ကြက်သားချက်ထားတယ်"

"အဲဒီကြက်က ငှားထားတဲ့ကြက်တော့ မဟုတ်ပါဘူး





နော်"

မဥ္စူဝေက တစ်ခါက တယ်လီဗေးရှင်းငှားထားတာ အမှတ်ရကာ နောက်ပြောင်လိုက်သဖြင့် ရယ်မောကြရလေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



**Ivory does not come from a rat's mouth.**

ဆင်စွယ်သည် ကြွက်တစ်ကောင်၏ပါးစပ်မှ ထွက်လာခြင်းမဟုတ်။

[ ၄ ]

လောကတွင် အပြောင်းအလဲအမြန်ဆုံးသောအရာကို ပြပါဟု ဆိုလျှ ဟိုမင်းသမီးလေး၏ ရည်းစားစာရင်း အဲလေ...ယောင်လို့၊ လူ့စိတ်ကို ပြရမည်ထင်ပါ၏။ ဒါက ဘုရားဟောပဲ။ ဘုရား ဘယ်လိုဟောသ သိချင်လျှင် သဂြိုဟ်ကျမ်းသာ လှန်ကြည့်ပေတော့။ ဤနေရာတွင် စာ မည်စိုးသဖြင့် မဖော်ပြတော့။

အပြောင်းအလဲတကာ့ အပြောင်းအလဲထဲတွင် မဠူဝေအမေ စိတ်မှာ ထိပ်ဆုံးကပါမည်ဟုထင်၏။ သူ့ခြံနှင့်တိုက်ကို လာကြည့် ကတည်းက ဆက်ဆံရေးပုံစံ ပြောင်းသွား၏။ သူက ဂရန်ကိုထုတ် လိုက်တာကိုး။ နောက်တနင်္ဂနွေတွင် သူတို့အိမ်သို့ လိုက်လည်ရန် ဖိတ် မဠူဝေက မမေက ဖိတ်ခိုင်းလိုက်တာပါဟုဆိုသည်။





သူရောက်သွားတော့ အိမ်ဝက ဆီးကြိုကာ...

"မောင်အောင်ချို...လာဟော့၊ မတွေ့ရတာ တစ်ပတ်ပဲ ရှိသေးတယ်၊ မင်းကြည့်ရတာ နည်းနည်းပိန်သွားသလိုပဲ။ ကျန်းမာရေး ဂရုစိုက်ကွယ်၊ မင်း ညကရော အိပ်လို့ပျော်ရဲ့ လား"

ဟု ခရားရေလွှတ်ပြောနေလေသည်။ တိုက်နှင့်ခြံ၏မျက်နှာကား ကြီးလှချေ၏။

"မတွေ့တာကြာလို့ ဒေါ်ဒေါ်ကလည်း လွမ်းနေတာ။ နောက်ဆို မကြာခဏ ဝင်ထွက်ပေါ့ကွယ်။ ကိုယ့်အိမ် ကိုယ့်ယာ လို သဘောထား"

မျက်နှာက သကာ၊ လေသံက ပျားရည်။

"ထိုင်လေ၊ ဘယ့်နှယ် ခြေရင်းမှာ ထိုင်နေရတာလဲ။ ခေါင်းရင်းမှာထိုင်လေ။ ဘုန်းတွေကံတွေ နိမ့်ကုန်ဦးမယ်။ သမီးရေ...သူ့ဘေးက ပြတင်းပေါက်ကလေး ဖိတ်ပေးလိုက် ပါ။ တော်တော်ကြာ လေစိမ်းတိုက်လို့ ဖျားနေဦးမယ်"

ဩော်...မေတ္တာတွေ၊ စေတနာတွေ။ ယောက္ခမလောင်းက ဂရုစိုက် လိုက်တာ၊ အောင်ချိုတောင် ဘယ်လိုနေရမည်မသိ ဖြစ်၍သွား၏။ ပြီးတော့ ထမင်းပွဲပြင်ကျွေးတော့လည်း ဘုန်းကြီးဆွမ်းကပ်တဲ့ပုံ။ ဘေးမှာ လက် ဆေးရည်ခွက်၊ သောက်ရေခွက် အသင့်။ ပြီးတော့ သူကိုယ်တိုင် ဘေးတွင် ထိုင်ကာ ထမင်းစားချိန်တစ်လျှောက်လုံး အောင်ချိုကို ယပ်ခပ်ပေး သေး၏။

ဩော်...အောင်ချိုတို့ နေ့ချင်းညချင်း ကြီးပွားနေပုံအား အမေနှင့်



www.burmeseclassic.com

www.burmeseclassic.com



အဖေကို သေရွာကပြန်ခေါ်ကာ ပြလိုက်ချင်သေး၏။ သို့သော် ထမင်းစားပြီး သူ့အချိုပွဲစားနေစဉ် အိမ်ထဲသို့ အရပ်ရှည်ရှည်လူတစ်ယောက် ဝင်လာ၏။ ထိုသူမှာ ရှေ့နေကိုကျော်ဇောဖြစ်နေ၏။ ရှေ့နေ ကိုကျော်ဇောလည်း မဥ္ဇူဝေအစ်ကိုနှင့် သူငယ်ချင်းများဖြစ်ကာ ဤအိမ်သို့ ဝင်ထွက်သွားလာနေကျဟုဆို၏။ မဥ္ဇူဝေ၏အမေက အောင်ချိုနှင့် မိတ်ဆက်ပေးတော့...

"သူ့ကို ကျွန်တော်သိပါတယ် ဒေါ်ဒေါ်၊ အောင်ချို ဆိုတဲ့ နာမည်ကို ကံထူးလို့ ပြောင်းသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကာလပေါက်ဈေး သိန်းငါးရာလောက် တန်နေတဲ့ တိုက်ကို သူက ငါးထောင်နဲ့ရလိုက်လို့ပဲ"

ကိုကျော်ဇောက သွေးရိုးသားရိုးပြောသော်လည်း ထိုစကားက အောင်ချို့ကို ချောက်ထဲတွန်းချသကဲ့သို့ ဖြစ်လေသည်။ ကိုကျော်ဇော ပြောပြ၍ အကြောင်းစုံသိရသောအခါ မဥ္ဇူဝေ၏အမေကြီးက...

"မောင်အောင်ချို၊ ငါတို့က အပုဒ်မှတ်လို့။ အခု မင်း အဖြစ်က မပိုင်ဝက်မွေးကြီးပါလား။ ဒါက မင်းအစွမ်းအစနဲ့ ရတာလည်းမဟုတ်ဘူး။ ထိုက်ထိုက်တန်တန် ပေးဝယ်ထား တာလည်း မဟုတ်ဘူး။ မတော်လို့ ပိုင်ရှင်က ပြန်တောင်းရင် ဘယ့်နှယ်လုပ်မလဲ။ မျောက်သစ်ကိုင်းလွတ် ဖြစ်လိမ့်မယ်"

မျောက်ကတော့ သစ်ကိုင်းလွတ်မလွတ် မသိ။ သူကတော့ မဥ္ဇူဝေ လွတ်ရပြန်လေသည်။

လောကကြီးမှာ နပန်းပွဲကျင်းပနေသော စင်မြင့်ကြီးနှင့်တူသည် အောင်ချို ဒသနထုတ်ချင်သည်။ (အခုခေတ်မှာ ဒသနဆိုတဲ့ စကား





ခေတ်စားတော့ ကြုံရာလူက ဒသနထုတ်နေကြတာ အဆန်းမဟုတ်သဖြင့် အောင်ချိုလည်း ခါတော်မီ လေ့ကျင့်ပြီးခြင်းဟု ယူဆတော်မူကြပါကုန်။) သူ့ဘဝက ပေးအပ်လာသော လေးနက်သည့်အတွေးအမြင်မှ ယခုဒသန ကို မိ ရှုးသန့်စင်ခဲ့ခြင်းဖြစ်သည်ဟူလို။ (အင်း...လေးနက်အောင် စကား ပြောရတာ အတော်ပင်ပန်းမှန်း အခုမှသိတော့သည်။ သို့သော်...တစ်ခါ တလေဆိုတော့ အပင်ပန်းခံလိုက်ပါဦးမည်။)

လောကဆိုသော စင်မြင့်ကြီးပေါ် သတ်ပုတ်နေသည့် နပန်းသမား နှစ်ဦးသည်ကား ကံကောင်းခြင်းနှင့် ကံဆိုးခြင်းတို့ဖြစ်သည်။ ဘဝဆိုတာ ကံကောင်းလိုက်၊ ကံဆိုးလိုက်။ နပန်းသတ်နေကြသလို တစ်လှည့်စီ အပေါ်ရောက်လိုက် အောက်ရောက်လိုက်ပေါ့။

ရှင်းပြပါမည်။

သူသည် တောမြို့ကလေးမှာ မိခင်ဆုံးပါးသွားသဖြင့် ကံဆိုးခဲ့သည်။ ရန်ကုန်တက်လာကာ ဘုန်းကြီးကျောင်းကပ်နေရင်း ကုမ္ပဏီတစ်ခုတွင် အလုပ်ရသဖြင့် ကံကောင်းလာ၏။ ပိုကံကောင်းတာက ထိုအလုပ်ထဲတွင် သူ့အသည်းနှလုံးကိုပုံကာ ချစ်ရမည့် မဥ္ဇူဝေဆိုသော ကောင်မလေး တစ်ယောက်နှင့် ဆုံစည်းခဲ့ရခြင်းဖြစ်၏။

သို့သော်...

ကောင်မလေးက အိမ်တစ်ဆောင် မီးတစ်ပြောင်နေချင်သည် ဆိုသဖြင့် ကံမကောင်း။ ဟော...ကံကောင်းချင်တော့ အခန်းတစ်ခန်းကို ထူးသော ကံနှင့် စပ်တူငှားနိုင်ပြန်၏။ သို့သော် ကံမကောင်းချင်တော့ မဥ္ဇူဝေ က အခန်းကို လာရောက်စစ်ဆေးကြကာ စာမေးပွဲတွင် သူသည် ကျ အမှတ်နှင့် ကျဆုံးခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အဲ...ကံကောင်းချင်တော့ သူသည် ငွေဝါးထောင်နှင့် သိန်းငါးရာ လောက်တန်သော ခြံနှင့်တိုက်ကိုဝယ်ကာ ပိုင်ဆိုင်ခဲ့၏။ သို့သော် ကံဆိုးချင်တော့ မဥ္စူဝေတို့မိသားစုမှာ ရှေ့နေကိုကျော်ဇောနှင့် အသိ အကျွမ်းတွေဖြစ်နေသည်။ လောဘ...လောဘ...

ကိုယ်တိုင်မကြိမ်းရဲသဖြင့် ဖာတစ်လုံးခေါင်းကြားကို အရက်တိုက် တာ အကြိမ်းခိုင်းရမလိုဖြစ်နေ၏။ သူ စိတ်ညစ်ညစ်နှင့် ခေါင်းငိုက် စိုက်ချကာ လျှောက်လာစဉ်...

"ဟော့ကောင်...အောင်ချို...အောင်ချို..."

အရပ်ကြီးကလန်ကလားနှင့် ဆရာဝေမှူးသွင် သူ့အနားကို ရောက် လာသည်။ စိတ်ညစ်တာတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သည်။ သူက အနားရောက်တာနဲ့ ဆီးကာ အပြစ်တင်၏။

"မင်းကွာ၊ တိုက်ခန်းကပြောင်းသွားကတည်းက တစ်ခါမှ လာမလည်ဘူး။ တော်တော်နေနိုင်တဲ့ကောင်။ ငါ အခု ဒုက္ခ ဖြစ်နေပြီ"

"အေ...ကိုက်ခံရပြီလား"

သူက ဒီလောက်ရှုပ်တာ၊ ရစရာရှိရင် ဒီရောဂါပဲရမည်။ သူ့မျက် နှာမဲ့သွားကာ...

"ဖွဟဲ့...လွဲပါစေ ဖယ်ပါစေ။ ငါ့အခန်းက ကောင်မလေး ဆင်းသွားတာလည်း မင်းအသိပဲ။ အဲဒါ အခု ငါ့ဆာရင် အပြင်က ဝယ်စားနေရတယ်"

"အဲဒါကြောင့် အေကိုက်ခံရမယ်ပြောတာပေါ့"

"အောင်ချို ဘာတွေပြောနေတာလဲ။ အပြင်က ဝယ်စား





နေရတယ်ဆိုတာ ထမင်းကိုပြောတာကွ၊ ထမင်း..."

"အဲသလို ရှင်းရှင်းပြောပါ"

"ငါ့စကားက ရှင်းတယ်၊ မင်းအတွေးအခေါ်က မရှင်း တာ၊ အခုတော့ ဒီမိန်းမကို ငါ ဆက်သည်းမခံနိုင်တော့ဘူး"

"ခင်ဗျားတို့လင်မယား ကွာရှင်းတော့မယ်ပေါ့။ ကျွန် တော် ဘာလုပ်ပေးရမလဲ။ ရှေ့နေခေါ်ပေးရမလား။ အသိ သက်သေ လက်မှတ်ထိုးပေးရမလား"

"မင်းပြောမှ ဆိုးကုန်ပြီ။ ငါက ကွာဖို့ပြောနေတာ မဟုတ်ဘူး"

"ဒါဆို နောက်မိန်းမတစ်ယောက်ယူဖို့ ကြိုးစားမယ့် သဘောလား"

"ဒီမိန်းမတစ်ယောက်တောင် ဖူးစာရေးနတ် မျက်စိလည် လို့ ရထားတာ။ ငါ့ကို ဘယ်သူက ထပ်ကြိုက်ဦးမှာလဲ။ ဒီတော့ အပိုတွေ မင်းမပြောနဲ့၊ ငါပြောတာ နားထောင်"

"ဟုတ်ကဲ့...ပြောပါ"

"ငါသည်းမခံနိုင်တော့ဘူးဆိုတာ ငါ့မိန်းမကို မဟုတ်ဘူး။ ငါ့မိန်းမနဲ့ ဒီလောက်ကြာအောင် ခွဲမနေနိုင်တော့ဘူးလို့ ပြောတာ"

သြော်...တော်တော်တရားကျဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ဖြစ်၏။ သူက အောင်ချို့အပေါ် လှုနိုင်ပိပိ ပခုံးပေါ်လက်တင်ကာ...

"ငါ့မိန်းမ အိမ်က ဘာကြောင့်ဆင်းသွားသလဲ သိလား"

"အိမ်ကမဟုတ်ပါဘူး၊ အခန်းကပါ"



www.burmeseclassic.com

www.burmeseclassic.com



“တို့ဘဝက အခန်းကို အိမ်လုပ်နေရတာမဟုတ်လား။ ငါက စာရေးဆရာ၊ ငါ့ကို မိကျောင်းမင်း ရေခင်းပြမနေနဲ့”

“ခင်ဗျားမိန်းမ ဆင်းသွားရတဲ့အကြောင်း ကျွန်တော်သိပါတယ်။ ခင်ဗျား နေ့တိုင်း သူ့ကိုရှာမကျွေးလို့နေမှာပေါ့”

“ဘာလဲကွ…ဘာရှာမကျွေးလို့လဲ”

“ခင်ဗျား တလွဲတချော်တွေ မတွေးနဲ့၊ နေ့တိုင်း ခင်ဗျား သူ့ကို ချေးမိုးပေးသလား”

“အေးလေ၊ တစ်ခါတလေတော့လည်း မေ့နေတာပေါ့”

“နောက်ဆို နေ့တိုင်းရှာကျွေး”

“သိပြီ၊ ငါမှတ်ထားပါ့မယ်။ ဒါပေမဲ့ အခု ငါ့မိန်းမ အိမ်ကဆင်းသွားတာက ငါက ဘောလုံးပွဲကို သူ့ထက် ပိုချစ်တယ်ဆိုလို့ စိတ်ကောက်သွားတာကွ။ အခုတော့ ဘောလုံးပွဲကို ငါဖြတ်လိုက်ပြီ”

“တကယ်လား”

“သူမသိအောင်ပဲ ခိုးကြည့်တော့မယ်”

“သိပြီ၊ အဲဒီတော့ အခု ခင်ဗျားက ကိုယ့်မိန်းမကို ကားတင်ဖို့ကြံနေတာပေါ့။ ဒါက ရာဇဝတ်မှု၊ ဒါတော့ ကျွန်တော်လည်း မကူနိုင်ဘူး။ ခင်ဗျားဘော်ဒါ မာန်ထက်သာတို့၊ တိုးနောင်မိုးတို့ ခေါ်သွား”

“ဒီကောင်တွေ ဒီမှာမရှိဘူး”

ချက်နှာငယ်လေးနှင့် ပြော၏။

“ဂျပန်သွား ပန်းကန်ဆေးနေကြလား”





“စိတ်ရောဂါအထူးကုဆေးရုံမှာ အရက်တက်ဖြတ်နေကြတယ်။ ပြီးတော့ ငါက ကိုယ့်မိန်းမကို ကားတင်ပါ့မလား ကွ။ တရားသူကြီးတွေ ဒီလောက်ဦးနှောက်ခြောက်အောင် မလုပ်ပါဘူး။ ငါ့မိန်းမနဲ့ ငါပြန်ပေါင်းဖို့ ဒီလောက်မခက်ပါဘူး”

“အေးလေ၊ နောက် သူမခံချင်အောင် မပြောနဲ့ပေါ့”

“မင်း အတွေးအခေါ် ရှင်းပါတယ်နော်”

“ရှင်းပါတယ်၊ စပါးရိတ်ပြီးစ လယ်ကွင်းထဲမှာ ကပွဲလိ ကိုယ်လုံးတီး ဖြတ်ပြေးသလိုပဲ”

“ဒီလိုကွ၊ ငါ့မိန်းမက အချော့ကြိုက်တယ်။ အဲဒါ အခု ယောက္ခမကြီးအိမ်သွားပြီး ချော့မလို့၊ လက်ချည်း သွားချော့လို့လည်း မကောင်းဘူးလေကွာ။ သူကြိုက်တဲ့ အင်ဒိုနီးရှား ပါတိတ်ကလေး ဝယ်သွားမလို့”

“သိပြီ၊ ကျွန်တော်က ဆိုင်လိုက်ပြပေးရမှာလား”

သူက အကင်းမပါးရန်ကောဟု ရန်လိုသလိုကြည့်ကာ…

“နင်နဲ့ စကားပြောတာ ငါသိပ်စိတ်မရှည်တော့ဘူး၊ ဆိုင်က နင်လိုက်ပြမှလား။ ငါက ကန်းနေငို့လား။ အခု အဲဒီ အင်ဒိုနီးရှားပါတိတ်က နှစ်သောင်းခွဲတဲ့။ အဲဒါ ငါ့မှာ ပိုက်ဆံလိုနေလို့ ငါးထောင်လောက်ချေးစမ်း”

“စောစောစီးစီး ဒီစကားပြောလိုက်ရင် ပြီးရောပျာ၊ ခင်ဗျားက လုံးချင်းဝတ္ထုရေးနေတာကျနေတာပဲ။ ရှည်လျားလိုက်တာ။ ကုန်ခါနီးပြီ။ ကျွန်တော့်မှာ ဘယ်ငါးထောင်ရှိမလဲ”

“မရှိရင် ရှိသလောက်ပေး”



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုချေးရင်ဖြစ်စေ၊ သူက ကိုယ့်အခန်းက တစ်ခုခုငှားသွားလျှင် ဖြစ်စေ၊ ပြန်ရရိုးထုံးစံမရှိ။ ဒါကြောင့် သူ့ကို ကွယ်ရာတွင် လင်းညို့သွေးတို့က Mrs: No Return; မစ္စတာ နိုးရီတန်းဟု ခေါ်ကြသည်။ နောက်ဆုံးတော့ တောင်းတောင်းပန်ပန်နှင့် သုံးထောင်ပေးလိုက်ရ၏။

"ကိစ္စမရှိပါဘူး။ ကျုန်တဲ့ပိုက်ဆံ လင်းညို့သွေးဆီ သွားတောင်းမယ်"

"နေပါဦး၊ ခင်ဗျားပိုက်ဆံက ဘယ်လောက်ပါသလဲ"

မေးတော့ စပ်ဖြဲဖြဲနှင့်...

"ဟဲဟဲ...ငါက ပါးစပ်စိုက်ရတယ်လေ။ ကြယ်ပွင့်စာပေက တရုတ်ကြီးသန့်စင်ထွန်းက တစ်သောင်း၊ သူ လူပျိုကြီးဘဝက ကျွတ်အောင် အမြန်ဆုတောင်းပေးပါတဲ့။ ပြီးတော့ လူနေက ငါးထောင်၊ ငါတို့စာပေက ဟန်နီက ငါးထောင်... အင်း...ဒီအတိုင်းဆို လမ်းစရိတ်က ငါစိုက်ရမလို ဖြစ်နေပြီ"

ဟု တဖျစ်တောက်တောက် ရေရွတ်ရင်း ထွက်သွား၏။ အောင်ချိုက ရင်မောကျန်ရစ်သည်။ သူ့သောကတွေလည်း ဘယ်လွင့်သွားမှန်းမသိ။ ကိုယ့်ထက်အပူကြီးတဲ့သူကို ကူညီလိုက်ရသည်မဟုတ်လား။

※ ※ ※

အောင်ချိုက ရုံးက ကင်တင်းစားသောက်ဆိုင်ထဲမှာ တစ်ကိုယ်တည်း ထိုင်မှိုင်နေသည်။ သူ့ဘေးကို မဉ္ဇူဝေ ရောက်လာ၏။ သူ့မျက်နှာကလည်း ညှိုးလျှနေသည်။ မှန်တဲ့အတိုင်း ဝန်ခံရရင် မဉ္ဇူဝေကလည်း အောင်ချို့အပေါ် သံယောဇဉ်ရှိနေပါသည်။ သို့သော် သူ့အမေရဲ့ ပြ...





ကိုလည်း မလွန်ဆန်ရဲ။

"ခက်တာပဲ၊ မဉ္ဇူလည်း ဘာလုပ်ရမှန်းမသိတော့ဘူး"

"မင်းအမေက အဆင့်အတန်းခွဲခြားလွန်းပါတယ် မဉ္ဇူရယ်။ ခုနေရှင်အိမ်ထောင်ရေးစနစ်ရဲ့ သားကောင်ဖြစ်ရတာက တို့နှစ်ယောက်ပါ။ စတာလင်နဲ့သာ ထိုင်ပြောလိုက်ချင်တယ်"

"စတာလင်ဆိုတာ ဘယ်သူလဲဟင်"

ခုခေတ်ကောင်မလေးတွေ ဗဟုသုတနည်းပုံက ထိုသို့ဖြစ်၏။ ရုရှားက နှုတ်ခမ်းမွေးမဲ့အာဏာရှင်ကြီးကို မကြားဖူး။ အောင်ချိုက...

"နိုင်ငံရေးသမား ခေါင်းဆောင်ကြီးတစ်ယောက်ပေါ့ မဉ္ဇူရယ်။ ရန်ကနားပြောသလိုပါပဲ။ ဘဝကို ဖြူစင်အောင် လျှော်ဖွပ်ဖို့အတွက်ဆိုရင် ဆပ်ပြာလိုတယ်တဲ့"

"အဲဒီရန်ကနား ဆိုတာလည်း နိုင်ငံရေးသမား ခေါင်းဆောင်ကြီးပဲလားဟင်"

"မဟုတ်ပါဘူး။ ကိုယ်တို့လမ်းထဲက ပင်မင်းလုပ်တဲ့ အဝတ်လျှော်တဲ့ကုလားပါ"

"ရှင်နဲ့ ခွဲရမယ်ဆိုရင် ကျွန်မတော့ သတ်သေမိမယ် ထင်တယ်"

"ရိုးမီးယိုနဲ့ ဂျူးလီယက်လိုလားဟင်"

"သူတို့ကလည်း အဝတ်လျှော်တဲ့ကုလားလင်မယားလား"

"ရှိတ်စပီးယားရဲ့ ကမ္ဘာကျော်အချစ်ပြဇာတ်ထဲက ဇာတ်လိုက်တွေလေ။ ဟုတ်တယ်၊ ကိုယ်တို့ သူတို့နောက်လိုက်တာ ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြဇာတ်ကတဲ့နောက် လိုက်ကြည့်ကြမယ်ပြောတာလား"

"မဟုတ်ဘူး၊ သတ်သေကြမယ်ပြောတာ"

မဍ္ဍူသေက လန့်သွား၏။

"အဖန်ငါးရာ ငါးကမ္ဘာ ခံရတတ်တယ်တဲ့။ ပြီးတော့ တမလွန်မှာ ပျင်းစရာကြီးနေမှာပေါ့"

"ပျင်းရင် ဟစ်ဟော့ပ်ဓာတ်ပြားတွေဖွင့်ပြီး က,မှာပေါ့"

"ကဲ... ဟုတ်ပြီပဲထားပါတော့။ ကျွန်မတို့ ဘယ်လို သေမှာလဲ"

"ပက်လက်ကလေး...အဲလေ...စန့်စန့်ကလေး..."

"ဒါကိုပြောတာမဟုတ်ဘူး၊ ဘာနဲ့သေမလဲပြောတာ"

"သေနတ်နဲ့..."

"ဘယ်မလဲသေနတ်၊ ရှင် လိုင်စင်မရှိကိုင်ရင် အဖမ်းခံနေရမှာ"

"ဓားနဲ့ဆိုင်ရင်ရော..."

"ဘယ်နားထိုးမှာလဲ..."

"ရင်အုံ..."

"နာမှာပေါ့..."

"ဒါဆို ရေထဲခုန်ချတာကောင်းတယ်"

"ကျွန်မမှ ရေမကူးတတ်ပဲ"

"အလကားနောက်နေတာပါ မဍ္ဍူရယ်၊ အချစ်အတွက် ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ စဉ်းစား ဆင်ခြင်ဉာဏ် ကင်းမဲ့တဲ့လူတွေရဲ့အလုပ်ပါ"





"မဍ္ဍူ နားလည်ပါတယ်"

"ကိုယ်ကတော့ လောကကြီးကိုပဲ စိတ်နာတယ်။ အခုနေ ဖန်ဆင်းရှင်ကသာ လိုရာဆုတောင်းပါဆိုရင် လောကကြီးကို ကြက်သွန်ဥတစ်ဥဖြစ်အောင် လုပ်ပေးပါလို့ပဲ ဆုတောင်းချင်တယ်"

"ကြံကြံဖန်ဖန် ကိုအောင်ချိုရယ်..."

"ဟုတ်တယ်လေ။ အဲဒီကြက်သွန်ဥကို အခွံနွှာ၊ ပါးပါးလှီးပြီး ငရုတ်ဆုံထဲ ထည့်ထောင်းပစ်ချင်လို့"

မဍ္ဍူဝေက သဘောကျကာ ပြုံးလိုက်၏။

"တကယ်တော့ မဍ္ဍူအမေရဲ့သဘောထားက တကယ်မှန်ပါတယ်။ ကိုယ်လည်း မထိုက်တန်ပဲ ရထားတဲ့ ဒီတိုက်နဲ့ ခြံကို မမက်မောတော့ဘူး။ ပိုင်ရှင်ပေါ်လာရင် သူ့ကို ငါးထောင်နဲ့ပဲ ပြန်ရောင်းလိုက်တော့မယ်"

"တကယ်လား"

"တကယ်ပေါ့။ ဒီအတွက် မဍ္ဍူက စိတ်မဆိုးဘူး မဟုတ်လား"

"စိတ်မဆိုးတဲ့အပြင် ခုလို မြင့်မြင့်မြတ်မြတ်စိတ် ထားနိုင်တဲ့အတွက် ပိုတောင်အထင်ကြီးသွားသေးတယ်"

"ကျေးဇူးပဲ မဍ္ဍူ။ အခုတော့ မဍ္ဍူနဲ့ နီးရဖို့ တစ်လမ်းပဲ ရှိတော့တယ်။ ကိုယ် အသုံးအစွဲချွေတာပြီး ငွေစုမယ်။ တစ်နေ့ တစ်လံ ပုဂံဘယ်ရွှေ့မလဲပေါ့။ ပြီးရင် အခန်းတစ်ခန်း ငှားမယ်။ ဒီလောက်ဆို မဍ္ဍူ ကျေနပ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မဒ္ဒီဘေက ကျေကျေနပ်နပ် ခေါင်းညိတ်ပြလေသည်။

✳ ✳ ✳

ရှုံးပိတ်ရက် အိမ်ရှေ့ကပန်းခြံထဲမှာ ထိုင်မှိုင်နေတုန်း ကိုထူးသော်ဝင်လာသည်။ အောင်ချိုနှင့် ယခင်က အခန်းတစ်ခန်းကို နှစ်ယောက်စပ်ကာ နေထိုင်ခဲ့သောသူဖြစ်သည်။

"ခင်ဗျား အိမ်လေးတောင် လာမလည်ဘူးဗျာ"

ဟု တွေ့တာနှင့် အပြစ်တင်၏။ အောင်ချိုက...

"ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ပါဦးဗျာ..."

ကိုထူးသော်က သေသေချာချာကြည့်ကာ...

"အင်း...ဘယ်ဘက်ပါးက ဝက်ခြံက မှည့်နေပြီ။ ညာဘက်နားရွက်က နားရွက်က ပိုကြီးနေသလိုပဲ။ ငယ်ငယ်က စာမရလို့ ဆရာမက ခဏခဏဆွဲလိမ်တာခံရတယ်ထင်တယ်"

"ခင်ဗျားက ဘာတွေကြည့်နေတာလဲ။ ဒီမျက်နှာက ပျော်ရွှင်နေတဲ့မျက်နှာ မဟုတ်ဘူး။ ချစ်ဒုက္ခ ခံစားနေရတဲ့ မျက်နှာလို့ ပြောတာ။ မြင်ပြီလား"

ကိုထူးဇော်က ပြုံးဖြဲဖြဲကြည့်ကာ...

"ဒီလောက်တောင် ချစ်ဒုက္ခတွေ ခံစားနေရရင်လည်း အဆိပ်သာသောက်လိုက်တော့ပေါ့ဗျာ"

"အဆိပ်တော့ သောက်ချင်တာပေါ့။ သေမှာကြောက်လို့။ အဲလေ...သေရင် ဘယ်မှာသွားနေရမလဲ"

"သူ့ဟာသူတော့ ရှိမှာပေါ့ဗျာ။ ကျွန်တော်လည်း စမ်း





မသေဘူးတော့ ဘယ်သိပါ့မလဲ"

"ခင်ဗျား စဉ်းစားကြည့်လေ။ ဘာမှန်းမသိတဲ့ အရပ်ကြီးကို သွားရမယ်ဆိုတော့ ဒုက္ခဘယ်လောက်များမလဲ။ ကျုပ်လတ်ကနေ့ ကို ဟောင်ကောင်သွားလွှတ်သလိုနေမှာပေါ့"

"အင်း...ဟင်းအိုးထဲရောက်မှာ သေချာတယ်"

"ဒီမယ် ကိုထူးသော်။ ကိုယ့်ကိုယ်ကို သတ်သေတယ်ဆိုတာ မီးရထားလက်မှတ်ဝယ်သလို မှတ်ပုံတင်ထပ်ရတာမျိုး၊ ရုပ်ရှင်လက်မှတ်ဝယ်သလို တန်းစီရတာမျိုး မဟုတ်ဘူး။ ရပ်ကွက်ထောက်ခံစာလည်း မလိုဘူး။ ဘယ်အချိန်လုပ်လုပ် ဖြစ်တယ်။ အလော်သုံးဆယ်လုပ်စရာမလိုဘူး။ လမ်းထိပ်က အပေါင်ဆိုင်မှာ ပေါင်ထားတဲ့ လက်စွပ်ကလေး မရွေးရသေးလို့ ခဏဆိုင်းထားတာ။ ခင်ဗျားလာတာနဲ့ လွှမ်းတာတောင် လွှတ်လွှတ်လပ်လပ် မလွှမ်းရတော့ဘူး။ ကဲ...ပြော...ပိုက်ဆံတော့ မချေးနဲ့နော်..."

ကိုထူးသော်က မျက်စောင်းထိုးကာ...

"ခင်ဗျားက ကျုပ်ကို အောက်ထပ်အခန်းက ဝေမှုးသွင်လိုကောင်များ မှတ်နေသလား။ ဪ...ဒါထက် ခင်ဗျားကို ပြောရဦးမယ်။ သူ့အခန်းမှာ ကောင်မလေးအသစ်တစ်ယောက် ထပ်ရောက်နေရပြန်ပြီ"

"သူ့ ဝတ္ထုရှည်ရေးမလို့ ကုန်ကြမ်းရှာနေတာပါ။ ကဲ ...ပြော၊ ခင်ဗျားက ဘာကိစ္စလဲ"

"ကျုပ်တို့အခန်းအကြောင်း ပြောမလို့"



www.burmeseclassic.com

www.burmeseclassic.com



သူတို့အခန်းအတွက် သူက လကုန်အထိ လခပေးထားခဲ့၏။

"ကျုပ်မှ ဆက်မနေတော့တာ။ ကျန်တဲ့လတွေတော့ ခင်ဗျားဘာသာ လခပေးပေတော့"

အောင်ချိုက သူ့ကို ခွဲတမ်းလာချသည်ဟု ထင်နေ၏။

"အဲဒါ လာပြောတာ။ ခင်ဗျားဝမ်းသာပေတော့။ နောက်ဆို ကျွန်တော် ဒီအခန်းအတွက် လခပေးစရာ မလိုတော့ဘူး"

"ဗျာ...ဘာဖြစ်လို့လဲ"

"ဒေါ်ငွေခင် လက်ထပ်လိုက်ပြီ"

အောင်ချိုက သူ့နဖူးသူ လက်ဝါးနဲ့ရိုက်လိုက်ကာ...

"ခင်ဗျားဗျာ၊ ဒီအိမ်လခကလေး သက်သာဖို့လောက်နဲ့တော့ ဒီ ကိုယ့်အမေလောက်ရှိတဲ့ မိန်းမကြီးကို လက်ထပ်ဖို့ မကောင်းပါဘူး"

"ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"ခင်ဗျားပဲ ဒေါ်ငွေခင် လက်ထပ်လိုက်ပြီဆို"

ဒေါ်ငွေခင်ဆိုတာ သူတို့အိမ်ရှင်မိန်းမကြီး။

"ဟုတ်တယ်လေ၊ ဒေါ်ငွေခင်လက်ထပ်လိုက်တာ ဦးငွေချစ်နဲ့ဗျ"

"အဲဒါနဲ့ ခင်ဗျား အခန်းခ မပေးရတာနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့။ ဦးငွေချစ်က ကျွန်တော့်အဖေလေ"

ဒီတော့မှ အောင်ချို လိပ်ပတ်လည်သွား၏။

"တလောက နယ်က ကျွန်တော့်အဖေ ကျွန်တော်ရှိရာ ရန်ကုန်ကိုလာလည်ရင်း ဒေါ်ငွေခင်နဲ့တွေ့သွားတယ်။ သူတို့





နှစ်ယောက်က ငယ်ရည်းစားတွေတဲ့၊ ကွဲနေကြတာ အနှစ်သုံးဆယ်ရှိပြီ။ အဖေက အမေဆုံးပြီးကတည်းက ဒေါ်ငွေခင်အတွက် ရည်ရွယ်ပေးထားတာတဲ့။ ဒေါ်ငွေခင်ကတော့ အဖေနဲ့လွဲကတည်းက တစ်သက်လုံး အပျိုကြီးလုပ်နေခဲ့တာတဲ့။ အခုတော့ ဇာတ်တော်ပေါင်းခန်းပေါ့ဗျာ။ သူတို့ ရုံးတက်လက်မှတ်ထိုးလိုက်ကြတယ်။ အခု ကျွန်တော်နေတဲ့အခန်းကိုလည်း ဒေါ်ငွေခင်က ကျွန်တော့်ကို မင်းနေချင်သလောက်နေ၊ လခပေးစရာမလိုဘူးတဲ့။ ခွင့်ပြုလိုက်ပြီ"

ဩော်...ကြားရတဲ့စကားက ဝမ်းသာစရာပင်။ ကံကောင်းချင်တဲ့ ...ျားကျတော့လည်း ပြေးရင်းလွှားရင်း ခလုတ်တိုက်လဲတာတောင် ...င်းအိုးပေါ် မှောက်လျက်ကျတယ်ဆိုလား ဘာလားပဲ။

"ဝမ်းသာပါတယ်၊ တလောကလုံး အဆင်ပြေနေကြတာပဲ။ အဆင်မပြေတဲ့သူဆိုလို့ ကျွန်တော်တစ်ယောက်ပဲရှိတယ်"

ထိုစဉ်မှာ ခြံဝန်းထဲကို ကားအနက်တစ်စီး ဝင်လာကာ ရပ်လိုက်၏။ ...ပေါ်ကဆင်းလာသူက ရွှေနေကိုကျော်ဇော။ ကိုကျော်ဇော တွေ့တော့ ...သန့်သွား၏။ ကိုကျော်ဇောနှင့်တွေ့တိုင်း သူ ကံဆိုးလိုက်၊ ကံကောင်း ...် ဖြစ်တတ်သောကြောင့်ပင်။ ဒီတစ်ခါလည်း ဘယ်လိုအရာမျိုးကို ...ဆောင်လာဦးမည်မသိ။ သူက အောင်ချို့ဆီ တည့်တည့်လျှောက် ...ာ...

"ခင်ဗျားနာမည် ကိုအောင်ချိုနော်"

"ခင်ဗျား သိပြီးသားပဲဗျာ"

"ဟို ...သေချာအောင်မေးရတာပါ။ ခင်ဗျားမိဘတွေ

www.burmeseclassic.com



နာမည် ပြောပါဦး"

"အဖေက ဦးချမ်းသာ၊ အမေက ဒေါ်ခင်ရွှေ"

"ခင်ဗျား အဖေကို တွေ့ဖူးလား"

"ဟင့်အင်း၊ အမေကပြောတော့ ကျွန်တော်ငယ်ငယ်ကတည်းက ကွဲသွားတယ်။ သူက အင်မတန်ရက်စက်တယ်။ ကျွန်တော်တို့သားအမိကို ပစ်ပြီး နောက်အိမ်ထောင် ထူထောင်သွားတာ။ အမေက ဒါထက်ပိုမပြောပြဘူး။ ကျွန်တော်တို့ အဆက်အသွယ်လည်းမရှိဘူး။ ခင်ဗျား ဘာလို့ ဒါတွေ လာမေးနေတာလဲ"

"အကြောင်းရှိလို့ပေါ့။ ခင်ဗျားအဖေယူခဲ့တဲ့ နောက်မိန်းမဆိုတာ တခြားသူမဟုတ်ဘူး။ ဒေါ်ပပပဲ"

"ဗျာ...ကျွန်တော့်ကို ဒီအိမ်ရောင်းခဲ့တဲ့ ဒေါ်ပပလား"

အောင်ချို က တအံ့တသြမေးလိုက်၏။

"ဟုတ်တယ်။ ဦးချမ်းသာဟာ ခင်ဗျားတို့သားအမိအပေါ် မကောင်းခဲ့တာကို နောင်တရနေပုံပေါ်တယ်။ သူ သေခါနီး ရေးခဲ့တဲ့ သေတမ်းစာထဲမှာ သူပိုင်ပစ္စည်းတွေထဲက ဒီတိုက်နဲ့ခြံကို ရောင်းပြီး ရောင်းရတဲ့ငွေကို ခင်ဗျားတို့သားအမိကိုပေးဖို့ စီစဉ်ထားခဲ့တယ်။ ဒါကြောင့် ကျုပ်က လိုက်စုံစမ်းရင်း ခင်ဗျား နေခဲ့တဲ့မြို့လည်း ရောက်ခဲ့တယ်။ အဲဒီကနေ ဒီကိုရောက်လာတာပဲ"

အောင်ချို ဝမ်းသာအားရဖြစ်သွားကာ...

"ဒါဆို ဒီအိမ်နဲ့ခြံကို ကျွန်တော်ပိုင်တာပေါ့နော်"





"ဟင့်အင်း၊ စာချုပ်ထဲကအတိုင်းဆို ခင်ဗျားရမှာက ဒီခြံနဲ့တိုက်ကို ရောင်းလို့ရတဲ့ငွေပဲ။ ရော့...ငွေငါးထောင်။ အဲဒါ ခင်ဗျားကိုလာပေးတာ"

ဒေါ်ပပက ယုတ်မာသောစိတ်ထားဖြင့် ဒီငွေနှင့် ရောင်းခဲ့တာ သဘောပေါက်သွား၏။

"ဒါဆို ဒီအိမ်နဲ့ခြံကရော"

"ဒါကတော့ မူလအတိုင်းပဲပေါ့။ ဒီခြံနဲ့တိုက်ကို ငွေငါးထောင်နဲ့ တရားဝင်ဝယ်ခဲ့တဲ့ ကိုအောင်ချို ဆိုတဲ့လူပဲ ပိုင်တာပေါ့"

အောင်ချိုက ထခုန်လိုက်သည်။ ကိုကျော်ဇောက...

"ကဲ...ကျွန်တော့်ဝတ္တရားလည်း ကျေပြီမို့ ကျွန်တော် စိတ်အေးရပါပြီ။ နောက်ဆုံးတော့ ဒါဟာ ခင်ဗျား အမွေဆက်ခံထိုက်လို့ဖြစ်ရတယ်လို့ပဲ ယူဆရပါတော့မယ်။ ဒီအတိုင်းဆို မဥ္ဇူဝေတို့အမေလည်း သဘောမတူစရာ မရှိတော့ပါဘူး"

ထိုစကားမှာ အမှန်ပင်ဖြစ်သည်။

နောက်တစ်ပတ်လောက်ကြာသောအခါ အောင်ချိုနှင့် မဥ္ဇူဝေတို့၏ လက်ထပ်မင်္ဂလာပွဲကို ဤခြံထဲမှာပင် ကျင်းပနိုင်ခဲ့ကြလေတော့သည်။

ရယ်မောနိုင်ကြပါစေ...

ဝိဧယ

(၂၀၀၈ အောက်တိုဘာ)

❤



www.burmeseclassic.com

www.burmeseclassic.com



# အကြွေးမကောင်းတဲ့ နတ်မင်း

တင်မြင့်ဦး

ဂျိုကာ

www.burmeseclassic.com

www.burmeseclassic.com

# အကြွေးမကောင်းတဲ့နတ်မင်း

တင်မြင့်ဦး





မောင်တင်မြင့်ဟာ စိတ်နောက်လို့ ကိုယ်ခြောက်၊ စိတ်ထောင်းလို့ ကိုယ်ကျေဖြစ်နေတာ ကြာပြီ။ သူ လူတကာကို ဘာဘာညာညာ အကန့်အသတ်မရှိ ကူညီပေးခဲ့တယ်။

ဒါပေမဲ့ လူတွေက အခက်သား။ မောင်တင်မြင့်ကူညီလို့ အောင်မြင်သွားရင် မသိတော့သလို၊ မမြင်တော့သလို အလျှိုလျှိုပျောက်သွားရော။ အဲ...မတော်တဆများ စေတနာကျွံမှားသွားရင် မဆင်ခြင် အပြစ်တင်စကားတွေက ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ပြီ။

ဒီတော့ မောင်တင်မြင့်ရင်ထဲမှာ စိတ်ဒဏ်ရာတွေ တောထလာတယ်။ တော်ပါပြီ...တော်ပြီ။ ဒဏ်ပေးစနစ်ရှိရင် ဆုပေးစနစ်ရှိရမယ်။ သူဟာ ဘာကိုမှ အလကားမစဉ်းစားတော့ဘူး။

တစ်ယောက်ယောက်က အကူအညီပေးပါလားဆိုရင် အကျိုးဆောင်ခ ပါလာထား...။ အဲလို အဓိဋ္ဌာန်နဲ့အတူ 'ကုဋ္ဌေကုဋ္ဌာထိပ်မေတ္တာ' လက်ဖက်ရည်ဆိုင်ကို သွားနေပါတယ်။ အဲ...အဲဒီချိန်မှာပဲ...

"ဟေ့...မောင်တင်မြင့်...မောင်တင်မြင့်"

အပြေးအလွှားခေါ်သံကြားလို့ နောက်လှည့်ကြည့်လိုက်တော့ မှူးရာမရိယဦးမြကြီး လိုက်လာတာတွေ့ရတယ်။ ဒီလူကြီးဆီမှာ သူ့ အရောက်



www.burmeseclassic.com

www.burmeseclassic.com



ကြွေး မကျန်ပါဘူး။ ဦးမြကြီးက အနားရောက်တာနဲ့ အမောတောင်မပြေအားပဲ...

"ဝမ်းသာလိုက်တာ မောင်တင်မြင့်ရာ၊ မင်းနဲ့တွေ့တာ နေရာကျတာပဲ"

"ဗျာ...ကျွန်တော့်မှာ စေတနာနဲ့ကူညီဖို့အတွက် စိတ်ကော လူကော ဘာမှမရှိတော့ဘူးနော်"

မောင်တင်မြင့် ကြိုတင်ပိတ်ပြောလိုက်တယ်။ ပြောတာ နားထောင်ပြီးမှဆိုရင် အားနာစိတ် ဝင်ချင်ဝင်နေဦးမှာ။

"စိတ်ကော၊ ငွေကော ဘာမှစိုက်စရာမလိုပါဘူး မောင်ရာ၊ ပါးစပ်လေးသာ စိုက်စမ်းပါ၊ ငါက ကျေးဇူးမမေ့ တတ်ပါဘူး"

"ပြောကြတာပဲလေ၊ ဒါပေမဲ့ ပါးစပ်စူးလို့ ရူးချင်နေပြီဗျ။ ခင်ဗျားကိစ္စ နောက်တစ်ယောက်သာ ရှာစမ်းပါ"

"မဖြစ်လို့ပေါ့ မောင်တင်မြင့်ရာ၊ ဒီကိစ္စက မင်းရယ်၊ ငါရယ်၊ ကိုထွန်းဝင်းရယ် ၃ ယောက်တည်းသိတာ"

"ဗျာ...ဦးထွန်းဝင်းက ဟိုတစ်လကပဲ ဆုံးသွားတာ မဟုတ်လား"

ဦးမြကြီးစကားကြောင့် မောင်တင်မြင့် ဖျားချင်သလိုလို ဖြစ်သွားတယ်။ တောင်းစရာရှားလို့ တမလွန်ကိစ္စ လာအကူအညီတောင်းစရာလား။

"အေး...ဆုံးသွားတဲ့ကိုထွန်းဝင်းက ခု သူ့သားအိမ်မှာ ရောက်နေတယ်"

"မဖြစ်နိုင်တာ၊ သေတဲ့လူက ဗီဇာနဲ့သွားတာမှမဟုတ်ဘဲ။ ဘယ်လိုလုပ်ပြန်လာရမှာလဲ"





"ဟ...ခုက ကနားစီးခင်နိုင်ကို ဝင်ပူးပြောတာ။ အဲဒါ မင်း ခဏလိုက်ခဲ့စမ်းပါ"

"ရှုပ်ရှုပ်ယှက်ယှက် အခြောက်ဓာတ်နဲ့ မရောချင်ပါဘူးဗျာ။ ဒီကောင်တွေက ငွေရမယ်ဆိုရင် နတ်ဝင်လိုက်၊ တစ္ဆေ ပူးလိုက်နဲ့ ရိုက်စားနေတာပဲ"

"ဒါမျိုးက နိပါတ်တော်လာ ပေတဝတ္ထုဆိုတာတွေ ရှိတယ်၊ အပြတ်ဘူးခံငြင်းလို့မရဘူး"

မောင်တင်မြင့် တော်တော်ခေါင်းစားသွားတယ်။ သူနဲ့ ဦးထွန်းဝင်းက ဘာပတ်သက်မှုမှမရှိတာပဲ။

"ပေတဝတ္ထုရှိရှိ၊ ပေပွဝတ္ထုရှိရှိ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"မင်းနဲ့မဆိုင်လို့ ငါက ပါးစပ်ကိုပဲ ခဏအကူအညီ တောင်းတာပေါ့၊ ငါပြောခဲ့သလို ကျေးဇူးမမေ့ပါဘူး"

"ဟုတ်ပါပြီ၊ ကျွန်တော်က ဦးထွန်းဝင်း ဝင်ပူးနေတယ်ဆိုတဲ့ ကနားစီးခင်နိုင်ကို ပါးစပ်ကြီးနဲ့ ပြေးဟပ်ရမှာလား"

ဦးမြကြီးက ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း...

"မဟုတ်တာ...အဲလိုဆို မင်းကို အမြီးတပ်ပေးသလို ဖြစ်သွားမှာပေါ့"

"ဒါဆိုဘာလဲ..."

"ကိုထွန်းဝင်းဆုံးတော့ ငါရမယ့်အကြွေးတွေ ပါသွားတယ်။ ရပ်ရွာအမြင်မှာ သူက ဘုရားဒကာ၊ ကျောင်းဒကာကြီး မဟုတ်လား။ ငါ သူ့သားဆီ ဘယ်လိုသွားတောင်းရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စဆိုရင်တော့ ကျွန်တော်က စိုက်လည်းမပေးနိုင်ဘူး၊ ဆောင်းလည်းမပေးနိုင်ဘူးနော်"

"မှင်းစိုက်ပေးစရာ၊ ဆောင်းပေးစရာ မလိုပါဘူး။ ခု ကိုထွန်းဝင်း ပူးနေတာဆိုတော့ ငါကိုယ်တိုင် သွားဆောင်း လိုက်မယ်။ ဒါကို မှင်း ခဏလိုက်ပြီး ရစရာရှိတာ ဟုတ်မှန် ကြောင်း သက်သေပြပေးစမ်းပါ။ ကိုထွန်းဝင်းသား ထွန်းပုက အဆင်ပြေတော့ သူ့အဖေပြောရင် မပေးဘဲနေမှာမဟုတ် ပါဘူး"

မောင်တင်မြင့် စဉ်းစားခန်း ဝော့ဝင်သွားတယ်။ ဦးထွန်းဝင်းက ဦးမြကြီးဆိုင်ကို နောက်ပေါက်ကဝင်ပြီး ခွက်ပုန်းသောက်နေကျ။ သူ့ရဲ့ နောက်ပေါက်ကဝင်တဲ့ မောင်တင်မြင့်နဲ့ ဆုံနေကျ။

မောင်တင်မြင့်က ရက်ကြိုကြား၊ ကြိုကြားကြောင့် လက်ငင်းသေ သောက်ပါလည်း ပုံမှန်ခွက်ပုန်းတဲ့ ဦးထွန်းဝင်းက လပေး၊ နှစ်ပေး စနစ်နဲ့ သောက်တယ်။ သူ အမူးတဲ့ရက်တွေမှာ မောင်တင်မြင့် သော တာကိုတောင် သူ့စာရင်းထဲ မှတ်ပေးခဲ့ဖူးတယ်။

ဦးထွန်းဝင်းရဲ့ နောက်ဆုံးလက်ကျန်ကြွေးက တစ်ထောင်လော ထောင့်နှစ်ရာလား ဖျတ်ခနဲ သူတောင်မှတ်မိပါရဲ့။ ဒီလောက်ငွေကလေး ထွန်းပုသိရင် မဆပ်စရာ ဘာအကြောင်းမှမရှိဘူး။

အဲဒီအကြွေးကို ထွန်းပုပေးရင် ပါးစပ်ဝင်စိုက်တဲ့ မောင်တင်မြင့်လော ပါးစပ်မစိုစရာမရှိနိုင်လောက်ပါဘူး။ ဦးမြကြီးက ကျေးဇူးမမေ့ပါဘူး ပြောပြီးသား။ ၁၀ ရာခိုင်နှုန်း အကျိုးဆောင်ခလောက်ကတော့ ဟုတ် ပေါ့။





"အေးဗျာ၊ ကျွန်တော် သက်သေလောက် ပြရမယ် ဆိုရင်တော့..."

"ငါ ကျေးဇူးမမေ့ပါဘူးမောင်ရာ..."

ဒီလိုနဲ့ မောင်တင်မြင့်နဲ့ ဦးမြကြီးတို့နှစ်ယောက် ထွန်းပုအိမ်ကို လက်ညီ၊ ခြေညီလျှောက်သွားပါတော့တယ်။

✳ ✳ ✳

"ဟား...ဟား... အဖေနတ်ပြည်မှာ စံစားနေရတော့ ဝမ်းသာတော့ဟေ့၊ ငါ့သားလည်း အဖေ့ကို စံနမူထားပြီး လုပ်စား၊ အဲ...ကြိုးစား၊ သားဆီကို အဖေ မကြာမကြာ လာခဲ့မယ်။ ပူဇော်ထိုက်သူကို ပူဇော်ဖို့၊ ချီးမြှင့်ထိုက်သူကို ချီးမြှင့်ဖို့ မဂမ့်နဲ့၊ ဒါမှ အဖေ ခဏခဏလာနိုင်မှာ..."

"စိတ်ချပါအဖေ၊ အဖေလည်း ရောက်တာကြာပြီဆိုတော့ ပြန်ချင်ပြန်ပါတော့"

ဦးမြကြီးနဲ့ မောင်တင်မြင့် အိမ်ပေါ်ရောက်ရုံရှိသေးတယ်။ ဦးထွန်းဝင်း ဝင်ပူးနေပါတယ်ဆိုတဲ့ ကနားစီးခင်နိုင်နဲ့ ထွန်းပုနဲ့ သားအဖဇာတ်စုံခင်းလို့ ပြန်ဖို့စကားနှင်းနေပြီ။

ဦးမြကြီးက ကြည့်နေတဲ့လူအုပ်ကို အတင်းဖြဲပြီး ရှေ့တိုးဝင်သွား တယ်။ ဒါမှ သူ့ကိစ္စမိနိုင်မှာကိုး။ သက်သေမောင်တင်မြင့်လည်း ထက်ကြပ် ကွာပါပဲ။

"ဟ...ဟ...ခဏနေပါဦး ကိုထွန်းဝင်းရ..."

လက်ကိုအတင်းဝင်ဆွဲတဲ့ ဦးမြကြီးကြောင့် ကိုယ်ခန္ဓာတုန်ဖို့လုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ကနားစီးခင်နိုင်က ဆတ်ခနဲ ပြန်မတ်လိုက်တယ်။

"အာ…ဦးမြကြီး၊ ခင်ဗျား ဘာဝင်ရှုပ်တာလဲ၊ ကျုပ်ပွဲမှာ အချောင်ဝင်မေးတာမျိုး မရဘူးနော်"

"အများကြီးမမေးပါဘူး မောင်ထွန်းပုရယ်၊ စကား တစ်ခွန်း နှစ်ခွန်းလောက်တင်ပါ"

"အိုဗျာ…အဖေရောက်တာ အချိန်ကြာပြီဗျ"

ထွန်းပုက တစ်ရွာတည်းသားချင်း အတင်းကန့်ကွက်ရင် မကောင်းတတ်လို့ လှည့်ပတ်ဟန့်တားလိုက်တယ်။ မောင်တင်မြင့်ကတော့ ဟန့်တာမဟန့်တာထက် ဝက်ခြံဗလပျစ်နဲ့ ကနားစီးခင်နိုင် မျက်နှာပျက်ကြီးမြင်ပါလျက်နဲ့ အဖေရောက်တာကြာပြီလို့ပြောတဲ့ ထွန်းပုစကားကို ပိုစိတ်ဝင်စားသွားတယ်။

"နေ…နေပါဦးကွ၊ ဒီ…ဒီ…ကနားစီးခင်နိုင်က မင့်အဖေဆိုတာ သေချာလို့လား"

မောင်တင်မြင့်အမေးကို ကြားတော့ ထွန်းပုက နှာခေါင်းရှုံ့လိုက်ရင်း…

"ဖွီး…မင်းရေးတဲ့စာသွားတွေ အရည်မရ၊ အဖတ်မရဖြစ်တာ ဘာဆန်းမှာလဲ။ ဉာဏ်တုံးတာကိုးကွ။ ဒီမြင်နေရတဲ့ ကျက်သရေကင်းမဲ့နေတဲ့ မျက်နှာက်ကတော့ ငါ့အဖေဖြစ်ပါ့မလား။ ကြားနေ၊ ပြောဆိုနေတဲ့ နာမ်ရုပ်ကမှ ငါ့အဖေဝိညာဉ် ဝင်ပူးနေတာပေါ့"

"ဟေ…ဒါဆို ခင်နိုင်ရဲ့နာမ်ရုပ်က ခု ဘယ်မှာလဲ"

"ဟား…ဟား…ခုချိန်မှာ သူ့ မူလနာမ်ရုပ်ဟာ စကြဝဠာ





အပြင်ဘက် ထွက်ချင်လည်း ထွက်နေမှာပေါ့"

ထွန်းပုက တိတိကျကျ အဖြေပေးလိုက်ပါတယ်။ ဒီလိုသိရတော့ မောင်တင်မြင့် ပျော်ချက်ပေါ့။

"ဒါ…ဒါဆို…ငါဘာပြောပြော သူ မကြားဘူးပေါ့"

"ဟ…ဘာကြားမှာလဲ။ အခုရှိနေတာက ငါ့အဖေ နာမ်ခန္ဓာပဲ"

"ကောင်းကွာ၊ ဒီခွေးမသားအခြောက် နာမ်ခန္ဓာ ပြန်မလာနိုင်ရင် ကောင်းမှာပဲ။ ရွာထဲကလူငယ်တွေရဲ့ ကျန်းမာရေးကို သက်သက်ဒုက္ခပေးနေတာ။ တစ်ရွာလုံး ဟိုဒင်း… ဟိုဟာ ဖြစ်တော့မယ်"

"ဘာ…နင်…နင်…အဲ…မင်း…မင်း ဘာစကားပြောတာလဲ"

တောင့်တောင့်ကြီးရပ်နေရာက ဝင်ပြောလိုက်တဲ့ ကနားစီးခင်နိုင်ကြောင့် မောင်တင်မြင့် တဒင်္ဂတော့ ကြောင်သွားတယ်။ ဟာ…ဒါဦးထွန်းဝင်းရှိနေတာဆို… ဘယ်လိုကြီးလဲပေါ့။

"ဟေ့ကောင်…ထွန်းပု၊ မင်းပြောတော့ မင်းအဖေ ရှိနေတာဆို၊ အခု ဘယ်လိုလဲ"

"ဟုတ်ပါတယ်ဟ၊ တဆတ်ဆတ်တုန်တာမှ မမြင်သေးတာ။ မထွက်သေးပါဘူး"

"နတ်ထွက်ရင်လည်း တဆတ်ဆတ်တုန်တာပဲလား"

"ဒါပေါ့ကွ၊ ထွက်တာ အတူတူပေါ့။ အာ…မင်း ဘာတွေမေးနေတာလဲ။ ငါ့အဖေနတ်မင်းကြီးရှေ့မှာ မစေ့မစား



www.burmeseclassic.com

www.burmeseclassic.com



ကွာ...”

“ဟုတ်ပါဘူး၊ စုန်းတွေ၊ သရဲတွေပဲ ထွက်ရင် တုန်တာ ထင်လို့ကွ”

သူတို့စကားကြားမှ ကနားစီးခင်နိုင် မတုန်ရသေးတာ သတိရပြီး ဦးထွန်းဝင်းမုဒ်တွေ ပြန်သွင်းလိုက်ရင်းက...

“အဖေ့လိုပါရမီရင့်သန်တဲ့လူ...အဲ...နတ်မင်းက သိမ်ဖျင်းတဲ့ ဒီသတ္တဝါလေးကို ဖွေမယူပါဘူးကွယ်”

“ဟို...ဒါ...ဒါဆို ဦးထွန်းဝင်းဆိုတာ သေချာတာပေါ့နော်”

မောင်တင်မြင့်က ကြောင်တောင်တောင်မျက်နှာပေးနဲ့ ထမေးပြန်တယ်။ ဦးထွန်းဝင်းတဖြစ်လဲ ကနားစီးခင်နိုင် အောက်ကလီအာ အပြုံးကို လှိုင်လှိုင်ကြီးသုံးလိုက်တယ်။

“လူ့ဘဝမှာတုန်းကတော့ ဘုရား၊ ကျောင်း၊ သိမ်၊ ဇရပ်၊ ရေအိုးစင်၊ လမ်းခင်းကျောက်ခဲဒကာကြီး ရှူးရှဲ ထိပ်သီး ဦးထွန်းဝင်းပေါ့ကွယ်။ ခုတော့ နတ်ပြည်ခြောက်ထပ်ကို ကန့်သတ်ချက်မရှိဘဲ သွားနိုင်တဲ့ နတ်မင်းပေါ့”

“တော်ပါသေးရဲ့ အဘရာ။ ကျွန်တော်က အော်သံကြားတော့ အခြောက်နာမ်ခန္ဓာမှတ်လို့ တုန်သွားဟာပဲ။ ဒီအခြောက်က မကျေနပ်တာတွေ့ရင် မှတ်ထားပြီး ယုတ်ယုတ်မာမာ ချောက်တွန်းတတ်တာ။ မျက်နှာကိုက ခွေးဖင်လောက်တောင် ကျက်သရေမင်္ဂလာမရှိဘူး။ အခုချိန် ဒီမျက်နှာကြီးကို ပိုင်ပိုင်နိုင်နိုင် တီးထည့်လိုက်ရင် ဘယ်သူနာမှာလဲ။ ဒီအခြောက်နာမှာ





ဆို နှစ်ချက်လောက်တွယ်လိုက်မယ်နော် အဘ...”

အားပါးတရပြောရင်း တကယ်ထလာတဲ့ မောင်တင်မြင့် အမူအရာကြောင့် နတ်မင်းကြီးဦးထွန်းဝင်းမျက်နှာ နောက်တွန့်ဆင်းသွားတယ်။

“အဲ...အဲလိုတော့မလုပ်နဲ့လေကွယ်၊ ခုအချိန်မှာ ကနားစီးဟာ လိပ်ပြာလုသူဖြစ်သွားပါပြီ။ ဒါကြောင့် အဘ ဝင်ပူးလို့ရတာပေါ့။ လိပ်ပြာလုတဲ့သူတော်ကောင်းကို ပြစ်မှားရင် အစီစီလားတတ်တယ်”

“အဘစကားကြောင့် ယုံရမှာပဲ။ ကျွန်တော်တော့ သူ့သောက်ကျင့်ဟာ အရင်ထက်တောင် ပိုဆိုးလာတယ်လို့ ထင်တယ်”

“ပုထုဇဉ်ဆိုတာ အတွေး၊ အမြင်တွေမှားတတ်တာပေါ့။ ကဲ...အဘရောက်နေတာလည်း ကြာပြီ။ သွား...ထွန်းပု၊ အဖေ ပြန်မယ်ကွဲ့”

မောင်တင်မြင့်နဲ့ ဆက်ပြောရင် ရှည်နေဦးမှာမို့ ကနားစီးခင်နိုင် ထွန်းပုဘက်လှည့်ပြီးတုန် ခွင့်တောင်းလိုက်တယ်။

ကနားစီးခင်နိုင်နဲ့ မောင်တင်မြင့်အခြေအနေကို အကဲခတ်နေတဲ့ မကြီးက တစ်စခန်းထလာပြန်တယ်။ သူ့အကြွေးကို မမေးရသေးဘူးလေ။

“ခဏနေပါဦး ကိုထွန်းဝင်းရ။ ကျုပ်မျက်နှာမြင်ရင် ခင်ဗျား ပြန်သတိဝင်လာလောက်ပါတယ်။ နောက်...နတ်မင်းကြီးဖြစ်နေတော့ နတ်မျက်စိပုလင်းကွဲနဲ့ အတင်းဖြဲကြည့်ရင်လည်း ကျုပ်ပြောချင်တာ သိမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"လူတွေရဲ့လောဘဟာ သမုဒ္ဒရာမက ကျယ်ဝန်းတယ်တဲ့။ ကံတရားအရ ယူထိုက်ရင် ယူရလိမ့်မယ်။ လောဘနဲ့ မလိုချင်ကြပါနဲ့လေ"

ကနှားစီးခင်နိုင်က ပြောပြီးတာနဲ့ ဘုရားစင်ဘက် လှည့်သွားတော့ ဦးမြကြီး တင်းတာပေါ့။ သူနတ်မင်းကြီးဖြစ်တာနဲ့ အကြွေးတွေ ချေပေးရောလား။

"ဒီမှာ…ကိုထွန်းဝင်း၊ ခင်ဗျား လူ့ဘဝမှာတုန်းက သူဌေးတစ်တိုင်ပါ။ ဟော…ကြက်ယားနာရောဂါနဲ့ သေသွားတော့လည်း နတ်မင်းကြီးဖြစ်နေပြန်ပြီ။ ဒီလိုအဆင်ပြေတာတောင် ကျုပ်ကို မလိမ့်တစ်ပတ်နဲ့ လှည့်ချင်နေသေးတာလား"

"အင်…ဟင်…ဘာလှည့်ရမှာလဲ…"

နတ်မင်းက ဘာမှမသိတဲ့ပုံစံမျိုးနဲ့ ညောင်နာနာအသံထွက်လာတယ်။

"လှည့်တာပေါ့ဗျ…မြကြီးရာ၊ မင်းက နွမ်းပါးပါတယ်။ ငါအကြွေးမှတ်တယ်ဆိုတာ မင်း အဆင်ပြေပြေ စုမိဆောင်းမိဖြစ်အောင်ပါလို့ ဘုရားဒကာပါးစပ်ကြီးနဲ့ ပြောခဲ့တာလေ။ ခင်ဗျား ရောဂါအသည်းအသန်လို့ကြားတော့ ကျုပ် လာမတောင်းခဲ့ပါဘူး။ ဟော…ဆုံးသွားပြီဆိုတော့လည်း ပါးစပ်ပိတ်ထားပါတယ်။ ဒါပေမဲ့ ခု… နတ်မင်းကြီးဖြစ်ပြီး ပြန်လာတော့ ကျုပ်အကြွေးကို ပေးသင့်တာပေါ့"

"ဗျာ…ကျွန်တော့်အဖေက ဦးမြကြီးဆီမှာ အကြွေးဆပ်စရာရှိတယ်၊ ဟုတ်လား…"

နတ်မင်းကြီးငေးနေတုန်းမှာပဲ ထွန်းပုက အလန့်တကြား ဝင်မေး





တယ်။

"အားတော့နာပါတယ် မောင်ထွန်းပုရယ်၊ ဒါပေမဲ့ အကြွေးရှိတာက ရှိတာမဟုတ်လား"

"ဘာ…ဘာအကြွေးများလဲ…"

"အရက်ရောင်းတဲ့ကောင် ရောင်းတယ်ဆိုမှတော့ အရက်ကြွေးပေါ့ကွယ်"

ဦးမြကြီးစကားကြားတော့ ထွန်းပုတစ်မဟုတ်ဘူး ကြည့်နေတဲ့ ပရိသတ်ပါ ဟာခနဲ ရင်ဘတ်ဖိသွားကြတယ်။ ဘုရားဒကာ၊ ကျောင်းဒကာ၊ ဥပသကာဥက္ကဋ္ဌကြီး ဦးထွန်းဝင်းမှာ ဒါမျိုးအကျင့် ရှိစရာလား။

ထွန်းပုခမျာ အသားပါတဆတ်ဆတ်တုန်လာတယ်။

"ဒါ…ဒါ…ခင်ဗျားကြီး သက်သက် ကျုပ်အဖေအရှက်ကို ခွဲတာမဟုတ်လား"

"မ…မဟုတ်ရပါဘူး။ မင်းအဖေရှေ့မှာ ရောက်နေတာပဲကွယ်။ ဦးလေးက မျက်နှာပြောင်နဲ့ ဗြောင်ဘယ်လာလိမ်ရဲပါ့မလဲ"

"ဟုတ်တယ်အဖေ…ပြောဦးလေ…"

ထွန်းပုက ကနှားစီးခင်နိုင်ရဲ့ ပြားချပ်ချပ်ကိုယ်ခန္ဓာကို ကိုင်လှုပ်ရင်း အတင်းမေးတယ်။ လှုပ်ချက်က ပြုတ်တွက်မတတ်ဆိုတော့ ဟိုခမျာ နတ်သက်တောင်ကြွေမှာစိုးရရဲ့။

"ဟေ…ငါ…ငါတ…ဘာကိစ္စ အရက်ကြွေး…ဆပ်…ဆပ်ရမှာလဲ…"

မထင်မှတ်တဲ့ပြဿနာကြောင့် ကနှားစီးခင်နိုင်ခမျာ ဦးထွန်းဝင်း

www.burmeseclassic.com



ရဲ့ မာန်ဆွေး ထန်တွေတောင် ယောင်မေ့ပြီး ပျော့တိ ပျော့ဖတ်အသံ ထွက်လာတယ်။

"ဟာ...မင်းသောက်တာ မင်းဆပ်ရမှာပေါ့။ မြကြီး ဆင်းရဲတာ အားလုံးသိပါတယ်။ ဒါပေမဲ့ အချောင်မနိုက်ဘူး။ မြကြီး ဆီမှာ အချောင်နိုက်ရင်လည်း ဟိုက်ခနဲ အော်သွားရမယ်"

"ဦးမြကြီး...ခင်ဗျားကြီး လွန်လွန်းနေပြီနော်။ ကျုပ်အဖေ အရက်ကို သက်သက်လာခွဲနေတာလား"

"မင်းကိုတော့ အားနာပါတယ် မောင်ထွန်းပုရယ်။ ဒါပေမဲ့ မင်းအဖေ တာဝန်မဲ့လွန်းလို့ ပြောရတာပါ။ ဒီကိစ္စ ငါတင် မဟုတ်ဘူး မောင်တင်မြင့်ပါသိတယ်။ မင်းမယုံမှာစိုးလို့ ငါခေါ်လာတာ"

မောင်တင်မြင့်က သူ့ကြော်ငြာဝင်ပြီဆိုတော့ သွားလေးဖြဲပြီး မျက်ခွက်ရှေ့ တိုးတက်လိုက်တယ်။

"ဘာ...ဒါ ခင်ဗျားတို့နှစ်ယောက် ပူးပေါင်းကြံစည်တာပေါ့။ တင်မြင့်နဲ့ ကျုပ်အဖေက ဘယ်မှာတွေ့စရာရှိလို့လဲ"

"ဦးမြကြီး အရက်ဆိုင်ရဲ့နောက်ဘက်ခန်းထဲမှာ...အာ..."

မောင်တင်မြင့် ပြောပြီးမှ သူ့ပါးစပ်သူ အမြန်ပြန်ပိတ်လိုက်တယ်။ သူ့ခွက်ပုန်းတတ်တာ ကြော်ငြာပြီးသားဖြစ်သွားမှာပေါ့။

ထွန်းပုကတော့ ကနားစီးခင်နိုင်ဆီမှာ ဝင်နေတဲ့ သူ့အဖေ နှာခေါင်း သူ့ဆီရောက်သွားသလို ဆတ်ဆတ်တုန်နေပါရော။

"ဟေ့ကောင်...တင်မြင့်၊ မင်းတို့အကြံ ဒါအကုန်ပဲလား။ မင်းတို့ ဘယ်မှပြေးပေါက်မရှာနဲ့၊ ငါ ရွာလူကြီးနဲ့ တိုင်မယ်





ကွ..."

"ဟေ့ကောင်...ထွန်းပု၊ ဒါ...ဒါ..."

"တိုင်စမ်းပါစေ မောင်တင်မြင့်ရာ၊ ထွန်းဝင်းရောက်နေတာ အမှန်ဆိုရင် တို့ ဘာကြောက်စရာလိုမှာလဲ"

ရဲရဲကြီးပြောလိုက်တဲ့ ဦးမြကြီးစကားကြောင့် မောင်တင်မြင့် ငုတ်တုတ်မေ့သွားမတတ် ဖြစ်သွားတယ်။ ကိုယ်ခွက်ပုန်းဖြစ်ကြောင်း ရုံးတော်မှာ ကိုယ်တိုင်သက်သေပြရတော့မယ်လေ။ သေပြ...။

* * *

ရွာလူကြီး ဦးထိပ်ကွက်က အသက်အရွယ်ရလာပေမယ့် ရပ်ရွာလူထု အကျိုးအတွက်ဆို နုပျိုနေတုန်းပဲ။

သူ့သား ကျွဲပေါက် ချော့တစ်လှည့်၊ ခြောက်တစ်ခါ ဘယ်လောက် ဟန့်တားပါလည်း နည်းနည်းမှ တွေဝေတာမဟုတ်ဘူး။ ကိစ္စထူးတယ် ဟေ့ဆိုတာနဲ့ ရုံးကို ရှေ့ဆုံးကရောက်တာ သူပါပဲ။

ခုလည်း ရာအိမ်ခေါင်း ငထေကြီးနဲ့ ဆယ်အိမ်ခေါင်း ကိုကြွက်ပုတို့ ဘာတစ်ခုမှမပြောရဘူး၊ ဦးထိပ်ကွက်ပဲ ဦးဆောင်မေးနေတာ။

"ကိုယ့်တစ်ရွာတည်းသားအချင်းချင်း ရုံးမှာရှင်းရလောက်အောင် ဘာပြဿနာဖြစ်လို့လဲ"

"ကျွန်တော့်အဖေကို ဒီက ဦးမြကြီးနဲ့ တင်မြင့် ပူးပေါင်း သိက္ခာချလို့ပါ"

"ဟေ...သိက္ခာချရအောင် မင်းအဖေက ရဟန်းဝတ်သွားတာမှမဟုတ်တာ။ ဟိုးတစ်လက ဆုံးသွားတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးထိပ်ကွက်က အသက်ရလာတော့ တရားဘက်ကို ပိုအာရုံထား နေပြီလေ။ ဒါကြောင့်...တွေးလိုက်ရင် ဘာသာတရားပဲ ဦးစားပေး တာ။

"သိက္ခာချတယ်ဆိုတာက ရဟန်းဘဝက လူထွက်ခိုင်း တာမဟုတ်ဘူး။ ကျွန်တော့်အိမ်ပေါ်တက်ပြီး အရက်ကြွေး တောင်းတာကို ပြောတာ"

"မင်းအဖေက မင်းအိမ်ထက်ရောက်နေတော့ အိမ်ပေါ် တက်တောင်းရတာပေါ့။ မဟုတ်ရင် ငါ့ဆိုင်နဲ့ ငါတောင် မအားရပါဘူးကွယ်"

"ဒါ...သိက္ခာ...အဲ...စော်ကားတာပေါ့ဗျ"

"နေ...နေကြပါဦး။ ငါနားမရှင်းလို့ မေးပါဦးမယ်။ သေ သွားတဲ့ မင်းအဖေက ဘယ်လိုကဘယ်လိုနည်းနဲ့ အိမ်ပြန် ရောက်လာတာလဲ"

ဦးထိပ်ကွက်က ဦးမြကြီးနဲ့ ထွန်းပုစကားကို နားရှုပ်သွားတဲ့ပုံ ဖြတ်မေးတယ်။ ဒီကိစ္စက ဂမ္ဘီရဆန်လာပြီကိုး။

"အဖေကိုယ်တိုင်တော့ရောက်မလာဘူးပေါ့ အဘရယ်..."

"ဒါ...ဒါဆို စာထည့်ပေးလိုက်တာလား"

"ဟုတ်ပါဘူး၊ ကနားစီးခင်နိုင်က တစ်ဆင့် ဝင်ပူးပြီး ရောက်လာတာပါ"

"ဒါပဲလေ ကိုထိပ်ကွက်ရဲ့။ ကိုထွန်းဝင်း ရောက်မလာရင် ကျုပ် ဘာသွားတောင်းစရာလိုမှာလဲ။ ခုတော့ သူတကယ် ရောက်လာတယ်ဆိုတော့ တောင်းရပြီပေါ့။ ကျုပ်လိုလူအတွက် ငွေတစ်ထောင်က နည်းမှမနည်းတာ"





"အရက်ဖိုးဆိုတာက ဟုတ်မှမဟုတ်တာ"

ဦးမြကြီးနဲ့ ထွန်းပုတို့ လုပြောနေတဲ့စကားတွေကြားတော့ ဦးထိပ် ကွက် တွေခနဲဖြစ်သွားတယ်။ မြေနိမ့်ရာ လှံစိုက်ပြီး လိုက်ဆုံးဖြတ်လို့ မရဘူး။ ဦးထွန်းဝင်းဆိုတာ အများအမြင်မှာ ဘုရားဒကာ၊ ကျောင်းဒကာ ဆိုပေမယ့် သူနဲ့အတူတူ ခွက်ပုန်းယူနှက်ခဲ့တဲ့ရက်တွေဟာ အတိတ်မှာ ရှိခဲ့ဖူးတာပဲ။

ဦးထိပ်ကွက် ချောင်းတစ်ချက်ဟန့်လိုက်ပြီး...

"ကဲ...ကဲ...ဒီပြဿနာက ခုလောက်ကြီးထွားစရာ ဘာမှ မလိုဘူး။ ကာယကံရှင် ထွန်းဝင်းရောက်နေမှတော့ သူ့အသိ ဆုံးပေါ့"

"ကျွန်တော့်အဖေက ပေးစရာမရှိပါဘူးလို့ ပြောပြီးပြီ အဘ"

ထွန်းပုက အော်နိုင်သူအထာနဲ့ ဝမ်းပမ်းတသာ ဝင်ပြောတယ်။

"နေပါဦးကွယ်၊ ငါကိုယ်တိုင်မေးပါဦးမယ်"

ရွာလူကြီးဦးထိပ်ကွက်ကိုယ်တိုင်မေးမှာဆိုတော့ ကနားစီးခင်နိုင်ခမျာ ကိုယ်ခန္ဓာနောက်ကျို့ရင်း...

"ဟိုလေ...ဒါ...ဒါက..."

"သူငယ်ချင်းတွေဘာတွေ ငဲ့ညှာမနေပါနဲ့ အဖေရာ၊ အဖေ ပြန်မထွက်သေးတာ သားသိပါတယ်။ ရွာလူကြီးတွေ သံသယ ကင်းအောင် ရှင်းပြလိုက်စမ်းပါ"

ထွန်းပုကိုယ်တိုင် စကားနဲ့ချုပ်ပြောတော့ ကနားစီးခင်နိုင်က မဟုတ် တော့ပါဘူးလို့ ငြင်းမရတော့ဘူး။ နော့...တုန်ခွင့်လည်း မရသေးတော့

www.burmeseclassic.com



ရိုက်ပြီပေါ့။

"ငါ...ငါက ဒါ...ဒါမျိုး သူရာမေရိယကို ရှောင်ကျဉ်တာ ခင်းအသိပါ ထိပ်ကွက်ရာ"

"ဘာ...ငါ့ကို စော်စော်ကားကား ထိပ်ကွက်တဲ့လား၊ ခွေးမသားအခြောက်၊ မျက်နှာကို ပိတ်ကြောက်လိုက်ရ..."

"အဘ...အဘ...စိတ်ထိန်းပါဦးဗျ၊ ကိုယ်ခန္ဓာက အခြောက် ခင်နိုင်ပေမယ့် နာမ်ခန္ဓာက အဘသူငယ်ချင်း ဦးထွန်းဝင်းလေ"

ရှူးရှူးရှားရှား ဒေါပွသွားတဲ့ ဦးထိပ်ကွက်ကို ဘေးနားထိုင်မြဲနေတဲ့ တစ်ယောက်က အတင်းဆွဲထားလိုက်ရတယ်။ ဒီတော့မှ သတိရသွား သလိုမျိုးနဲ့...

"အေး...အေး...မှတ်စိတ်လေး လွတ်သွားလို့ကွဲ့၊ ဒါနဲ့ မင်းက ထွန်းဝင်းဆိုတာ သေချာလား"

"အေးပေါ့ကွ..."

ကနားစီးခင်နိုင်က ပွဲအတွေ့အကြုံ ရင့်လာတဲ့သူပီပီ ဦးထိပ်ကွက်ကို ရိုက်ကြည့်ပြီး တည်တည်ငြိမ်ငြိမ်ပြောလိုက်တယ်။

"ဒါဆို မင်း မြကြီးကို အရက်ကြွေးပေးဖို့ ရှိခဲ့လား၊ မရှိခဲ့ဘူးလား"

"တောက်တီးတောက်တဲ့ဖြစ်စရာလား။ အရက်ကို လူ့ဘဝ တုန်းက စိတ်နဲ့တောင် မပစ်မှားဖူးခဲ့ဘူး"

"ကဲ...ကျေနပ်ပြီမဟုတ်လား။ ဒီတော့ ကျွန်တော့်အိမ်ပေါ် တက်စော်ကားခဲ့တဲ့ ဦးမြကြီးနဲ့ တင်မြင့်ကို ခွေးခေါင်းဓားစက် ...အဲ...ကြီးလေးတဲ့အပြစ်ပေးပါ"





"မင်းအဖေပြောစကား အမှန်ဆိုရင်တော့ မပေးစရာ ဘာမှမရှိဘူးကွဲ့"

"အာ...သေချာပြန်မေးပါဦး။ ကျုပ်ဆိုင်မှာ ကိုထွန်းဝင်းနဲ့ ခွက်ပုန်းသောက်ဖော်သောက်ဖက် တင်မြင့်လည်း ရှိပါတယ်။ အကြွေးမှတ်သောက်ခဲ့တယ်ဆိုတာ သက်သေရှိပါတယ်"

ဦးမြကြီးက အတင်းဝင်ကန့်ကွက်တယ်။ ထွန်းပုတို့ဘက်က နိုင်သွားရင် အရက်ဖိုးတင် ဆုံးမှာမဟုတ်ဘူး။ နောက်ဆက်တွဲတွေက ပက်ပက် စက်စက်လာတော့မှာ။

"ဘာမေးစရာလိုသေးလို့လဲ။ ကာယကံရှင်ကိုယ်တိုင်က မဟုတ်ပါဘူး ငြင်းပြီးပြီပဲ"

ထွန်းပု အသာစီးရတုန်းမို့ နိဂုံးမြန်မြန်ချုပ်အောင် အုပ်ပြောလိုက်တယ်။ ဦးထိပ်ကွက်နဲ့ နှစ်ယောက်ကွာလောက်မှာ ထိုင်ငေးနေတဲ့ ငထေကြီးက ဖျတ်ခနဲလက်ဝါးကို စားပွဲခုံပေါ် ရိုက်လိုက်ရင်းက...

"ဒီလိုဆို အလှည့်ကျငြင်းနေကြဦးမှာပဲ။ ဦးထွန်းဝင်း ဆိုတာလည်း တကယ်ကို ဘုရားဒကာ၊ ကျောင်းဒကာမှန်း အားလုံးအသိပဲ။ ဦးမြကြီးကျတော့လည်း စကားတစ်ခွန်းကို အမှားအယွင်းမရှိအောင်နေတာ အားလုံးအသိလေ"

"အင်း...ဒါဆို ကျုပ်တို့က ကြားကနေ စိုက်ထုတ်ပေးရ မှာလား"

ကိုကြွက်ပုက ပြုံးပြုံးပျာပျာမေးလိုက်တယ်။ သူက ရွာအုပ်ချုပ်ရေး ကော်မတီအဖွဲ့ထဲမှာ အချို့တဲ့ဆုံးမဟုတ်လား။ ငထေကြီးဘေးကို အတော်ခဲခဲ လှည့်ကြည့်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမေးစရာလိုမှာလဲ။ ကျုပ်စိတ်ထဲ ဒီကနားစီးအခြောက် မျက်နှာကြည့်ရင်း ဟိုဒင်းဖြစ်လာတယ်..."

"ဗျာ...မ...မလုပ်နဲ့လေ၊ ဒါမျိုးက ဆေးမရှိဘူးဗျ"

"ကိုကြွက်ပုကလဲဗျာ၊ ဘာစဉ်းစားတာဝုံး၊ ကျုပ်က မသက်ဘူးလို့ ပြောတာ။ ဒီကောင့်စိတ်က ဦးထွန်းဝင်းဆိုတာ သေချာလို့လား"

ငထေကြီးစကားကြားတော့ ကနားစီးခင်နိုင်က ကိုယ်ခန္ဓာ တဆတ်ဆတ်ယိမ်းထိုးရင်းက...

"သား...ထွန်းပု၊ လူသားတွေကြားမှာ စကားနားထောင်ရတာ အမှေ့နတ်ပါဝါကျတယ်။ ညနေစာ...အဲ...နတ်ညီလာခံလည်း နီးပြီဆိုတော့ အဖေ ပြန်ကြွလိုက်ဦးမယ်ကွဲ့"

"ဟော့...ဟော့...မင်းက နတ်ပြည်မှာ အေးအေးမနေဘဲ လူ့ပြည်ပြန်လာပြီး ကြွားလို့ ဒီပြဿနာဖြစ်တာ၊ မပြန်နဲ့ဦး..."

ဦးထိပ်ကွက်ရဲ့ ဝေါက်ဆတ်ဆတ်အသံကြားပေမယ့် ကနားစီးခင်နိုင်က မျက်နှာမော့၊ ရင်မောက်ဆဲပဲ။ အဲ...သူမှမဟုတ်တာ၊ ဦးထွန်းဝင်းနာမ်ခန္ဓာဆိုတော့ မော့နိုင်၊ မောက်နိုင်တာပေါ့။ ပြီး... မော့ရုံ၊ မောက် တင်မကဘူး...

"လူသားက နတ်ကို ဒီလိုဟန့်တားလို့ ရမလား။ နေဖူးစားဖူးကြတဲ့ ရေစက်ကြောင့် ဒီတစ်ခါ ခွင့်လွှတ်ပေးလိုက်မယ်၊ မဟုတ်ရင်တော့...ဟယ်..."

"ဒီမှာ ဦးထွန်းဝင်း၊ ခင်ဗျား မကြီးကျယ်နဲ့ ရေမြေသနင်းပြည့်ရှင်မင်းဆိုတာ သိကြားမင်းကိုတောင် ချက်ချင်း ခေါ်လို့ရ





တယ်။ ခင်ဗျားလောက် အဆင့်နတ်ကိုတော့ ထပ်တစ်ရာပလာတာလို မွမွကြေအောင် ရိုက်လို့ရတယ်၊ ဟွန်း..."

လက်ဝါးထောင်ပြရင်း ရှေ့အတင်းတက်လာတဲ့ ကိုကြွက်ပုစကားကြောင့် ကနားစီးခင်နိုင် မျက်သငယ်အိမ်ထိုင်သွားရော။

"အေး...ဒီပြဿနာ မအေးခင်မှာ ပြေးဖို့မလုပ်နဲ့၊ ပြေးခဲ့ရင် ရွာလူကြီးအမိန့်နဲ့ ခေါ်ပြီး နွားကြိမ်လုံးနဲ့ကို တီးပစ်မယ်"

ငထေကြီးကလည်း ပိုသေချာအောင် စကားနဲ့ထပ်ချုပ်လိုက်တယ်။ ဒီလိုဆိုတော့ ကနားစီးခင်နိုင်က ခွေးတစ်အုပ်နဲ့ ကြောင်တစ်ကောင်လို ချောင်ကုပ်မှိုင်ကျသွားတော့တာပဲ။ ဟိုက ကြိမ်နဲ့ထဆွဲရင် သူ့ကျောပဲထိမှာ။

'ဟို...ဟို...အဲလိုတော့ မလုပ်ကြပါနဲ့ခင်ဗျာ။ ကျွန်တော့်အဖေ အရှိုးရာနဲ့ နတ်သဘင်ညီလာခံတက်ရရင် ဝိုင်းဟားတာခံနေရပါဦးမယ်"

"စိတ်ချစမ်းပါ ထွန်းပုရာ။ ပြောသလိုမနေဘူးဆို မီးခိုးထွက်အောင်ကို ရိုက်မှာပဲ"

ငထေကြီးရဲ့ အာမခံဖြေရှင်းချက်စကားကြားတော့ ကနားစီးခင်နိုင် မျက်ရည်တောင်ဝိုင်းသွားတယ်။ ဒီတစ်ခါ ထွက်ပေါက်က အသူရာချောက်နက် ဖြစ်သွားပြီမဟုတ်လား။

နတ်ကိုချုပ်ပြီးပြီဆိုတော့ လုပ်ငန်းသဘောကို အားလုံး စိတ်ပြန်လှည့်လာကြတယ်။ သူရေးတဲ့ဇာတ်ကို သူပြန်ကဇာတ်သိမ်းမှလှမယ်စိတ်ကူးနဲ့ ငထေကြီး စ,ပြောတယ်။

"ခုပြဿနာမှာ ဦးထွန်းဝင်း တကယ်ရောက်လာ၊ မလာက အဓိကပါပဲ။ ဒီတော့ ကနားစီးခင်နိုင်ပါးစပ်က ဦးထွန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



ပါလို့ ပြောတာနဲ့တင် ကျေနပ်လို့မရတော့ဘူး”

“အေး…မင်းပြောတာ ငါသဘောကျတယ်၊ အရက်ကို စိတ်နဲ့တောင် မပြစ်မှားခဲ့ဖူးပါဘူးလို့ပြောတာ ထွန်းဝင်း မဟုတ်တာလိုပဲ”

ဦးထိပ်ကွက်က အစီအစဉ်ကို လက်ခံရင်း သူ့မကျေနပ်ချက်ကို ဖွင့်ပြောတယ်။ ဒီလိုပြောလေ၊ ဦးမြကြီးနဲ့ မောင်တင်မြင့်က အားရှိလေပဲ။

“ကဲ…ဒီလိုဆို ထွန်းပု အရင်မေးကွာ”

“ဟင်…ကျွန်…ကျွန်တော်က ဘာမေးရမှာလဲ”

“ကြောင်ပါ့ ထွန်းပုရာ၊ မင်းအဖေ မသေခင်က မင်းကို မှာခဲ့တဲ့စကားဖြစ်ဖြစ်၊ မင်းတို့သားအဖနှစ်ယောက်တည်းသိတဲ့ ကိစ္စဖြစ်ဖြစ် မေးကြည့်ပေါ့။ အဲဒီမေးခွန်းကိုဖြေနိုင်ရင် ကနားစီးအခြောက်ခန္ဓာထဲဝင်နေတာ မင်းအဖေ သေချာတာပေါ့”

ထွန်းပု တွေခနဲစဉ်းစားလိုက်တယ်။ ဟုတ်ပါ့၊ ဒါ သူ့အဖေနာမ်ခန္ဓာ မှန်လို့လား။ ကနားစီးခင်နိုင်အပြောမှာ မျောပါရင်း ယုံကြည်ခဲ့တာပဲ ငထေကြီးပြောသလို မေးလိုက်တာလည်း မမှားပါဘူး။

“အ…အဖေ…ကျွန်တော့်ကိုအပ်ထားတဲ့ လျှို့ဝှက်ချက်က ဘာလဲ…”

မေးခွန်းကိုကြားတော့ ကနားစီးခင်နိုင် မျက်ရည်ဖြိုင်ဖြိုင်ကျရင်းနဲ့…

“ရွှေ…ငွေ…လက်ဝတ်ရတနာ…အတွင်းပစ္စည်းတွေပေါ့ သားရယ်”

“ဗျာ…”





“ဘာလဲ…ငါ့သားကို ပစ္စည်းအရေအတွက်ပါ အတိအကျ ပြောပြရမှာလား”

ထွန်းပုခမျာ ဝေခွဲမရမျက်နှာနဲ့ ဘာဆက်ပြောရမှန်းတောင် မသိတော့ဘူး။ သူ့အဖေအပ်ထားတဲ့ လျှို့ဝှက်ချက်က ပွေးကွက်မှာလိမ်းတဲ့ ယားနာပျောက်ဆေးပုလင်းပါ။ သူတို့ဆွေစဉ်မျိုးဆက် ထိန်းသိမ်းလာတာတဲ့။ ဒီအချိန်မှာပဲ ဦးထိပ်ကွက်က…

“ဟော့ကောင်…ထွန်းဝင်း၊ မင်းနဲ့ငါ ဆရာတော်ကျောင်းမှာ ကျောင်းခွေးဝင်လုပ်နေတုန်းက လင်မယားလုပ်တမ်းကစားတာ မှတ်မိလား”

“ဟုတ်…ဟုတ်…အဲ…အေး…မှတ်မိပါတယ်”

ဦးထိပ်ကွက်စကားကြောင့် နားထောင်နေတဲ့လူတွေ ကျိတ်ပြီး တခွိခွိ ရယ်ကြတယ်။ ဒါပေမဲ့ ကနားစီးခင်နိုင်ကတော့ ချွေးပြန်ပြီး အသံတောင် တုန်နေတာ။

“မှတ်မိရင် မိန်းမဘယ်သူလုပ်ခဲ့တာလဲ ပြောပြစမ်း”

“ဟို…ဟို…မင်း…မင်း…”

“ဘာ…”

အာခေါင်ခြစ်အော်သံက ထွက်လာတယ်။

“အဲ…ငါ…ငါ…”

“ရွာတောင်ပိုင်းက မိတင်ထွေးတို့ညီအစ်မကိုခေါ်ပြီး မိန်းမလုပ်ခိုင်းတာလေ။ လူကြီးတွေသိလို့တောင် ရိုက်ခံခဲ့ရသေးတာပဲ”

“အေး…အေး…ဟုတ်ပါ့။ ငါတောင် ဒကာပိပြီး နှစ်ရက်



www.burmeseclassic.com

www.burmeseclassic.com



လောက်မှားခဲ့သေးတယ်”

အဆင်ပြေအောင် စကားထောက်ဝင်ပြောတဲ့ ကနားစီးခင်နိုင်စကားကို ကြားတော့ ဦးထိပ်ကွက်က တစ်ချက်ပြုံးလိုက်တယ်။ သက်သေခေါ် စရာမလိုဘဲ အဖြေထွက်ပြီပေါ့။

“ကဲ…ကြွက်ပုနဲ့ ငထေကြီး၊ ဒီကောင်…ခင်နိုင်ကို ရုံးအောက်က ခြောက်ပေါက်မှာ သွားထည့်လိုက်တော့”

“အင်…ဟင်…ဘာ…ဘာဖြစ်လို့လဲ၊ သူများ…အဲ …ငါ …ထွန်းဝင်း အမှန်ပါ၊ သား…အဖေ့ကို ကယ်…ကယ်…”

ထွန်းပု မျက်နှာကြီးညိုပြီး တစ်ဖက်ကိုလှည့်နေတယ်။ ဦးထိပ်ကွက်က နံရံမှာအသင့်ချိတ်ထားတဲ့ ကြိမ်လုံးဆွဲယူရင်း…

“ငါနဲ့ထွန်းဝင်းက ဘယ်တုန်းကမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတည်း အတူတူနေဖူးတာမဟုတ်ဘူး၊ သူက အနောက်ပိုင်းကျောင်း၊ ငါက အရှေ့ပိုင်းကျောင်း၊ လင်မယားလုပ်တမ်း အတူကစားဖို့တော့ ထားတွေ့တာနဲ့ လေးဂွဆွဲပြီး ဦးအောင်ပစ်ပြေးကြတာ။ အဲလောက်ချစ်ခဲ့တာဟ။ ဟား…ဟား…”

“ဒါဆို ခင်နိုင်ကို ကိုထွန်းဝင်း နတ်ပြည်က ဝင်ပူးတယ်ဆိုတာ မမှန်ဘူးပေါ့”

“မမှန်လို့ မင်းရှေ့မှာ ခြောက်ပေါက်ထဲ ထည့်ခိုင်းလိုက်တာပေါ့ မြကြီးရာ။ မင်းက ဒီကောင့်အတွက် ကြေကွဲနေလို့လား”

“ဒါ…ဒါဆို ကျုပ် အရက်ကြွေးရဖို့ ဝေးပြီပေါ့”





“ဒီ…ဒီမှာ ဦးမြကြီး၊ ဒါကိုပြောပြန်ပြီလား”

ဘယ်ကိုထွက်ရမှန်းမသိဖြစ်နေတဲ့ ထွန်းပုရဲ့ဒေါသတွေ ဦးမြကြီးဆီကို လှည့်လာတယ်။ အခြေအနေကိုသုံးသပ်မိတဲ့ မောင်တင်မြင့်က…

“လာစမ်းပါဦး မြကြီးရာ၊ အသေးအမွှား အရေးထားနေရင် ကြီးမားတဲ့အခွင့်အရေးတွေကို လွတ်သွားတတ်တယ်။ ဒီအချိန် ခင်ဗျားဆိုင်မှာ လူစည်နေလောက်ပြီ”

“အေး…အေး…ဟုတ်တယ်။ ဒါ…ဒါ…ဒါပေမဲ့ နောက်…နောက်တစ်ခါ ကိုထွန်းဝင်း အမှန်တကယ်လာရင် မင်း သက်သေခံပေးရဦးမယ်နော်၊ ငါ ကျေးဇူးမမေ့ပါဘူး တင်မြင့်ရာ၊ အကျိုးဆောင်ခ…ခ…တကယ်ပေးမှာပါ…”

“တောက်…”

နောက်ကျောကပေါ်လာတဲ့ မာမာထန်ထန်တောက်ခေါက်သံကြီးကြောင့် မောင်တင်မြင့်က ဦးမြကြီးကို အတင်းဆွဲပြီး ရုံးပေါ်က ပြေးဆင်းတယ်။

ဦးမြကြီးကျေးဇူးစကားက ဒီထက်ပိုကြာရင် ခြောက်ပေါက်နဲ့ ညားတော့မှာ။ ခြေနတ်နောက်ကျနေရင် အကျိုးဆောင်ခအတွက် ကြိမ်ဒဏ်လောက်တော့ ဖြစ်လာနိုင်တယ်လေ။

တင်မြင့်ဦး



www.burmeseclassic.com

www.burmeseclassic.com



# အရှုံးအမြတ်နှင့် အဆုံးအဖြတ်

ပြည့်ပိုင်မှူးအိမ်

ဂျိုကာ

www.burmeseclassic.com

www.burmeseclassic.com






"မိသင်း၊ နင် အဲဒီလူကြီးနဲ့ သိပ်မတွဲပါနဲ့ဟာ"

"ဘာဖြစ်လို့လဲ"

နှုတ်ခမ်းကို ဆတ်ခနဲမဲ့ရင်း သူမက မေးခွန်းပြန်ထုတ်သည်။

"နင့်ကို အခု လူတွေက ဘယ်လိုပြောနေကြလဲ သိလား။ နောက်ဆုံးပေါ်ကားစီးပြီး ဟမ်းဖုန်းလက်က မချတဲ့ ရုပ်ဆိုးဆိုး အသက်ကြီးကြီး ဘော့စ်အဖိုးကြီးနဲ့ တွဲနေတဲ့ နင့်ကို ဘယ်လို မိန်းကလေးလဲဆိုတာ ကလေးတောင် သိတယ်တဲ့ ဘာညာ ဘာညာပေါ့ဟာ"

သူ၏အဆိုကြောင့် သူမမျက်နှာ ကွက်ခနဲပျက်သွားသည်။ သို့သော် ချက်ချင်းဆိုသလို ခနဲ့အပြုံးကိုပြုံးရင်း...

"ဟုတ်တယ်လေ၊ အဲဒီအဖြေကို နင်ရော ငါပါ သိနေကြတာပဲ"

"မိသင်းရာ"

မချင့်မရဲဆိုရင်း သက်ပြင်းခပ်ကြမ်းကြမ်းချဖြစ်သော သူ့ကို သူမက မသိမသာခေါင်းမော့ထားရင်း မမြင်ယောင်ပြုသည်။ ပြီး အံကိုကြိတ် ရင်းက...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေဘာပြောပြော ငါ ဂရုမစိုက်တော့ပါဘူး နိုင်လင်း၊ လောလောဆယ် ငါ့ခေါင်းထဲမှာရှိတာက အခု ငါငှားနေရတဲ့ တိုက်ခန်းကို ငါဝယ်နိုင်တော့မယ်။ သိပ်မကြာခင်မှာ ဟန်းဖုန်းတစ်လုံး ငါရမယ်။ အရင်ကလို မိသားစုစရိတ်ကို ပျာနေအောင် ရှာနေစရာလည်း မလိုတော့ဘူး။ ငါဝါသနာပါတဲ့အလုပ်ကိုလည်း နောက်ဆံမတင်းဘဲ လုပ်လို့ရတော့မယ်။ ငါ ရှေ့ပတ်ထဲမှာ ကြော်ငြာသုံးခုလောက် ရိုက်ဖို့ ရှိတယ်"

သူမက စကားကိုဖြတ်ရင်း အအေးကိုသောက်သည်။ ပြီး မျက်နှာဆတ်ခနဲမဲ့ကာ မချိပြုံးပြုံးလိုက်ရင်းက...

"အခု ငါ့ကိုဝေဖန်နေတဲ့ ပတ်ဝန်းကျင်ကလူတွေကို ငါ ဂရုမစိုက်ဘူး။ နိုင်လင်း တကယ်တော့ သူတို့က ငါ့အတွက် ဘာအထောက်အပံ့မှ ပေးနိုင်တဲ့လူတွေမဟုတ်ဘူး။ ဒီအနေအထားကိုလည်း ငါက ဖန်တီးချင်လွန်းလို့ ဖန်တီးထားတာမှ မဟုတ်တာ။ ဘာပဲပြောပြော နင်ငါ့ကို အခုလို စိုးရိမ်ပေးတဲ့အတွက် ငါကျေးဇူးတင်ပါတယ်ဟာ"

"ကျေးဇူးတင်တယ်တဲ့လား"ဟုတွေးရင်း သူ့ရင်ထဲက နာတာတာကြီးဖြစ်သွားရ၏။ "သွားတော့မယ်နော်"

ဟု နှုတ်ဆက်ကာ ထွက်သွားသော သူမကို လှမ်းကြည့်ရင်း သူ့ သက်ပြင်းကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ချဖြစ်ပြန်သည်။ တစ်ဝက်ကျော်ကျော် ကျန်သေးသော အအေးဖန်ခွက်နှင့် ၎င်းဖန်ခွက်အောက်မှာ သူမ ဖိထားခဲ့သော ထောင်တန်အသစ်စက်စက်နှစ်ရွက်ကို အခဲပွာယ်မဲ့စွာ ငေးကြည့်နေဖြစ်သည်။

❊ ❊ ❊





"သိလား နိုင်လင်း၊ ကြော်ငြာရိုက်တာ ထင်သလောက် မလွယ်ဘူးတဲ့။ ဒါပေမဲ့ ပျော်စရာတော့ကောင်းတယ် သိလား။ အဲဒီဒါရိုက်တာကပဲ ငါ့ကို VCD နှစ်ပုဒ် ခေါ်ရိုက်ပေးဦးမှာတဲ့။ ငါ့အလားအလာက ဒီလောက်ဆို မဆိုးဘူးလို့ ပြောရမှာပေါ့နော်"

ငုံထားသောအအေးကို သူ တော်တော်နှင့် မျိုချ၍မရ။ ရင်ထဲမှာ နင်တင်တင်ကြီးဖြစ်ရကာနေသည်။ သူမကတော့ အဆုံးစွန်တက်ကြွသော အမူအရာတို့ဖြင့် စကားတို့ကို အမျိုးမပြတ်အောင် ဆိုနေဆဲ။ နောက်ဆုံးတော့ အဆုံးသတ်မှာ သူမက...

"နင်လည်း အလုပ်ရှာဦး နိုင်လင်း"

ဟု ဆိုသည်။

"ငါအလုပ်ရပြီဟ"

တက်ကြွမှုမရှိသော သူ့စကားကို သူမက...

"ဟုတ်လား၊ ဘာအလုပ်လဲ"

ဟု ဝမ်းသာဟန်ဖြင့် ပြန်မေးသည်။

"ဒရိုင်ဘာ"

သူ့စကားကြောင့် သူမက နှာခေါင်းရှုံ့သည်။

"နောက်ဆို နင်နဲ့ငါ ဒီလိုအအေးဆိုင်ထိုင်ဖို့တောင် အချိန်မရလောက်တော့ဘူး"

သူ့စကားကို ခေါင်းညိတ်ပြရင်း သူမက ဟမ်းဖုန်းကို လှည့်ပတ်ကိုင်တွယ်လို့နေသည်။

"ငါလည်း ငါ့အစ်ကိုကြီးနဲ့ သိပ်အဆင်မပြေတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး"

ဟူသော အခေါ်အဝေါ်ကြောင့် သူ ဟက်ခနဲရယ်ဖြစ်သည်။ ဦးလေးအရွယ်ထက်ပင်မက ကျော်လွန်နေသူတစ်ဦးကို "အစ်ကိုကြီး" ဟု သူမ သက်သောင့်သက်သာပင် ခေါ်နိုင်စွမ်းလေသည်။

"ကိစ္စတော့မရှိပါဘူး၊ သူ့ဘာကိုမှ ရှာလို့မရတော့ဘူး။ တိုက်ခန်းရော ဒီဖုန်းပါ ငါ့နာမည်နဲ့ ငါ့အပိုင်ဖြစ်နေပြီပဲဟာ"

ခေါင်းမော့ရင်း အဆိုမှာ သူမနားနှစ်ဖက်မှ စိန်တို့က တဖျပ်ဖျပ် လက်ထွက်လာသည်။

"ဒါနဲ့ ငါပြောပြဦးမယ်။ ငါနဲ့ ကြော်ငြာရိုက်တဲ့ မင်းသား ကလေ… … …… …"

သူမ၏စကားတို့ကို မကြားတစ်ချက်။ အရင်က သနပ်ခါးပါးကွက်ကျားနှင့် သူမကို ကာလာစုံခြယ်ထားသော ရောင်စုံမျက်နှာကြီးဖြင့် သူမြင်နေရသည်။ အဖြူထည်သက်သက်ဖြစ်သော သူမသည် အခုတော့လည်း အရောင်မျိုးစုံတို့ဖြင့် ကစားတတ်နေပြီဖြစ်သည်။ သူထုံးစံအတိုင်း သက်ပြင်းကိုသာ ခပ်ကြမ်းကြမ်းချဖြစ်သည်။

☼ ☼ ☼

"သား အခုတလော အဝတ်အစားသစ်တွေ သိပ်ဝတ်နေသလိုပဲ"

"အင်း…ဟို…သားတို့သူဌေး ဝယ်ပေးတာတွေပါ။ မကြီးက သိပ်သဘောကောင်းတာ မေမေရ"

အင်္ကျီလည်ပင်းမှ ကြယ်သီးကို သူ ကမန်းကတန်းဆွဲစေ့ရင်း ဆိုဖြ





သည်။ လည်ပင်းမှ ပလက်တီနမ်ကြိုးကိုမြင်လျှင် ခေတ်သိပ်နောက်မကျသော မေမေ့ထံမှ မေးခွန်းပေါင်းများစွာ ထွက်လာနိုင်သည်။

လက်သူကြွယ်မှ စိန်လက်စွပ်ကိုတော့ Company နှစ်ပတ်လည်နေ့က မဲပေါက်ခဲ့သည်ဟုဖြီးစဉ်က မေမေ သူ့ကိုကြည့်နေခဲ့သော အကြည့်ကို သူ အခုထိအမှတ်ရနေသေးသည်။ တကယ်တော့ ဒါတွေအားလုံး "မကြီး"ဝယ်ထားပေးတာတွေသာဖြစ်သည်။ မကြီးဟူသော ဝေါဟာရကိုတွေးရင်း မိသင်း၏ "အစ်ကိုကြီး"ဆိုသော အခေါ်အဝေါ်အပေါ်မှာ သူရယ်မောခဲ့ဖူးတာကို အမှတ်ရသည်။ ဟမ်းဖုန်းနှင့် ကားသော့ကို ပိုက်ဆံအိတ်နှင့်အတူ ဘောင်းဘီအိတ်ကပ်တွင်ထည့်ရင်း သူ ဂေလချွန်ဖြစ်သည်။

မကြီးဝယ်ပေးထားသည့် တော်တန်ရုံသူဌေးပင် မပတ်နိုင်သော သိန်းဆယ်နှင့်ချီသည့် စိန်စီထားသောနာရီကိုကြည့်ရင်း အိမ်မှထွက်ခဲ့ဖြစ်သည်။ အချိန်စောသေးသော်လည်း အချိန်တိကျမှုကို နှစ်သက်သော မကြီးအလိုကျ ကြိုရောက်နေသည်က ပိုကောင်းမည်ကို ကားအကောင်းစားကို မောင်းရင်း တောက်ပစွာထွက်လာသော သူ့ကိုကြည့်ရင်း လမ်းထဲမှ လူအတော်များများ အတင်းအုပ်ရန် ခေါင်းချင်းဆိုင်ကုန်ကြသည်ကို သူ မြင်နေရသည်။ အားလုံးကို ဂရုမစိုက်စွာပင် "ဟက်"ခနဲ သူရယ်မောဖြစ်သည်။ တကယ်တော့လည်း"နေတတ်လျှင် လောကကြီးက ကျေနပ်စရာ ကောင်းပါသည်"ဟု တွေးဖြစ်သည်။ သူ မိသင်းကို နည်းနည်းတော့ ကိုယ်ချင်းစာတတ်လာသလိုလိုရှိသည်။

"မိသင်း…နင် အခု ဟိုလူနဲ့ ဓာတ်လမ်းပြတ်ပြီဆို"

သူ့အမေးကို မိသင်းက ချက်ချင်းပြန်မဖြေ။ အတန်ကြာသည်အထိ မဲ့ပြုံးကိုပြုံးကာနေသည်။ ပြီးမှ…

www.burmeseclassic.com

www.burmeseclassic.com



"ပြတ်သွားတာမဟုတ်ဘူး နိုင်လင်း၊ လုံးဝကို အဆုံးသတ်သွားတာ၊ ပြတ်တယ်ဆိုတာက ပြန်ဆက်လို့ရသေးတယ်၊ ငါတို့က ဘယ်လိုမှ ဆက်စပ်လို့မရလောက်တော့အောင်ကို လုံးဝ အဆုံးသတ်သွားတာ"

ကြေကွဲနေဟန်တူသော သူမ၏မျက်ဝန်းတို့ကိုကြည့်ရင်း သူ စကားလမ်းကြောင်းလွှဲရန် ကြိုးစားဖြစ်သည်။

"ဒါနဲ့ နင့်အလုပ်ကရော အဆင်ပြေတယ်မဟုတ်လား"

"မဆိုးဘူးလို့ပဲ ပြောရမယ်ထင်တယ်။ ဒါပေမဲ့ အလုပ်ကလည်း ပါးတော့ အဝတ်အစားဖိုး၊ မိတ်ကပ်ဖိုးနဲ့ သိပ်တောင်မကာမိချင်ဘူး။ ရှုတင်သွားတော့လည်း Taxi နဲ့ဆိုတော့ အောက်တာပေါ့ဟာ၊ အခု အစ်ကိုကြီးကတော့ ကားကို လပေးနဲ့ ငှားပေးမယ်ပြောတာပဲ..."

"အခု အစ်ကိုကြီး"

ဟူသော သူမ၏ ဝေါဟာရကြောင့် သူ ပြုံးဖြစ်သည်။

"အခု အစ်ကိုကြီး"တွေ "အရင် အစ်ကိုကြီး"တွေနှင့် ရှုပ်ယှက်ခတ်နေသော သူမ၏ "အစ်ကိုကြီးများနှင့် သူမ၏ဇာတ်လမ်းတို့ကို တစ်မျိုးပြီး တစ်မျိုး မရိုးရအောင် အမြဲကြားနေရသည်ကို သူပင်လျှင် "လေးယောက်မြောက်မမ" ရနေပြီဖြစ်နေသည်ပဲလေ။

"နေပါဦး...ငါ့ကိုပဲ တောက်လျှောက်မေးခွန်းထုတ်နေတယ်။ ငါလည်း နင့်ကို မေးပါရစေဦး။ နင့်ရဲ့ အခု 'မမရဲ့ မောင်လေး'ဇာတ်လမ်းကိုပဲ ပြောပါဦးဟ၊ ငါ သတင်းအကုန်ကြားနေရတယ်နော်"





သူမက ဂုဏ်ယူစရာတစ်ခုကို သဘောထားကာ ပြုံးစိစိဖြင့် အမေးရှိသည်။ ရက်ပြုံးပြုံးဖြစ်ရင်း မလုံမလဲဖြင့် "ငါတို့က ရိုးရိုးပါ"ဟု ငြင်းချက်ထုတ်ဖြစ်သည်။

သူမကတော့ သူ့အဖြေကို ဟာသပြက်လုံးတစ်ခုကြားလိုက်ရသလိုမျိုး ပက်ပက်စက်စက်ကြီး ရယ်မောပစ်သည်။

"ဒရိုင်ဘာယယ် ချောချောလေးကို ရှိသမျှအခွင့် အရေးအကုန်ပေးပြီး လက်ပွန်းတတီးနေတဲ့ သူဌေးမကြီးနဲ့ နင့်ကို ပတ်ဝန်းကျင်ကတော့ "ရိုးရိုးပါ"လို့တွက်မယ်မထင်ဘူး နိုင်လင်း။ နင် ရှူးချင့်ယောင်ဆောင်မနေပါနဲ့ဟာ။ ဘာဖြစ်လဲ... ငါကတော့ ကိုယ့်ထမင်းကို ကိုယ်စားပြီး ကိုယ့်ဇာတ်ကို က,တယ်။ ဘယ်သူဘာပြောပြော ဂရုမစိုက်ဘူး။ ဒါပဲ..."

သူမ၏ဒဿနကို ဆက်တိုက်နားထောင်ရင်း သူ အိပ်ချင်လာသည်။

"ပြန်ရအောင်"ပြောရင်း ဒယီးဒယိုင်ဖြင့် ထရပ်သော သူ့ပခုံးကိုမှီရင်း သူမ လိုက်လာသည်။ စားပွဲပေါ်မှာ ရှင်းပေးခဲ့သော တစ်ထောင်တန်တို့ကို ရေတွက်ရင်း ဘီယာပုလင်းခွံနှင့် ပန်းကန်များကိုသိမ်းလျက် စားပွဲထိုးက သီချင်းတစ်ပုဒ်ကို ညည်းသည်။

✳ ✳ ✳

အဖျားမပြတ်သည်မှာ အတော်ကြာပြီဖြစ်သည်။ ဆေးခန်းမှ ဆရာဝန်က သွေးစစ်ရန်ပြောလာသောအခါ သူမ နည်းနည်းတော့ တုန်လှုပ်သွားသလိုလိုရှိသည်။ နာကျင်စွာပြုံးမိသောအခါ ဝမ်းနည်းမျက်ရည်တို့သည် မျက်ဝန်း၌ ဝေ့တက်လာလာသည်။ ချစ်လှပါချည်ရဲ့ဆိုသော အခုမောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အစ်ကိုကြီးကလည်း ဆေးခန်းပင် လိုက်မပို့တော့။ သူမ ပြဿနာ တစ်ခုခုဖြစ်လျှင် တိုက်ဆိုင်စွာပင် ပေါ်ပေါက်လာတတ်သော နိုင်လင်းကို ဖျတ်ခနဲ သူမ သတိရသည်။ အခုလို ဖျားနာချိန်မျိုးမှာ နားခိုခဲ့ဖူးသော နိုင်လင်း၏ ရင်ငွေ့နွေးနွေးကို သူမ ခိုနားချင်သေးသည်။ ဆေးရုံမှ ငွေရှင်းကောင်တာမှာ ဆေးဖိုးရှင်းနေသောညီမလေးကို စောင့်ရင်း သူမ ရောက်တက်ရာရာ လျှောက်ငေးနေမိသည်။ "ဖျက်ခနဲ" ရှေ့မှာရပ်သော ပုံရိပ်ကြောင့် သူမ မော့ကြည့်ဖြစ်သည်။ နိုင်လင်း...အံ့ဩဟန်ဖြင့် သူမကို ငုံ့ကြည့်ကာနေသည်။

"မိသင်း...ငါ တော်တော်လေး ပုံဖမ်းကြည့်ရတယ်။ နင် တော်တော်ပိန်သွားတာပဲ"

"အေး...နင် ဘာလား ုဟ်ဟာလဲ နိုင်လင်း"

သူမ၏အမေးကြောင့် နိုင်လင်း မျက်နှာ ဖွက်ခနဲပျက်လို့သွားသည်။ သူမ၏အမေးကို ချက်ချင်း သူ ပြန်မဖြေနိုင်သေး။ မျောင်းတဖွတ်ဖွတ် ဆိုးလို့နေသည်။ အတန်ကြာမှ...

"သွေးလာစစ်တာပဲ"

သူ့အဖြေအဆုံးမှာ ဘာရယ်မဟုတ် နှစ်ယောက်သား "ဖျတ်ခနဲ" အကြည့်ချင်းဆုံဖြစ်ကြသည်။ ဟောက်ပက်ဖြစ်နေသော တစ်ယောက်၏ မျက်ဝန်းကို တစ်ယောက်ကြည့်ရင်း တစ်ယောက်၏ရင်ထဲမှ အဓိပ္ပာယ် တို့ကို တစ်ယောက် အလိုလိုနားလည်ကာနေသည်။

"ငါ ဟိုတစ်နေ့က ဖုန်းဆက်သေးတယ်"

သူမလွဲသောစကားလမ်းကြောင်းပေါ် သူပါလိုက်လာသည်။ ပျက်သွားသော မျက်နှာကို ပြန်ထိန်းရင်း...





"အေး...ငွေလိုလို့ အဲဒီဖုန်းကို ရောင်းလိုက်ပြီဟ၊ ဆေးကုတာနဲ့ဟာ ရှိသမျှလည်း ပြောင်နေပြီ"

"ဟုတ်လား၊ ငါ့ဖုန်းလည်း မနေ့ကပဲ ရောင်းလိုက်ရတယ်"

သူမ၏စကားအဆုံးမှာ နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ရှိစွာ ပြုံးပြဖြစ်ကြသည်။ တစ်ယောက်ကို တစ်ယောက် အားပေးသောအပြုံးလား၊ နောင်တအပြုံးများလားဆိုတာကိုတော့ သူတို့နှစ်ယောက်သာ သိကြလိမ့်မည်ထင်သည်။ တကယ်တော့ ရောဂါလက္ခဏာများနှင့် သူတို့၏ရှင်သန်ခဲ့မှုသမိုင်းများ၊ လုပ်ရပ်များအရ ဆေးစစ်ချက် Result ကို စောင့်ကြည့်နေဖို့ပင်မလိုတော့ကြောင်း သူမရော သူပါ သိရှိနေကြပြီးသားဖြစ်သည်။ တကယ်တော့ လိင်မှုဆိုင်ရာ လူ့ဝတ္တရားနှင့် လူ့စည်းကမ်းတို့ကို ဖောက်ဖျက်သော လူသားများအတွက် AIDS သည် အချိန်ပြည့်ကြိုဆိုနေမှာပဲဖြစ်သည်။

အတ္တ၊ လောဘ၊ ဆန္ဒနှင့် ကျန်းမာရေးဆိုင်ရာအသိမရှိသောလူတို့၏ နိဂုံးသည် သိပ်များများစားစား မရှိကြောင်း ဓာတ်သိမ်းမလှတတ်ကြောင်း သိလိုက်ချိန်မှာ အရာရာသည် နောက်ကျနေပြီဖြစ်ကြောင်း သူမတို့နှစ်ဦး တွေးနေချိန်မှာ ဓာတ်ခွဲခန်းမှ သွေးစစ်ချက် Result နှစ်စောင်ကတော့ သူမနှင့် သူ့ဆီ လာနေကြပြီဖြစ်သည်။

ပြည့်ပိုင်မှူးအိမ်

❦



www.burmeseclassic.com